# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၃၇၉)


# နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကျင်းပ



နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးတွင် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

သီးသန့်အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်၊ အစိုးရနှင့် တပ်မတော်တို့မှ တာဝန်ရှိသူများ၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးယွက်ဆစ်၊ အတွင်းရေးမှူး ဦးစိုင်းငင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ခွန်ဥက္ကာ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻


**ရန်ကုန်စက်မှုတက္ကသိုလ် / ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသူကျောင်းသားဟောင်းများအဖွဲ့**

ရန်ကုန်စက်မှုတက္ကသိုလ်ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသူကျောင်းသားဟောင်းများအဖွဲ့မှပညာသင်ဆု/ပညာသင်ထောက်ပံ့ကြေးအတွက် လျှောက်လွှာခေါ်ယူခြင်း

အောက်ပါပညာသင်ဆု/ပညာသင်ထောက်ပံ့ကြေးများကိုရန်ကုန်နည်းပညာတက္ကသိုလ်သို့(၂၀၁၈-၂၀၁၉)ပညာသင်နှစ်မှစတင်ဝင်ရောက်မည့် ကျောင်းသားကျောင်းသူများအနက်သင့်လျော်သောအရည်အချင်းနှင့်ပြည့်စုံသူများအားကျောင်းပြီးဆုံးသည်အထိပေးအပ်ရန်အစီအစဉ်ရှိပါသည်။

၁။အမေရိကန်နိုင်ငံကာလီဖိုးနီးယားမြောက်ပိုင်းရောက် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများအသင်း Norcal RIT AA ပညာသင်ဆု

၂။KMD Foundation ပညာသင်ဆု

အထက်ပါပညာသင်ဆု/ပညာသင်ထောက်ပံ့ကြေးလျှောက်ထားလိုသူများသည်အမှတ်စဉ်၁အတွက်www.norcalritaa.orgသို့တိုက်ရိုက်သော် လည်းကောင်းအမှတ်စဉ်၁နှင့်၂အတွက်မြန်မာနိုင်ငံတွင်းလျှောက်ထားလိုသူများသည်ရန်ကုန်နည်းပညာတက္ကသိုလ်၊အဆောင်(၂)၊ မြေညီထပ်၊ အခန်းအမှတ်2-1-1ရှိကျောင်းသားဟောင်းရုံးခန်းတွင်လျှောက်လွှာရယူလျှောက်ထားနိုင်ပါသည်။လျှောက်လွှာလက်ခံမည့်နောက်ဆုံးရက်မှာ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ၊၉ရက် နေ့ဖြစ်ပါသည်။

အသေးစိတ်သိလိုပါက၊ဦးဝင်းထိန်ဦး - ၀၉၅၁၇၀၃၉၉/ ၀၉၅၁၅၂၁၁၄တို့ကိုဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့အလင်း

# သမိုင်းတွင်စေမည့် သီးသန့်အစည်းအဝေး

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့သည် မြန်မာ့သမိုင်း၌မှတ်တမ်းတင်ရမည့် နေ့ရက်တစ်ရက် ဖြစ်ပါသည်။ ဤရက်၌ နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ ဤသီးသန့်အစည်းအဝေးသည် မြန်မာ့သမိုင်း၌ ပထမဦးဆုံးအကြိမ်ကျင်းပသည့် သီးသန့်အစည်းအဝေးဖြစ်ပါသည်။ တစ်ဖန် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့သည် ပြီးခဲ့သည့် သမ္မတဦးသိန်းစိန်လက်ထက်၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈) ဖွဲ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် သုံးနှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ပါသည်။

အနာဂတ်အလားအလာကောင်းတို့ကို ဖော်ဆောင်ပေးမည့် အဆိုပါ အောက်တိုဘာလ ၁၅ ရက် သီးသန့်အစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီနှင့်ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများနှင့် ပတ်သက်သည့်ကတိကဝတ်များကို သဘောတူချမှတ်ရာ၌ စိတ်ရင်းစေတနာမှန်ဖြင့် ဆုံးဖြတ်နိုင်သည့် "သတ္တိ" ရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ ဤနေရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထောက်ပြသော "သတ္တိ" ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို နက်နက်ရှိုင်းရှိုင်းနားလည်ရန်လိုအပ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ ခေါင်းဆောင်တွေ ကိုယ်တိုင် တက်ရောက်လာကြတဲ့ ဒီကနေ့လိုအစည်းအဝေးမျိုးမှာ သတ္တိရှိရှိနဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းမရှိဘူးဆိုရင် ကျွန်မတို့ရဲ့ ပြည်သူတွေအပေါ် တာဝန်မကျေရာ ရောက်သွားစေနိုင်တယ်ဆိုတာကိုလည်း သတိပြုကြဖို့ လိုပါတယ်" ဟု ပြောကြားခဲ့ခြင်းသည် တိုင်းပြည်၏အမျိုးသားရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန် မည်ကဲ့သို့သော "သတ္တိ" ရှိရန်လိုအပ်သည်ကို ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှားညွှန်ပြနေပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လက်ရှိလျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးလမ်းကြောင်း၌ ရလဒ်ကောင်းများပေါ်ထွက်ရေးက မည်မျှအရေးပါသည်ကို အလေးအနက်ထား သတိပေးပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ရပ်မနေဘူး၊ ရှေ့ကိုဆက်ပြီး လျှောက်လှမ်းနေတယ်ဆိုတာကို သက်သေပြနိုင်ဖို့၊ ဒီကနေ့ သီးသန့်အစည်းအဝေးကနေ ရလဒ်ကောင်းတွေထွက်ပေါ်လာနိုင်ဖို့ ခေါင်းဆောင်များအားလုံးက သတ္တိရှိရှိ၊ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာနဲ့ ကြိုးပမ်းပေးကြပါ။ ဒီလိုကြိုးပမ်းကြရာမှာလည်း မိမိတို့ရဲ့စိုးရိမ်မှုတွေ၊ ပူပန်မှုတွေကို ပွင့်ပွင့်လင်းလင်းထုတ်ဖော်ဝေမျှပြီး ဒီစိုးရိမ်မှုတွေပြေပျောက်အောင် အားလုံးက ဝိုင်းဝန်းစဉ်းစားအဖြေရှာပေးကြပါ" ဟု ပြောကြားခဲ့ခြင်းသည် ရလဒ်ကောင်းများထွက်ပေါ်ရေး၏ အရေးပါမှုနှင့်အတူ ဤရလဒ်ကောင်းများရရှိရေးအတွက် ဆုပ်ကိုင်သင့်သည့်သဘောထားတို့ကို မီးမောင်းထိုးဖော်ပြနေပါသည်။

နေပြည်တော်၌ ကျင်းပလျက်ရှိသည့် ဤသီးသန့်အစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀)ဖွဲ့၏ ခေါင်းဆောင်များတက်ရောက်၍ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု၏ အရေးပါသောအခြေခံမူများဖြစ်သည့် ခွဲမထွက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တစ်ခုတည်းသောတပ်မတော်ထားရှိရေးတို့ကို ဆွေးနွေးမည်ဖြစ်ပါသည်။ အဆိုပါ သီးသန့်အစည်းအဝေးနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးမထားသည့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်း ရေးကော်မတီ (FPNCC) က "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးသဘောတူစာချုပ် (NCA) အပါအဝင် ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့် မည်သို့သောလမ်းကြောင်းမျိုးမှမဆို ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှအား အစဉ်အမြဲထောက်ခံပါကြောင်း" ကြေညာချက်တစ်ရပ်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့၌ ထုတ်ပြန်ခဲ့ပါသည်။ နိဂုံးချုပ် အနေဖြင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင်ပေးမည့် ကျင်းပလျက်ရှိသော ဤသီးသန့်အစည်းအဝေးကို လေးလေးနက်နက် ကြိုဆိုဂုဏ်ပြုပါကြောင်း ဝမ်းမြောက်ဝမ်းသာ တင်ပြအပ်ပါသည်။ ။

# ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၆ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)**
**ဒုတိယဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဦးကြည်မင်း | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) ဒေါက်တာရဲမြင့်ဆွေ | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) ဦးလှမော်ဦး | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၇ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)**
**နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော် ကောင်စီဥပဒေပုဒ်မ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးညီထွန်း ကို နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးအားလျော့နည်းနေမည်။

**မိုး / ဇလ**

# တရားမအထူးအယူခံမှု(၁၇)မှုကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု(၃)မှုနှင့် တရားမအထူးအယူခံမှု(၂)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု(၁၇)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှု (၃)မှု နှင့် တရားမအထူးအယူခံမှု(၂)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြိမ် (၃၀) မြောက် မြန်မာနိုင်ငံမျက်စိဆရာဝန်များ ညီလာခံကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

မျက်စိရောဂါဆိုင်ရာ ခေတ်မီကုထုံးများကို ပြန်လည်ဖြန့်ဝေရန်၊ မျက်စိဆရာဝန်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိရန်၊ နိုင်ငံတကာ မျက်စိပညာရှင်များနှင့် အသိပညာဗဟုသုတများ ဖလှယ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အကြိမ် (၃၀)မြောက် မြန်မာနိုင်ငံ မျက်စိဆရာဝန်များ ညီလာခံကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ယနေ့ကျင်းပသည်။ **(ဃာပုံ)**



ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းဗဟိုဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြနှင့် မြန်မာနိုင်ငံ မျက်စိ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်ဥမ္မာခိုင်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးနေဝင်းက " Quality Care and Patient Safety" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မျက်စိဆရာဝန်အသင်း၏ ရှေ့လုပ်ငန်းစဉ်များ ပါဝင်သည့် နှစ်ပတ်လည်ညီလာခံကို ကျင်းပပြီး မွန်းလွဲပိုင်းတွင် အတွင်းတိမ်ရောဂါ၊ ရေတိမ်ရောဂါ၊ ကလေးမျက်စိရောဂါ၊ မျက်ကြည်လွှာဆိုင်ရာ ရောဂါများ၊ လေဆာကုထုံးများ ပါဝင်သည့် စာတမ်း ၂၈ စောင်ကို ဖတ်ကြားတင်သွင်းကြသည်။

ညီလာခံနှင့်အတူ ကျင်းပသည့် ဆေးပစ္စည်းပြပွဲတွင် မျက်စိရောဂါ စမ်းသပ်သည့် စက်ကိရိယာများ၊ စက်ပစ္စည်းများ၊ မှန်ဘီလူးများ၊ ခွဲစိတ်ပစ္စည်းများ၊ မျက်တွင်းမှန်များ၊ မျက်စဉ်းအမျိုးမျိုး စသည်တို့ကို ပြခန်းပေါင်း ၄၀ ကျော်ဖြင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

**နန္ဒာဝင်း**
**ဓာတ်ပုံ- လူလူ**

# ဝါးခယ်မမြို့နယ် ဒေသခံပြည်သူများကို ဒသမအကြိမ်မြောက် စက္ခုပါလ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးမည်

**ဝါးခယ်မ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ မျက်စိရောဂါ ဝေဒနာခံစားနေရသူများအား ဒသမအကြိမ်မြောက်အဖြစ် စက္ခုပါလ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ စက္ခုပါလဆေးခန်း၌ နိုဝင်ဘာ ၂ ရက်မှစတင်ကာ သုံးရက်ကြာ စမ်းသပ် စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလ မျက်စိအခမဲ့ကုသရေး အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးကာ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် စမ်းသပ်စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း၊ လာရောက်၍ ဆေးခန်းပြသည့် သုံးရက်အတွင်း နေထိုင်ရေး၊ လူနာနှင့် လူနာစောင့်တစ်ဦးအတွက် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အမှုဆောင်အဖွဲ့နှင့်အတူ လုပ်အားဒါန ကုသိုလ်ပါဝင်လိုသူများ၊ မျက်စိတစ်လုံးစာအလှူရှင်အဖြစ် လှူဒါန်းပေးလိုသော အလှူရှင်များအနေဖြင့် မျက်စိခွဲစိတ်ခ၊ ဆေးဖိုးပါအတွက် ငွေကျပ် လေးသောင်းငါးထောင် လှူဒါန်းနိုင်ပြီး မိမိစေတနာ သဒ္ဓါတရားထက်သန်သလောက် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း၊ ဆက်သွယ်လှူဒါန်းလိုပါက စက္ခုပါလအသင်း ဥက္ကဋ္ဌ ဦးဝင်းတင် ဖုန်း-၀၉-၄၀ ၂၁၆၈၃၆၀၊ အတွင်းရေးမှူး ဦးစိုးတင့် ဖုန်း - ၀၉-၄၂၈၅၃၇၅၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**လှိမ်းသီဟ (ပြန်/ဆက်)**




နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

*✾ ရှေ့ဖုံးမှ*

ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ဥက္ကဋ္ဌ စောမိုရှေး၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) အတွင်းရေးမှူး ဒေါက်တာ နော်ကပေါ်ထူး၊ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကြာခွန်ဆာ၊ အတွင်းရေးမှူး ကြာဆော်လမွန်၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

သီးသန့်အစည်းအဝေးတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို စာမျက်နှာ-၆၊ ၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အမှာစကားကို စာမျက်နှာ- ၁၀၊ ၁၁ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများကိုယ်စား ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက အမှာစကားပြောကြားသည်။

**(ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ အမှာစကားကို စာမျက်နှာ-၁၂ တွင် သီးခြားဖော်ပြထားပါသည်။)**

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

**ဒုတိယပိုင်းဆက်လက်ကျင်းပ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အကျိုးဆောင်များအဖြစ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးယွက်ဆစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က ဆောင်ရွက်ကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး**

အစည်းအဝေး၌ ၂၀၁၈ ခုနှစ်တွင် ၂၁ ရာစုပင်လုံ ညီလာခံ (၁)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် ပင်လုံညီလာခံ(၂)ကြိမ် ကျင်းပမည်ဖြစ်ပြီး ယင်းပင်လုံညီလာခံ (၃)ကြိမ်မှ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများရရှိအောင် ဆောင်ရွက်မည့် အချိန်ဇယားနှင့် လုပ်ငန်းအစီအစဉ်များ၊ လက်ရှိ နိုင်ငံရေးဆွေးနွေးမှုပုံစံကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ရေး ကိစ္စရပ်များ၊ နိုင်ငံရေးဆွေးနွေးမှုတွင် ခေါင်းဆောင်များအကြား သဘောတူညီချက်ရရှိပြီး ဆက်လက်ဆောင်ရွက်မည့် ပုံစံကျင့်သုံးမည့်ကိစ္စရပ်များ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်အောင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆက်လက်ကျင်းပမည်**

အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူညီချက်ရရှိရန် လိုအပ်နေသည့် ကိစ္စရပ်များဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲမထွက်ရကိစ္စ၊ တစ်ခုတည်းသော တပ်မတော်ထားရှိရေးမူ ချမှတ်နိုင်ရေးကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့ နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**

သတင်းစဉ်



**နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေး ဒုတိယပိုင်း ကျင်းပစဉ်။**

သတင်းစဉ်

❒ *ကျောဖုံးမှ*

လမ်းလျှောက်ကြပြီး ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းအတိုင်း ရန်ကုန်မြို့တော်ခန်းမသို့ လမ်းလျှောက်ကြရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက မျက်မမြင်များနှင့်အတူ လိုက်ပါအားပေး လမ်းလျှောက်ခဲ့ကြသည်။

ယင်းလမ်းလျှောက်ပွဲသို့ ရန်ကုန်မြို့ရှိ မျက်မမြင်ကျောင်းများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မျက်မမြင်များအပြင် မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာ၊ မျက်မမြင်အကြောပြင် ပြန့်ပွားတိုးတက်ရေးဖောင်ဒေးရှင်း၊ ငွေလက်တော် ဂျပန်-မြန်မာအကြောပြင်၊ စစ်ကိုင်းမျက်မမြင်ကျောင်း၊ ပြင်ဦးလွင် ပရဟိတမျက်မမြင်ကျောင်း၊ မိတ္ထီလာရှေ့ဆောင်မျက်မမြင်ကျောင်း၊ မုံရွာရောင်ခြည်သစ် ပရဟိတမျက်မမြင်ကျောင်းနှင့် ကျန်းမာရေးဌာနသုံးဖွဲ့ အပါအဝင် စုစုပေါင်းအဖွဲ့ ၂၈ ဖွဲ့ပါဝင်ပြီး အမျိုးသား၊ အမျိုးသမီး ၁၃၄၅ ဦးနှင့် ကူညီဖေးမသူ ၄၇၆ ဦး စုစုပေါင်း ၁၈၂၁ ဦး ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ မျက်မမြင်များအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်မြို့တော်ဝန်က အမှာစကားပြောကြားပြီး လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော မျက်မမြင်များအား ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မျက်မမြင်ကလေးငယ်များအား မျက်မှန်များ တပ်ဆင်လှူဒါန်းပေးကြပြီး ရန်ကုန်မြို့ ခဝဲခြံမျက်မမြင်ကျောင်းမှ ၂၇ ကြိမ်မြောက်အဖြစ် ပါဝင်လမ်းလျှောက်ခဲ့သော အသက် ၅၁ နှစ်ရှိ ဦးစောသောင်းကြည်က “နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်လေးကို ပြည်သူတွေသိအောင်ဆိုပြီး လုပ်တဲ့ ပွဲလေးပါပဲ။ ဒီလိုပွဲလေးလုပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ကို ပြည်သူတွေ ပိုပြီးသိလာတယ်။ ဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အင်မတန်မှ ဝမ်းသာပါတယ်။ အခုတော့အများစုက ကျွန်တော်တို့ကို အားပေးလာကြပါတယ်” ဟု ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပါဝင်ဆင်နွှဲခဲ့ကြသော မျက်မမြင်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြည်သူ့ဥယျာဉ်သို့ ပို့ဆောင်ပေးခဲ့ပြီး တစ်နေ့တာ အပန်းဖြေစေခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ လုပ်ငန်းပေါင်း ၆၇ ခုနှင့် နိုင်ငံသားလုပ်ငန်းပေါင်း ၁၅၈ ခုတို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ လုပ်ငန်းပေါင်း ၆၇ ခုအား အမေရိကန်ဒေါ်လာ ၃၄၀၈ ဒသမ ၈၂ သန်းဖြင့် လည်းကောင်း၊ နိုင်ငံသားများမှ လုပ်ငန်းပေါင်း ၁၅၈ ခု တို့အား ကျပ်ဘီလီယံ ၄၈၀၀ ကျော်ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောကြားသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် နိုင်ငံတကာမှ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် အများဆုံးရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားများအနေဖြင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများတွင် အများဆုံး ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်ကျင့်သုံးနေသည့် ကုမ္ပဏီဥပဒေအသစ်တွင် နိုင်ငံခြားသားပါဝင်မှု ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးထားသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ အနေဖြင့် မိမိလုပ်ငန်းတွင် နိုင်ငံခြားသားများနှင့် ပူးပေါင်းလုပ်ဆောင်ခွင့်ရရှိပြီး ၎င်းတို့ထံမှ အရင်းအနှီးနည်းပညာ ကျွမ်းကျင်မှုနှင့် ဈေးကွက်ရရှိခြင်း အခွင့်အရေးများ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ စီးပွားရေးလုပ်ငန်းများအား နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ Mandalay Business Forum 2018 ကို နိုဝင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ Business Forum သို့ နိုင်ငံခြားသား ၂၀၀ ခန့် ဖိတ်ကြားကာ ကုန်ပစ္စည်းပြပွဲများ၊ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနေရာများကို လေ့လာကြည့်ရှုနိုင်ရန် လိုက်လံပြသမည့်အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။ **အေပီကေ(မန်းကိုယ်ပွား)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌတို့ သီးသန့်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၅**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ သီးသန့်တွေ့ဆုံကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့ သီးသန့်တွေ့ဆုံကြစဉ်။** သတင်းစဉ်

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

**တက်ရောက်**

ညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ အစိုးရနှင့် တပ်မတော်တို့မှ တာဝန်ရှိသူများ၊ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးယွက်ဆစ်၊ အတွင်းရေးမှူး ဦးစိုင်းငင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ခွန်ဥက္ကာ၊ ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်း၊ ချင်းအမျိုးသားတပ်ဦး(CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ဗဟိုကော်မတီဝင် စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)ဥက္ကဋ္ဌ စောမိုရှေး၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) အတွင်းရေးမှူး ဒေါက်တာ နော်ကပေါ်ထူး၊ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကြာခွန်ဆာ၊ အတွင်းရေးမှူး ကြာဆော်လမွန်တို့ တက်ရောက်ကြသည်။

**ညစာ အတူတကွသုံးဆောင်**

ညစာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။** သတင်းစဉ်

# ဒီကနေ့လို အစည်းအဝေးမျိုးမှာ သတ္တိရှိရှိနဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းမရှိဘူးဆိုရင် ကျွန်မတို့ရဲ့ ပြည်သူတွေအပေါ် တာဝန်မကျေပွန်ရာ ရောက်သွားစေနိုင်တယ်ဆိုတာကို သတိပြုကြဖို့လိုပါတယ်

နေပြည်တော် အောက်တိုဘာ ၁၅

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးတွင်ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ဒီကနေ့ သီးသန့်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။

### ဘယ်လိုဖြေရှင်းကျော်လွှားကြမလဲ

ဒီကနေ့ အစည်းအဝေးကတော့ ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးပါကြောင်း ယခုရောက်ရှိလာသူအားလုံး သိပြီးဖြစ်ပါတယ်။ ဒီကနေ့ဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) စတင်လက်မှတ်ရေးထိုးခဲ့တဲ့ သုံးနှစ်ပြည့် အခါသမယလည်း ဖြစ်နေပြန်ပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေမှာ နှစ်ပတ်လည်အခမ်းအနားတွေကိုပဲ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပေမယ့် ဒီနှစ်မှာတော့ အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား NCA အကောင်အထည်ဖော်မှုတွေမှာ အခက်အခဲကြုံတွေ့နေရတဲ့ ကိစ္စရပ်တွေကို ဘယ်လိုဖြေရှင်းကျော်လွှားကြမလဲဆိုတာတွေကို ကျွန်မတို့ကြားမှာ ဆွေးနွေးညှိနှိုင်းကြမှာဖြစ်တဲ့အတွက် အရေးကြီးတဲ့ မှတ်တိုင်တစ်ရပ်အဖြစ် စိုက်ထူနိုင်တော့မှာပဲ ဖြစ်ပါတယ်။

ဒီအစည်းအဝေးခန်းမထဲကို ယခု ရောက်ရှိနေတဲ့ ခေါင်းဆောင်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေကြသူများဖြစ်တဲ့ အတွက် ဒီကနေ့တွေ့ဆုံမှုဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ကျွန်မတို့ နောက်ပြန်မလှည့်ဘဲ ရှေ့ကိုတိုးပြီး လျှောက်လှမ်းနိုင်ဖို့ ကြိုးစားနေကြတယ် ဆိုတာကို သက်သေပြသလိုက်သလိုပဲ ဖြစ်ပါတယ်။ ဒီအတွက်လည်း ဒီကနေ့ တက်ရောက်လာကြသူအားလုံး၊ သီးသန့်အစည်းအဝေးဖြစ်မြောက်အောင် ကြိုးပမ်းပေးခဲ့ကြသူအားလုံးကို ကျေးဇူးအထူးပဲတင်ရှိပါကြောင်း အလေးအနက်ပြောကြားလိုပါတယ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးစားပေးဆောင်ရွက်နေ

ဒီကနေ့ ကျွန်မတို့နိုင်ငံနဲ့ ကျွန်မတို့ပြည်သူတွေ ကြုံတွေ့နေရတဲ့စိန်ခေါ်မှုတွေကို ကြည့်မယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပြင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ တစ်နိုင်ငံလုံးရဲ့စီးပွားရေး၊ ရခိုင်ပြည်နယ်အရေးနဲ့ ပထဝီနိုင်ငံရေး စတဲ့အသွင်မတူတဲ့ အခက်အခဲတွေ အမျိုးမျိုးရှိနေတာ တွေ့ရပါလိမ့်မယ်။ ကျွန်မတို့ အစိုးရအနေနဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး နိုင်ငံသားအားလုံးက အမြတ်တနိုးတန်ဖိုးထားကြရတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ပြီးမြောက်စေလိုတဲ့ဆန္ဒနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဦးစားပေးပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ပြီး ရှေ့ဆက်တိုးရေးဟာ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးအတွက် သိပ်ကိုအရေးကြီးပါတယ်။ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုတွေမှာ အမြင်မတူတာတွေ၊ နားလည်မှုကွဲပြားတာတွေက သဘာဝပါပဲ။ အထူးသဖြင့် သမိုင်းကြောင်းတစ်လျှောက် နိုင်ငံရေးဆွေးနွေးပွဲဆိုပြီး တစ်ကြိမ်မှ မရှိခဲ့ဖူးတဲ့ ကျွန်မတို့လိုနိုင်ငံမျိုးမှာ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အချိန်ယူရမှာပါ။ ဒါပေမယ့် အချိန်အပိုင်းအခြားအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ကို ခရီးပေါက်အောင်လျှောက်နိုင်ဖို့ ခိုင်ခိုင်မာမာ တိုးတက်နေဖို့ အရေးကြီးပါတယ်။

ဆွေးနွေးညှိနှိုင်းမှုတွေမှာ ရလဒ်ကောင်းတွေ လျော့နည်းလာတာနဲ့အမျှ အားလုံးလျှောက်နေတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းမှာ အဖျက်အမှောင့်အမျိုးမျိုး ကြုံတွေ့လာတတ်ပါတယ်။ သွားနေတဲ့လမ်းကြောင်းကပဲ လိုအပ်ချက်တွေ ရှိနေတာလားဆိုတဲ့ အတွေးတွေ ပေါ်လာတတ်ပါတယ်။ ဘယ်အစုအဖွဲ့ကတော့ ဘယ်လိုဆိုပြီးတော့ ဆွေးနွေးဖက်တွေအကြား ပုံစံအမျိုးမျိုးနဲ့ သွေးထိုးမှုအမျိုးမျိုးလည်း ကြုံလာတတ်ပါတယ်။ ဖြစ်စဉ်ကြီးတစ်ခုလုံးကို ပြောင်းပြန်လှန်ပြီး အသစ်စဉ်းစားမှရတော့မယ်ဆိုတဲ့ အနှောင့်အယှက်မျိုးတွေလည်း ဝင်လာတတ်တယ်ဆိုတာ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲ ပါဝင်နေသူများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို စိတ်ဝင်တစားစောင့်ကြည့်လေ့လာနေသူများ သိကြမှာပါ။

### နိုင်ငံရေးဆွေးနွေးပွဲတွေဟာ ထိရောက်မှုရှိ

ဒီကနေ့ ကျွန်မတို့ အတူတကွ လျှောက်လှမ်းနေတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေဟာ ထိရောက်မှုရှိတယ်၊ လက်တွေ့ကျတယ်၊ အောင်မြင်တယ်ဆိုတာ ကျွန်မတို့အားလုံး သိရှိထားကြပြီး ဖြစ်ပါတယ်။ အားနည်းချက်တွေ ဘယ်နေရာမှာရှိနေပါလဲ၊ စုပေါင်းရှာဖွေ၊ အားလုံးညှိနှိုင်းပြီး ပြင်ဆင်ထိန်းညှိမှုတွေကို အစဉ်အမြဲ လုပ်ဆောင်နေရမှာပါပဲ။ နိုင်ငံရေးသဘောတူညီချက်တွေ နည်းသွားလို့၊ တင်းမာမှုတွေပေါ်လာလို့ ယုံကြည်မှု အားနည်းတာမျိုးတွေ မဖြစ်ကြဖို့ ပြောချင်ပါတယ်။ ဘယ်သူ့ဘယ်သူကိုမှလည်း အပြစ်တင်တာမျိုးတွေ မလုပ်ကြဖို့၊ ကျွန်မတို့အားလုံး ညီညီညွတ်ညွတ်ရှိကြဖို့ အလေးအနက် ပြောကြားချင်ပါတယ်။ ကျွန်မတို့ လျှောက်နေတဲ့လမ်းမှာ ပေါ်ပေါက်ကြုံတွေ့လာရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုမှန်သမျှ ကျွန်မတို့အားလုံး အတူလက်တွဲပြီး ဖြေရှင်းကြမယ်ဆိုရင် ကျော်လွှားနိုင်မယ်၊ အောင်မြင်နိုင်မယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

ကျွန်မတို့ကြားမှာ ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်မရရှိသေးတဲ့ကိစ္စတွေနဲ့ ပတ်သက်လို့လည်း နိုင်ငံရေးဆွေးနွေးပွဲတွေကို မထိခိုက်စေအောင်လို့၊ အပြန်အလှန်ငြင်းခုံပြီး တင်းမာမှုတွေ မြင့်တက်မလာစေဖို့ ကျွန်မတို့အားလုံး နားလည်မှုရှိရှိနဲ့ ခဏတာရှောင်လွှဲထားကြတာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်နေပြီဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ကိစ္စတွေကို တစ်ချိန်ချိန်မှာ ဖြေရှင်းရမှာဖြစ်တဲ့အတွက် ဒီလိုမျိုးအခြေအနေကို ကြုံရတာ မထူးဆန်းပါဘူး။ စိတ်မပျက်ကြဖို့၊ စိတ်ဓာတ်မထွေပြားကြဖို့ လိုပါတယ်။ ဒီကိစ္စရပ်တွေကြောင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကြန့်ကြာနှောင့်နှေးစေတာမျိုး မဖြစ်အောင် အားလုံးက သတိထားကြဖို့လည်း အရေးကြီးပါတယ်။

### ရှိနေတဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့ကြိုးစား

နိုင်ငံတကာမှာ ကြုံတွေ့ခဲ့ကြတဲ့ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်တွေကို လေ့လာကြည့်ရင် နိုင်ငံရေးဆွေးနွေးပွဲတွေ ရှေ့မတိုးနိုင်တဲ့အချိန်မှာ အားမလိုအားမရဖြစ်လာပြီး အားလုံးရဲ့ယုံကြည်မှုတွေ ပျက်ပြားလျော့နည်းလာအောင် နှောင့်ယှက်လိုသူတွေက သီအိုရီတွေ၊ သဘောတရားတွေကို အကြောင်းပြုပြီး ဆွေးနွေးပွဲမှာ ပါဝင်နေတဲ့ အစုအဖွဲ့တွေရဲ့ အတွင်း အပြင်မှာ ပေါ်လာတတ်ပါတယ်။ ယုံကြည်မှု ကျဆင်းလာခြင်းရဲ့အကျိုးဆက်အနေနဲ့ သဘောထားတင်းမာမှုတွေ ပေါ်ထွက်လာပြီး လက်နက်ကိုင်ပဋိပက္ခတွေ ပြန်လည်ဖြစ်ပွားလာတာမျိုးတွေကို ငါးဆယ်ရာခိုင်နှုန်း အထိ ဖြစ်လာတတ်တာကို တွေ့ရှိရပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ အချိန်ကြာရှည်လာတာနဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေ အချင်းချင်းအကြားမှာလည်း တင်းမာမှုတွေနဲ့ ပဋိပက္ခတွေဟာလည်း မြင့်မားလာတတ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ပြဿနာတွေရှိနေတာကို အသိအမှတ်ပြုရမယ်၊ ရှိနေတဲ့ ပြဿနာကို ဖြေရှင်းနိုင်ဖို့ ကြိုးစားရမယ်၊ မဖြေရှင်းဘဲ ရှောင်လွှဲနေလို့မရဘူးဆိုတဲ့ နိုင်ငံရေးစိတ်ရင်းစေတနာ ရှိနေဖို့ သိပ်ကိုအရေးကြီးပါတယ်။ ဒီလို တွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ မပြေလည်မှုတွေကို မျက်နှာချင်းဆိုင်ထိုင်ပြီး ဖြေရှင်းကြမယ်ဆိုတဲ့ နိုင်ငံရေးစိတ်စေတနာ ခိုင်ခိုင်မာမာရှိနေတဲ့အတွက် ကျွန်မတို့ ဒီကနေ့ တွေ့ဆုံမှုဖြစ်မြောက်လာတာပဲ ဖြစ်ပါတယ်။

အခက်အခဲတွေ ကြုံရလေ့ရှိတာ၊ ရှေ့ဆက်မတိုးနိုင်ဘဲ ရပ်တန့်နေတာ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ သဘောသဘာဝပဲ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ မဖြေရှင်းနိုင်ခဲ့တဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာ လွယ်လွယ်ကူကူ၊ ချောချောမောမောနဲ့ အားလုံးအဆင်ပြေတာမျိုး ရှိမှာတော့ မဟုတ်ပါဘူး။ ဒါကို ကျွန်မတို့အားလုံး နားလည်သဘောပေါက်ကြတယ်လို့ ထင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ လွန်ခဲ့တဲ့ နှစ် ၇၀ ကျော်မှာ ဖေဖေဦးဆောင်ခဲ့တဲ့ နှစ်ဆယ်ရာစုပင်လုံညီလာခံကနေ ရရှိခဲ့တဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို အခြေခံပြီး ပြည်ထောင်စုကို အတူတကွ ထူထောင်ခဲ့ကြတာပါ။ ကျွန်မတို့အားလုံး ဗဟိုပြုထားတဲ့ နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကနေ ထွက်ပေါ်လာမယ့် နိုင်ငံရေးသဘောတူညီချက်တွေကို အခြေခံပြီး အနာဂတ်ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ဆက်လက်ပြီး တည်ဆောက်နိုင်ကြဖို့ ဒီကနေ့ ကျွန်မတို့ကြိုးပမ်းနေကြတာ ဖြစ်ပါတယ်။ ကျွန်မတို့အားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်က အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးသဘောတူညီချက်တွေရရှိဖို့၊ ဒီနိုင်ငံရေးသဘောတူညီချက်တွေကို စုစည်းပြီး ပြည်ထောင်စုသဘောတူစာချုပ် ခိုင်ခိုင်မာမာချုပ်ဆိုဖို့၊ ရရှိလာမယ့် ပြည်ထောင်စုသဘောတူစာချုပ်ကိုအခြေခံပြီး နောင်အစိုးရအစဉ်အဆက် ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

### တစ်နိုင်ငံလုံး မျှော်လင့်ချက်ကြီးစွာ စောင့်ကြည့်နေ

ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ကျွန်မတို့ရဲ့ UPDJC နိုင်ငံရေးပါတီများ အစုအဖွဲ့က ဒီအစည်းအဝေးတွေ့ဆုံမှု အောင်မြင်စေဖို့မျှော်လင့်ကြောင်း ကြေညာချက်ထုတ်ပြန်လာခဲ့ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းက NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း ဒီကနေ့ တွေ့ဆုံမှုကို ကြိုဆိုအားပေးထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်လာခဲ့ပါတယ်။ အလားတူပါပဲ ဒီကနေ့အစည်းအဝေးကို တစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူတွေဟာ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်ကြည့်နေကြပါတယ်။ ဒီမျှော်လင့်ချက်တွေဟာ ဒီကနေ့ ကျွန်မတို့ရှေ့က စားပွဲပေါ်မှာ ရှိနေရုံမဟုတ်ပါဘူး၊ ကျွန်မတို့အားလုံးရဲ့နှလုံးသားထဲမှာ ရှိနေတာပါ။

ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို ရဲရဲတင်းတင်းအရှိအတိုင်း ပြန်ကြည့်ကြဖို့၊ ပြန်သုံးသပ်ကြဖို့ လိုပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ဒီကနေ့ ဒီအခန်းထဲမှာ ရောက်ရှိနေကြတဲ့ ခေါင်းဆောင်တွေရဲ့မူဝါဒသဘောထားတွေကို ယူဆောင်လာကြပြီး ကိုယ့်မူဝါဒနဲ့ သူ့မူဝါဒ၊ ကိုယ့်ရပ်တည်ချက်နဲ့ သူ့ရပ်တည်ချက် ဒါတွေကို အပြန်အလှန် ငြင်းခုံနေခဲ့ကြတာပါ။ စားပွဲဝိုင်းတက်လာတဲ့သူတွေက အဆုံးအဖြတ်ပေးရတော့မယ်ဆိုရင် ဒီကနေ့ ဒီအခန်းထဲက ခေါင်းဆောင်တွေဆီကိုပဲ ပြန်တင်ပြပြီး အဆုံးအဖြတ်ခံယူခဲ့ကြရတာပါ။ တစ်ဖက်နဲ့တစ်ဖက် ကြိုတင်ဆုပ်ကိုင်ထားတဲ့ မူဝါဒတွေ၊ ရပ်တည်ချက်တွေကိုပဲ တစ်ဖက်ကလက်ခံလာအောင် ကြိုးပမ်းခဲ့ကြတာပါ။ ဒီကနေ့မှာတော့ အဆုံးအဖြတ်ပေးနေခဲ့တဲ့ ခေါင်းဆောင်တွေအားလုံး စားပွဲဝိုင်းကို ရောက်ရှိနေကြပါပြီ။ ဒီလိုမျိုး အဆုံးအဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ စုံစုံညီညီရောက်ရှိနေတဲ့အချိန်မှာ အလေးအနက်ထားပြီး ပြောကြားချင်တဲ့ အချက်(၃)ချက် ရှိပါတယ်။

**ပထမဆုံးအချက်** ကတော့ ကျွန်မတို့ကြားမှာ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ခွဲမထွက်ရေးကိစ္စပဲ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မတို့ ပြည်ထောင်စုရဲ့ ပကတိတည်ရှိမှုကို လက်ခံထားရင် ခွဲမထွက်ရေးက ပြဿနာ မဟုတ်ပါဘူး။ တိုင်းရင်းသားတွေ အစဉ်တစိုက်တောင်းဆိုခဲ့ကြတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်ပြီး ခိုင်ခိုင်မာမာ အကောင်အထည်ဖော်သွားမယ် ဆိုတာကိုလည်း ကျွန်မတို့အနေနဲ့ အကြိမ်ကြိမ်ပြောခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးမှာ ခွဲမထွက်ရေးဆိုတဲ့ အချက်နဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲရေး စတဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး သဘောတူညီချက်တွေ ရရှိထားပြီးမှ ချန်လှပ်ခဲ့ရတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ခွဲမထွက်ရေးက အရေးကြီးသလို ခွဲမထွက်ချင်တဲ့၊ ခွဲထွက်စရာမလိုတဲ့ ပြည်ထောင်စုကြီးဖြစ်လာအောင် အားလုံးလက်တွဲပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ကလည်း အင်မတန်အရေးကြီးတယ်ဆိုတာကို ပြောချင်ပါတယ်။ စိုးရိမ်မှုတွေ ဖြစ်တည်လာစေခဲ့တဲ့ သမိုင်းကြောင်းအဖြစ်အပျက်တွေကို ကျွန်မတို့အသိအမှတ်ပြုဖို့ လိုပါတယ်။ ဒါပေမယ့် ဒီအတိတ်သမိုင်းကနေ ရုန်းထပြီး အားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီကို ဆက်လက်ဦးတည်လျှောက်လှမ်းကြဖို့ အရေးကြီးပါတယ်။ စိုးရိမ်မှု ကိုယ်စီရှိနေတဲ့ သမိုင်းနှစ်ဖက်ကို ဟန်ချက်ညီမျှအောင် ကျွန်မတို့ကြိုးစားရာမှာ လက်ရှိ နှစ်ဆယ့်တစ်ရာစုအခြေအနေကို လက်တွေ့ကျကျရှုမြင်ကြဖို့၊ အနာဂတ်ကို မျက်နှာမူကြဖို့၊ နိုင်ငံတကာပထဝီနိုင်ငံရေးအပြင် ပြည်နယ်အလိုက် ပထဝီနိုင်ငံရေးကို ထည့်သွင်းစဉ်းစားကြဖို့ အရေးကြီးပါတယ်။ ဒီမိုကရေစီသဘောတရားအရ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဟာ ကျွန်မတို့ပြည်သူတွေဖြစ်တာနဲ့အညီ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခွင့်အရေးတွေကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးကြရမှာက ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေဖြစ်တယ်ဆိုတာကိုလည်း သတိပြုကြဖို့ လိုပါတယ်။

*စာမျက်နှာ ၇ သို့*

**"ခွဲမထွက်ရေးက အရေးကြီးသလို ခွဲမထွက်ချင်တဲ့၊ ခွဲထွက်စရာမလိုတဲ့ ပြည်ထောင်စုကြီးဖြစ်လာအောင် အားလုံးလက်တွဲပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ကလည်း အင်မတန်အရေးကြီးတယ်ဆိုတာကို ပြောချင်ပါတယ်။ စိုးရိမ်မှုတွေ ဖြစ်တည်လာစေခဲ့တဲ့ သမိုင်းကြောင်းအဖြစ်အပျက်တွေကို ကျွန်မတို့ အသိအမှတ်ပြုဖို့ လိုပါတယ်။ ဒါပေမယ့် ဒီအတိတ်သမိုင်းကနေ ရုန်းထပြီး အားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီကို ဆက်လက်ဦးတည်လျှောက်လှမ်းကြဖို့ အရေးကြီးပါတယ်"**

စာမျက်နှာ ၆ မှ

**ဒုတိယအချက်အနေနဲ့** ကျွန်မတို့အားလုံးလိုချင်နေတဲ့ ပြည်ထောင်စုကို ပုံဖော်နိုင်ဖို့ နိုင်ငံရေးသဘောတူညီချက်တွေကို ဘယ်လိုရယူကြမလဲ ဆိုတာပါပဲ။ အားလုံးမှာတော့ စိတ်ကူးထဲက စံပြုပြည်ထောင်စုနိုင်ငံတော် ပုံစံမျိုးတွေ ရှိနေတတ်ကြပါတယ်။ ဘက်ပေါင်းစုံ ပြီးပြည့်စုံတဲ့၊ စနစ်ကောင်း၊ မူဝါဒကောင်းတွေ ပေါင်းစုထားတဲ့ စိတ်ကူးစံထဲက ဖက်ဒရယ်ပြည်ထောင်စုပုံစံတွေ အစုအဖွဲ့အားလုံးက စဉ်းစားထားကြမှာပါ။ ကျွန်မတို့ ဖက်ဒရယ်အိပ်မက်ကို ဘယ်လိုအကောင်အထည်ဖော်ကြမှာလဲဆိုတာကို လက်တွေ့ကျကျစဉ်းစားဖို့ လိုပါတယ်။ စိတ်ကူးစံပြုဖက်ဒရယ်အိပ်မက်က တစ်ဖက်မှာရှိနေပြီး ဒီကနေ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အရှိတရားကလည်း တစ်ဖက်မှာ ရှိနေပါတယ်။ ဒီနှစ်ခုအကြားမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစေခဲ့တဲ့ အကြောင်းရင်းခံတွေကို တစ်ခုချင်း ဆွေးနွေးညှိနှိုင်းပြီး တစ်ဆင့်ချင်း ရှေ့ဆက်လျှောက်နိုင်မယ်ဆိုရင် ဖြစ်နိုင်ခြေလည်းရှိတယ်။ လက်တွေ့လည်းကျတယ်။ အကောင်အထည်ဖော်ကျင့်သုံးဖို့လည်း အဆင်ပြေနိုင်မယ့် အခြေအနေတစ်ရပ်ကို ကျွန်မတို့ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့အားလုံးရဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုခရီးမှာ တိုးတက်မှုမှတ်တိုင်တွေ တစ်ခုပြီးတစ်ခု စိုက်ထူနိုင်မှာဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ ပြောပြောနေတဲ့ ဖြစ်နိုင်ခြေ၊ လက်တွေ့ကျမှုနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်နိုင်ရေးပဲ ဖြစ်ပါတယ်။

**တတိယအချက်**ကတော့ ကျွန်မတို့ကိုယ်စားပြုတဲ့ တိုင်းရင်းသားပြည်သူတွေ၊ ကျွန်မတို့မျက်နှာမူရတဲ့ လူထုတွေ၊ ကျွန်မတို့တာဝန်ခံရမယ့် အောက်ခြေပြည်သူတွေအတွက် ကျွန်မတို့အားလုံး တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ တာဝန်သိမှုရှိကြဖို့၊ တစ်နည်းပြောရရင် ကျွန်မတို့အားလုံး သတ္တိရှိကြဖို့ပဲဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေနဲ့ ပတ်သက်တဲ့ ကတိကဝတ်တွေ၊ သဘောတူညီချက်တွေကို ဒီကနေ့လို အဆုံးအဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ တက်ရောက်လာတဲ့အစည်းအဝေးမှာ သဘောတူညီချက်တွေ ချမှတ်နိုင်ဖို့ ကျွန်မတို့အားလုံး မိမိကိုယ်ကိုယ် ယုံကြည်မှုရှိဖို့၊ ကျွန်မတို့လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်မှာ ယုံကြည်မှုရှိဖို့၊ ကျွန်မတို့ရဲ့နိုင်ငံရေးဆွေးနွေးပွဲတွေကနေ ထွက်ပေါ်လာမယ့် ရလဒ်တွေဟာ လက်တွေ့ကျကျဖော်ဆောင်နိုင်မယ်ဆိုတာကို ယုံကြည်မှုရှိဖို့ အထူးပဲအရေးကြီးပါတယ်။ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ ခေါင်းဆောင်တွေကိုယ်တိုင် တက်ရောက်လာကြတဲ့ ဒီကနေ့လို အစည်းအဝေးမျိုးမှာ သတ္တိရှိရှိနဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းမရှိဘူးဆိုရင် ကျွန်မတို့ရဲ့ပြည်သူတွေအပေါ် တာဝန်မကျေပွန်ရာ ရောက်သွားစေနိုင်တယ်ဆိုတာကိုလည်း သတိပြုကြဖို့လိုပါတယ်။ စစ်မြေပြင်မှာ အသက်စွန့်ပြီး တိုက်ခိုက်နိုင်ကြဖို့ သတ္တိလိုသလို ကျွန်မတို့နိုင်ငံအတွက် အရေးကြီးလှတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေကို ချမှတ်ရာမှာ စိတ်ရင်းစေတနာမှန်နဲ့ ဆုံးဖြတ်နိုင်ဖို့လည်း "သတ္တိ" လိုအပ်ပါတယ်။

**ပြည်သူတွေကို မျက်မှောက်ပြုပြီး သတ္တိရှိကြဖို့ တိုက်တွန်း**

ကျွန်မတို့ လျှောက်လှမ်းနေတဲ့ လမ်းကြောင်းဟာ မှန်ကန်တယ်ဆိုတာကိုလည်း (၂၁)ရာစုပင်လုံညီလာခံ အစည်းအဝေးတွေက ထွက်ပေါ်လာခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့အစိတ်အပိုင်းတွေက သက်သေပြသနေပြီဖြစ်ပါတယ်။ ကျွန်မတို့ လျှောက်ရာလမ်းကနေ သွေဖည်မသွားဘူး။ နောက်ပြန်မလှည့်ဘဲ ရှေ့ဆက်သွားမယ်ဆိုတာကိုလည်း ဒီကနေ့ခေါင်းဆောင်တွေ တက်ရောက်ကြတဲ့အစည်းအဝေးက သက်သေပြနေပါတယ်။ ကျွန်မတို့အားလုံး အတူတကွ လက်တွဲပူးပေါင်းပြီးတော့ ရှိနေတဲ့အခက်အခဲတွေ၊ သဘောတူညီမှုမရနိုင်သေးလို့ ညှိနှိုင်းနေရဆဲဖြစ်တဲ့ကိစ္စရပ်တွေကို အရှိကိုအရှိအတိုင်းလက်ခံကြဖို့၊ ဒီအခက်အခဲတွေကို ဘယ်ပုံဘယ်နည်း ကျော်လွှားနိုင်ကြမလဲဆိုတာ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြဖို့၊ ဒီလိုဆွေးနွေးညှိနှိုင်းကြရာမှာ ကျွန်မတို့အားလုံးရဲ့နှလုံးသားတံခါး ဦးနှောက်ကိုပါ ဖွင့်ထားကြဖို့ အရေးကြီးပါတယ်။ ကျွန်မတို့တာဝန်ခံကြရတဲ့၊ ကျွန်မတို့မျက်နှာမူကြရမယ့် ကျွန်မတို့ရဲ့ပြည်သူတွေကို မျက်မှောက်ပြုပြီး ကျွန်မတို့အားလုံး သတ္တိရှိကြဖို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

**ဘုံအကျိုးစီးပွားနဲ့ ဘုံမျှော်လင့်ချက်**

နိဂုံးချုပ်အနေနဲ့ ဒီကနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေအားလုံးကို ကျေးဇူးအထူးပဲတင်ရှိပါတယ်။ ဒီကနေ့စားပွဲဝိုင်းမှာ မပါနိုင်သေးတဲ့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေကိုလည်း အထူးပဲ သတိရနေမိပါတယ်။ သူတို့သာပါဝင်လာရင် ဘယ်လောက်ကောင်းလိမ့်မလဲ ဆိုတဲ့အတွေးက ကျွန်မတို့သာမက၊ ကျွန်မတို့ရဲ့ပြည်သူတွေကလည်း ခံစားနေမိကြမှာပါပဲ။ တကယ်တမ်းကျတော့ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပေါ်လာစေခဲ့တဲ့ ဇာစ်မြစ် အကြောင်းတရားတွေကို နိုင်ငံရေးစားပွဲဝိုင်းမှာ ညှိနှိုင်းဆွေးနွေးဖြေရှင်းနိုင်မယ်ဆိုရင် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွားဖို့က မခက်ခဲလှပါဘူး။ တွေ့ဆုံဆွေးနွေးမှုတွေဟာ ရင်းနှီးမှု၊ နားလည်မှုနဲ့ ယုံကြည်မှုတွေကို ဖြစ်ပေါ်စေပြီး ဘုံအကျိုးစီးပွားနဲ့ ဘုံမျှော်လင့်ချက်တွေကို ခိုင်မာအားကောင်းလာစေနိုင်ပါတယ်။ ဒီကနေ့ မပါဝင်နိုင်သေးတဲ့အဖွဲ့တွေ ပါဝင်နိုင်အောင် ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးကော်မရှင်နဲ့ တပ်မတော်ခေါင်းဆောင်တွေက ကြိုးပမ်းနေကြပါတယ်။ အတိတ်က ဖြစ်စဉ်ဖြစ်ရပ်တွေကို သင်ခန်းစာအဖြစ်ထားရှိပြီး ရှေ့ကိုဆက်ပြီး ကျွန်မတို့စားပွဲဝိုင်းတွေဆီ အမြန်ဆုံးရောက်ရှိလာနိုင်အောင် ကြိုးပမ်းပေးကြဖို့၊ ကျွန်မတို့ပြည်သူတွေ တွေ့ချင်၊ မြင်ချင်လှတဲ့ မျက်နှာစုံညီဆွေးနွေးပွဲကို အရောက်လှမ်းနိုင်အောင် ကြိုးစားပေးကြဖို့ မပါဝင်နိုင်သေးတဲ့ အဖွဲ့တွေကို ဒီနေရာကနေ တိုက်တွန်းပြောကြားလိုပါတယ်။

**အားလုံးက ဝိုင်းဝန်းစဉ်းစားအဖြေရှာ**

ကျွန်မတို့ ရပ်မနေဘူး။ ရှေ့ကိုဆက်ပြီး လျှောက်လှမ်းနေတယ်ဆိုတာကို သက်သေပြနိုင်ဖို့၊ ဒီကနေ့ သီးသန့်အစည်းအဝေးကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာနိုင်ဖို့ ခေါင်းဆောင်များအားလုံးက သတ္တိရှိရှိ၊ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာနဲ့ ကြိုးပမ်းပေးကြပါ။ ဒီလိုကြိုးပမ်းကြရာမှာလည်း မိမိတို့ရဲ့ စိုးရိမ်မှုတွေ ပူပန်မှုတွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဝေမျှပြီး ဒီစိုးရိမ်မှုတွေ ပြေပျောက်အောင် အားလုံးက ဝိုင်းဝန်းစဉ်းစားအဖြေရှာပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၅

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)ကို ယနေ့ နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမဌ္ဍကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**



ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အခြေအနေအကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် အထူးအလေးထားဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ယနေ့ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တပ်မတော်၊ ပြည်သူလူထု၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဆောင်ရွက်နေသလို ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ သက်မွေးပညာကဏ္ဍ စသည့်ကဏ္ဍသုံးခုနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိတရားကင်းစွာဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူအားလုံးနှင့် တည်ဆောက်ရေး လုပ်ငန်းရှင်များအတွက် ပွင့်လင်းမြင်သာစွာ Transparency ရှိရှိ ပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းတစ်ဦးချင်း၏ ရပိုင်ခွင့်များကို သိရှိဖို့လိုသလို ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ လိုက်နာရမည့် ကျင့်ဝတ်၊ စောင့်ထိန်းရမည့် စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးတွင် ပြောဆိုဆွေးနွေးခဲ့သည့် မိမိဝန်ကြီးဌာန၏ တာဝန်များနှင့် လိုက်နာရမည့် ကျင့်ဝတ်များ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ထပ်ဆင့် ညွှန်ကြားကြပ်မတ်ဆောင်ရွက်သွားရေး မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ လျာထားအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်၊ မူဝါဒများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်/ စစ်ကိုင်း) ကျောင်းအုပ်ကြီးများနှင့် တက်ရောက်လာသူများက ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ပိုမိုအကျိုးရှိ ထိရောက်စေရေးအတွက် ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အစီအမံများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်း ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း Myint & Associates Telecommunications Ltd. မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများ၏ Data Centre/Server များ ချိတ်ဆက်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ Myint & Associates Telecommunications Ltd. မှ တာဝန်ရှိသူများနှင့် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Vantage Tower ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် MPRL E & P Group of Companies အထွေထွေမန်နေဂျာ ဦးမျိုးတင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Myint & Associates Telecommunications Ltd. မှ အထွေထွေမန်နေဂျာ ဦးသိန်းစိုးထိုက်က Myint & Associates Telecommunications ၏ လုပ်ငန်းများနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့က သိရှိလိုသည်များကို မေးမြန်းပြီး Vantage Tower ပဉ္စမထပ်ရှိ M&A Data Center Facilities ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

M&A Data Center ကို မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာသည်နှင့်အညီ သတင်းအချက်အလက်နှင့် Data Transfer ကိစ္စရပ်များ လျင်မြန်စွာ ပို့ဆောင်လက်ခံရန်နှင့် ထိန်းသိမ်းထားသိုရာတွင် ပိုမိုလုံခြုံမှုရရှိစေရန် ရည်ရွယ်၍ ရန်ကုန်မြို့ ပြည်လမ်း (၅) မိုင်ခွဲတွင် စီးပွားရေးလုပ်ငန်းများကို ခေတ်နှင့်အညီ အခြေပြု ဆောင်ရွက်နိုင်ရန်အတွက် Myint & Associates Construction Co., Ltd. မှ ဆောက်လုပ်ထားသော Vantage Tower တွင် နိုင်ငံတကာအဆင့်မီ Data Center တစ်ခုကို ဖန်တီးပုံဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

M&A Data Center သည် Data Center များတည်ဆောက်ခြင်းဆိုင်ရာ အခြေခံအဆင့်သတ်မှတ်ချက်များနှင့် ကမ္ဘာ့အဆင့်မီ စံချိန်စံနှုန်းများကို Certify လုပ်သော အဖွဲ့အစည်းဖြစ်သည့် အမေရိကန်နိုင်ငံ အခြေစိုက် Uptime Institute မှ လုပ်ငန်းနှင့် ပတ်သက်သည့် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုအဆင့်ဆင့်ကို ခံယူခဲ့ပြီး အောင်မြင်မှုရရှိခဲ့ခြင်းကြောင့် ၎င်းအဖွဲ့အစည်းမှ ပေးအပ်သော Tier III အဆင့် Certificate ကို ရရှိခဲ့ကြောင်း သိရှိရသည်

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၉ / ၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)
**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ် နှိမ်နင်းရေး အတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနေ စံထွေးအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၈ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၅- ခ)နေ စံထွေးအောင် (၃၄)နှစ်၊ (ဘ) ဦးအုန်းသီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ)မယ(ပ)၄၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၆၂/ခ)နေ မနိုးနိုးနှင့် (၆၁/ခ)နေ ကိုကရင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁၀-၂၀၁၈ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၆၂/ခ)နေ ကိုထွန်းထွန်းနိုင် (၂၇)နှစ်၊ (ဘ)ဦးသန်းငွေးနှင့် ဇနီး မနုယဉ်ငွေး (ခ)နိုးနိုး (ခ)အာနိုး (၂၅ )နှစ်၊ (ဘ)ဦးကံမြင့်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးနှင့်အတူ နေအိမ်သို့ရောက်ရှိနေသော ဇင်မျိုးကျော် (၂၀)နှစ်၊ (ဘ)ဦးကျော်ထွေးပါ (၃)ဦးအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ရာ တစ်ရပ်ကွက်တည်း အမှတ်(၆၁/ခ)နေ အောင်မြိုင် (ခ)ကရင် (၅၀)နှစ်၊ (ဘ) ဦးချစ်ခ ထံမှ ဝယ်ယူရရှိကြောင်း သိရှိရသဖြင့် အောင်မြိုင် (ခ)ကရင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၆)ဦးအား မမစ(ဒေါပုံ) မယ(ပ) ၄၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လယ်ရင်းတဲကျေးရွာနေ ထွန်းနိုင်မြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၁၈ ရက်နေ့တွင် ကောလင်းမြို့နယ်၊ လယ်ရင်းတဲ ကျေးရွာနေ ထွန်းနိုင်မြင့် (ခ)မျောက်ချေး (၃၅)နှစ်၊ (ဘ) ဦးမောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မနီလာထွန်း (၃၁)နှစ်၊ (ဘ)ဦးထွန်းလင်းတို့အား ဘိန်းဖြူများ၊ ခဲဦးချွန်(၁)ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း) မယ(ပ)၈၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁/ ၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ အမှတ်(၄) ရပ်ကွက်နေ ကိုအာကာသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ပျဉ်းမမြိုင် (၁)လမ်းနေ အာကာ (ခ)အာကာမိုး (၃၂)နှစ်၊ (ဘ)ဦးအောင်သန်းစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျွန်းစု) မယ(ပ)၁၈/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျောက်ကုန်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ကျောက်ကုန်းကျေးရွာနေ မျိုးလွင် (၃၁)နှစ်၊ (ဘ)ဦးရွှေသိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ မိုးဝင်း (၂၆)နှစ်၊ (ဘ)ဦးအိုးခွေး ပါ(၆)ဦးတို့အား WY စာတန်း ပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၇) ဦးအား နမစ (ကံမော်) မယ(ပ)၃၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့ သတလ (၃)ရပ်ကွက်နေ မအေးအေးဖြူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၁၈ရက်နေ့တွင် နမ္မတူမြို့ သတလ(၃)ရပ်ကွက်နေ မအေးအေးကြူ (ခ)အေးအေးဖြူ (၃၀)နှစ်၊ (ဘ)ဦးလူမော်၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်း၏ခန္ဓာကိုယ်မှ 88/1 စာတန်းပါ စိတ်ကြွဆေးပြား များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ(ပ) ၁၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ နမ္မတူမြို့ ပန်ဟိုက်(၇) ရပ်ကွက်နေ ဒေါ်ရိုးမား(ခ)ကုလားမ (၅၃)နှစ်၊ (ဘ)ဦးကူနီးမား၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ ကျော်ကောင်း(ခ) ကျော်ကောင်းမြင့် (၄၆)နှစ်၊ (ဘ)ဦးအောင်မြင့်တို့အား နေအိမ် အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ICE တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (နမ္မတူ) မယ(ပ)၁၃/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ လယ်မိုးကျေးရွာနေ ကိုကျော်သင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ လယ်မိုးကျေးရွာနေ ကျော်သင်း (၄၅)နှစ်၊ (ဘ)ဦးစံရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၃၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးထောက်မြို့ ပေါက်ကုန်းရွာနေ မင်းအောင် (ခ) ကိုဇီးကွက်နှင့် ကံကလေးကျေးရွာနေ မောင်ဂျက်ကီချမ်း တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးသုံးစွဲရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၁၈ ရက်နေ့တွင် ညောင်လေးထောက်မြို့ ပေါက်ကုန်းကျေးရွာနေ မင်းအောင်(ခ)ဇီးကွက်(၃၄)နှစ်၊ (ဘ)ဦးတင်လှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဂျက်ကီချမ်း (၂၇)နှစ်၊ (ဘ)ဦးဝင်းဦး၊ ကံကလေးကျေးရွာနေသူတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ညောင်လေးထောက်) မယ(ပ)၃/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | မွန်ပြည်နယ်၊ မုဒုံမြို့ မြို့မ(၁) ရပ်ကွက်နေ ကိုနေနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၁၈ ရက်နေ့တွင် မုဒုံမြို့ မြို့မ(၁)ရပ်ကွက်၊ မင်းစည်းစိမ်လက်ဖက်ရည်ဆိုင်အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် မြို့မ(၁)ရပ်ကွက်၊ မြမာလာလမ်း၊ အမှတ်(၂၀၈)နေ နေနိုင်(ခ)နေနိုင်အောင် (၃၄)နှစ်၊ (ဘ)ဦးလှမြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ရာ မြို့မ(၄)ရပ်ကွက်နေ အောင်သူထက် (ခ)သားကြီး(၂၆)နှစ်၊ (ဘ)ဦးမောင်မြင့်နှင့် ထက်ယံဦး(ခ)ဥ(၁၉)နှစ်၊ (ဘ)ဦးသန်းဖေတို့ထံမှ ဝယ်ယူရရှိသော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား ဖမ်းဆီးပြီး နေအိမ်တို့အား ဆက်လက် ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၃)ဦးအား မမစ(မုဒုံ) မယ (ပ)၁၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ဆင်နိုင်းကျေးရွာနေ ဦးအောင်အောင်၊ ဦးလွင်ညို တို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၀-၂၀၁၈ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ဆင်နိုင်းကျေးရွာနေ အောင်အောင် (၃၁)နှစ်၊ (ဘ)ဦးဖိုးအဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ထွန်းဝေ (၂၂)နှစ်၊ (ဘ)ဦးထွန်းရွှေတို့အား ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ထမံသီ)မယ(ပ) ၂၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ အလားတူ ဆင်နိုင်းကျေးရွာနေ လွင်ညို(၃၃)နှစ်၊ (ဘ)ဦးသန်းညို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားဘိန်းမဲများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ (ထမံသီ) မယ(ပ)၂၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ငွေအိုးအုပ်စု၊ ဥယျာဉ်ပုကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၈ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ဥယျာဉ်ပုကျေးရွာအတွင်း စုံစမ်းစိစစ်စဉ် ရွာလမ်းမဘေးလူမနေသည့်တဲအတွင်း ဝင်ရောက်ရှာဖွေရာ အောင်သူ (ခ) လှိုင်ဖြိုးအောင် (၃၄)နှစ်၊ (ဘ)ဦးအောင်ညွန့်၊ လော်ကဆင်ကျေးရွာ၊ ကသာမြို့နယ်နေသူနှင့် မြင့်စိုးဦး (၃၅)နှစ်၊ (ဘ)ဦးအောင်ဝင်း၊ နွယ်နီကျေးရွာ၊ ကသာမြို့နယ်နေသူတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ) ၁၀၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင် လမ်း၊ တိုက်အမှတ် (၅)၊ အခန်း (၁၂) နေ မောင်ပြည်ကျော် (ဘ) ဦးခင်မောင်လွင်သည် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၁၈ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင် လမ်း၊ တိုက်အမှတ်(၅)၊ အခန်း(၁၂)နေ ပြည်ကျော် (၃၀)နှစ်၊ (ဘ)ဦးကျော်စိန်(ခ) ခင်မောင်လွင်၏ နေအိမ်အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မဆုသစ္စာဦး (၂၅)နှစ်၊ (ဘ)ဦးလှထူးတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပိတောက်ချောင်း) မယ (ပ)၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ရွာ၊ အမှတ် (၅) ရပ်ကွက်နေ ကိုမောင်မြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀- ၁၀- ၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ၊ အမှတ်(၅) ရပ်ကွက်နေ မောင်မြင့် (၄၇)နှစ်၊ (ဘ)ဦးမြထူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ) ၃၈/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်း မြို့နယ်၊ သီရိမြိုင်ကျေးရွာနေ မောင်မျိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၀-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ သီရိမြိုင်ကျေးရွာနေ မောင်မျိုး (ခ) မျိုးလွင် (၄၇)နှစ်၊ (ဘ)ဦးကံလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၃၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ ဆယ်ဇင်းရွာနေ ကိုအောင်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ဆယ်ဇင်းကျေးရွာ၊ ရပ်ကွက်(၅)နေ ဦးအောင်နိုင် (ခ)အောင်လှိုင် (၆၀)နှစ်၊ (ဘ)ဦးရေပေါ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆယ်ဇင်း) မယ(ပ)၁၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ အမှတ် (၅)ရပ်ကွက်နေ ကိုဖိုးသက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၈ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ (တောင်ပိုင်း)၊ (၅)ရပ်ကွက်၊ သံလမ်း၊ အမှတ်(၅/ ၂၈) နေ သက်ဝေ ကျော် (ခ)ဖိုးသက် (၃၄) နှစ်၊ (ဘ)ဦးကျော်ရှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ၊ ဓား(၂)ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှည်းကူး) မယ(ပ) ၂၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ တံတားကျိုးကျေးရွာမှ ဒေါ်နန်းချို၊ ဒေါ်နန်းမိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၀-၂၀၁၈ ရက်နေ့တွင် ကော့ကရိတ်မြို့နယ်၊ တံတားကျိုးကျေးရွာနေ ဒေါ်နန်းချို (၄၅)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်၌ လူတစ်ဦးတစ်ယောက်မျှ တွေ့ရှိခြင်းမရှိသော်လည်း နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွ ဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းအား မမစ (ကော့ကရိတ်)မယ(ပ) ၂၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ဒေါ်နန်းမိုး (၄၃) နှစ်၏နေအိမ်အား ***စာမျက်နှာ ၉ သို့*** |

***စာမျက်နှာ ၉ သို့***

*စာမျက်နှာ ၈ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
| --- | --- | --- |
| | | ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ သမက်ဖြစ်သူ ဘိုဘိုငြိမ်း (၂၃) နှစ်၊ (ဘ)ဦးထွေးနိုင်အား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ MA-3 သေနတ်(၁)လက်၊ ၅.၅၆ ကျည်(၁၅)တောင့်၊ ကျည်အိမ်(၁)ခုတို့နှင့်အတူ သိမ်းဆည်းရမိသဖြင့် မမစ (ကော့ကရိတ်)မယ (ပ)၃၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁၊ မမစ (ကော့ကရိတ်)(ပ)၃၉၂/ ၂၀၁၈၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ) တို့ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် ၁၃-၁၀-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၃၃၆)မှုဖွင့်လှစ် အရေးယူခဲ့ပြီး တရားခံကျား(၄၄၉)ဦး၊ မ(၈၈)ဦး၊ ပေါင်း(၅၃၇)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၄၈၇၄.၇၅)ဂရမ်၊ ICE(၂၂.၀၁)ဂရမ်၊ ဘိန်း(၃၇၆၀၃.၀၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၅၈၀၂)ဂရမ်၊ ဘိန်းစာရွက် (၃၉၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား(၁၅၇၄၀၆)ပြား၊ ဆေးခြောက်(၃၃၉၃.၇၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၁၇.၄) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁.၆၅)ဂရမ်၊ သေနတ်မျိုးစုံ(၁၁)လက်၊ ကျည်မျိုးစုံ (၁၉၄)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက် ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရမော်တော်ယာဉ်။ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများဖြစ်သော ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်၊ နားကောင်းမူကျေးရွာ၊ ရပ်ကွက်(၄)၌ တရားခံ အမျိုးသား(၁)ဦးအား စိတ်ကြွဆေးပြား(၂၅၈၀၀)ပြား၊ ဘိန်းဖြူ(၃၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာ၊ ယူကလစ်တောအနီး၌ တရားခံအမျိုးသား(၁)ဦးအား စိတ်ကြွဆေးပြား(၃၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့နယ်၊ ဝိန်းနန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇၅၀)ပြား၊ ဘိန်းဖြူ(၅၅)ဂရမ်၊ နောင်ချိုမြို့နယ်၊ ပါဟတ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၈၀၀)ပြား၊ Caldina ယာဉ်(၁)စီး၊လွိုင်လင်မြို့နယ်၊ လွိုင်လင်- တောင်ကြီးကားလမ်း၊ ဟိုတင့်ကျေးရွာအနီး၌ Super Customယာဉ်အား ရှာဖွေစစ်ဆေးစဉ် တရားခံအမျိုးသား(၁)ဦးနှင့် တရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ ဘိန်းစိမ်း(၁၅၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၊ ဂေါက်ကွင်းလမ်းဆုံ၌ Toyota Vigo ယာဉ်အား စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်အားရပ်တန့်၍ တရားခံများထွက်ပြေး လွတ်မြောက်သွားခဲ့ပြီး ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား(၂၄၂၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ယန်းခေါင်းကျေးရွာအနီး၊ ယန်းခေါင်း- စန်းလုရွာသွားကားလမ်း၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၈၀၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့လာသောဟွေ့ရဲမြို့ရှောင်လမ်း၌ တားဆီးစိစစ်စဉ် ဆိုင်ကယ်လှဲချကာ တရားခံထွက်ပြေးလွတ်မြောက်သွားပြီး ကျန်ရှိခဲ့သည့်ဆိုင်ကယ်ပေါ်မှ စိတ်ကြွဆေးပြား(၂၈၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး အား လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့၌ သတင်းအရဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခုရှိခဲ့ပြီး တရားခံ အမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁)ဂရမ်၊ မောင်တောမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် မြို့ဦးကျေးရွာအုပ်စု၊ လက်သာကျေးရွာ၌ လူနေထိုင်မှုမရှိသော နေအိမ်တစ်ခုအတွင်းမှ စိတ်ကြွဆေးပြား(၁၇၀၀၀၀)ပြား၊ ကျွန်းတောင်ရွာသစ်အနီးရှိ လယ်ကွင်းအတွင်း ဖြတ်သန်းလမ်းလျှောက်သယ်ဆောင်လာသည့် တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၅၁၀၈၅)ပြား၊ သတင်းအရ မောင်နီကျေးရွာ၌ စိစစ်ဖော်ထုတ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၆၈)ပြားအား လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ မြိတ်တောင်နယ်မြေ၊ မြို့မ(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၆၄၀၀)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ဝဲကြီးကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇၅၈)ပြား၊ ဘိန်းဖြူ(၅၀.၀၂)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာ၊ အိုရီယမ်တယ်တိုးဂိတ်၌ Nissan AD Van ယာဉ်အား စစ်ဆေးစဉ် တရားခံအမျိုးသား(၁)ဦးအား စိတ်ကြွဆေးပြား(၅၈၉၀)ပြား၊ ဘိန်းဖြူ(၁၅၆)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၄၂၆)ပြား၊ ဘိန်းဖြူ(၄.၂၃)ဂရမ်၊ မြစ်သားမြို့နယ်၊ သိုတန်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ မူဆယ်မြို့မှ ရွှေမောရှမ်းယာဉ်လိုင်းဖြင့် ခရီးသည်လိုက်ပါမှုမရှိဘဲ ပစ္စည်းအားတန်ဆာဖြင့် ပို့ဆောင်ပေးသည့် Sound Box ဂျပ်ဖာအား မန္တလေးတွင်လာရောက် ထုတ်ယူသောတရားခံ အမျိုးသား(၁)ဦးနှင့် ၎င်း Sound Box ဂျပ်ဖာအတွင်းမှ စိတ်ကြွဆေးပြား(၉၄၀၀)ပြား၊ ICE( ၈၀၀) ဂရမ်အားလည်းကောင်း၊ လက်နက်နှင့်အတူဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိုးဖိုတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၇)ပြား၊ ဘိန်းဖြူ(၄.၁၀၁)ဂရမ်၊ ဘိန်း(၂)ဂရမ်၊ လေသေနတ်(၁)လက်၊ ခဲသီး(၁၀၀)လုံး၊ မှန်ပြောင်း(၁)ခုအားလည်းကောင်း၊ ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးရဲကင်းရှေ့တွင် ဆိုင်ကယ်(၅)စီးအား ရပ်တန့်စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံပစ်ခတ်ဖမ်းဆီးရာ တရားခံအမျိုးသား(၅)ဦး(၁ဦးမှာ မစိုးရိမ်ရဒဏ်ရာရရှိ) တို့ထံမှ ဘိန်းစိမ်း(၅၀၀၀၀)ဂရမ်၊ ဆိုင်ကယ်(၅)စီးအားလည်းကောင်း၊ နိုင်ငံခြားသားများပါဝင်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ နမ့်စန်ဂိုထောင်ကျေးရွာ သချိုင်းကုန်းအနီးတရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၀.၆)ဂရမ်၊ မူဆယ်မြို့ကောင်းမှုတုံရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ် နိုင်ငံသား အမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၅၈၀)ဂရမ်၊ နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်းကျေးရွာလမ်းပေါ်တွင် တရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ နယ်စပ်ဝင်ပေါက်အနီး၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသားအမျိုးသား(၂)ဦးနှင့် မြန်မာနိုင်ငံသားအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ် ဖမ်းဆီးမှုစုစုပေါင်း အနေဖြင့် ယခုသီတင်း ပတ်(၇-၁၀-၂၀၁၈ ရက်နေ့မှ ၁၃-၁၀-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၈၈)မှုတွင် တရားခံကျား(၃၇၇)ဦး၊ မ(၄၉)ဦး၊ ပေါင်း(၄၂၆)ဦးကို ဘိန်းဖြူ(၁၇၁၀.၄၃)ဂရမ်၊ ICE (၉၂၁.၈၈)ဂရမ်၊ ဘိန်း(၇၈၅၁၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၆၅၄၀)ဂရမ်၊ ဘိန်းစာရွက်၊ (၆၅၃၂)ဂရမ်၊ စိတ်ကြွဆေးပြား(၁၈၈၃၇၁၇)ပြား၊ ဆေးခြောက်(၆၁၁.၉၃)ဂရမ်၊ ဘိန်းဆီခဲ(၁၃.၃၂) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁)ဂရမ်၊ Buprenorphine ဆေးပြား(၁၀)ပြား၊ လေသေနတ်(၁)လက်၊ ခဲသီး (၁၀၀)လုံးနှင့် မှန်ပြောင်း(၁)ခုတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်းသတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
| --- | --- | --- |
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

❊ *ကျောဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာဆောင်ရွက်နိုင်ရေးအတွက် ကျင်းပသည့် ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် (၇၁)နှစ် ပြည့်မြောက်မည် ဖြစ်ပါကြောင်း။

## စည်းလုံးညီညွတ်စွာကြိုးပမ်း

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုတို့ကြောင့် ရရှိခဲ့သော လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လွတ်လပ်ရေးရရှိရေးအတွက် အချိန်ကြာမြင့်စွာ အသက်၊ သွေး၊ ချွေး မြောက်မြားစွာပေးဆပ်ပြီးမှ ရရှိလာသည်ကို နောင်လာနောက်သားများသိရှိပြီး လွတ်လပ်ရေးကို အသက်ပေးကာကွယ်စောင့်ရှောက်ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များ ကိန်းအောင်းနေစေရန်နှင့် မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် ဤကဲ့သို့သော လွတ်လပ်ရေးနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပရခြင်းဖြစ်ပါကြောင်း။

## ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ ကျင်းပသည့်အခါ နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာကျင်းပနိုင်ရန် ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက် (၅)ရပ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး “စုပေါင်းအင်အား” ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေးနှင့် ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေးတို့ဖြစ်ပါကြောင်း။

ဗဟိုကော်မတီမှချမှတ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီ (၉)ခုကိုလည်း ယခင်နှစ်များအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## စနစ်တကျကျင်းပနိုင်ရေးဝိုင်းဝန်းပူးပေါင်း

ဆပ်ကော်မတီများအနေဖြင့် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခင်ကျင်းပပြီးစီးခဲ့သည့်နှစ်များ၏ အတွေ့အကြုံများကို အခြေခံပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရန်နှင့် စနစ်တကျကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပနေသည့် ပုံစံအတိုင်း နံနက်ပိုင်းအစီအစဉ်နှင့် ညနေပိုင်းအစီအစဉ်ဟူ၍ အစီအစဉ်နှစ်ပိုင်း ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားများသို့ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ သံတမန်များနှင့် ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်သည့်အတွက် လုံခြုံရေးကို ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံရှုမြင်၍ အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နံနက်ပိုင်းအစီအစဉ်များအနေဖြင့် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပပြီး နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသွားမည် ဖြစ်ပါကြောင်း၊ ညနေပိုင်းတွင် နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနား ကျင်းပခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် နေပြည်တော် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်းနှင့် အများနှင့်သက်ဆိုင်သော အဆောက်အအုံ နေရာများတွင် မီးရောင်စုံထွန်းညှိဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲ ရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် အများပြည်သူအသုံးပြုနေသည့် လမ်းများကို ပိတ်ဆို့၍ ဆောင်ရွက်ခြင်း မပြုလုပ်ကြရန်နှင့် စာသင်ကျောင်းများ၊ အားကစားကွင်းများ၌သာ ကျင်းပနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

## လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအလေးထား

ကော်မတီများအနေဖြင့် လွတ်လပ်ရေးနေ့မတိုင်မီ ကြိုတင်ဆောင်ရွက်ရမည့် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပရာတွင် အမျိုးသားရေးဦးတည်ချက်များကို အခြေခံ၍ နိုင်ငံတော်လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို နိုင်ငံသားတိုင်း သတိတရရှိစေရေးအတွက် အလေးထား ဆောင်ရွက်ရန်နှင့် လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို အများပြည်သူများ သိရှိစေရန် ဆိုင်းဘုတ်ကြီးများဖြင့် ခံ့ညားထည်ဝါစွာရေးဆွဲပြီး သတ်မှတ်နေရာများ၌ ကြိုတင်စိုက်ထူနိုင်ရေး စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လွတ်လပ်ရေးနေ့မတိုင်မီနှင့် လွတ်လပ်ရေးနေ့တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သည့် ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ ထုတ်လွှင့်ပြသနိုင်ရေးနှင့် သတင်းစာ၊ ဂျာနယ်များတွင်လည်း ရေးသားဖော်ပြသွားနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများကို အခြေခံ၍ လစ်ဟာမှုမရှိအောင် အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီအဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့တာဝန်ယူရသည့် ကဏ္ဍများအလိုက် သေချာစွာ စစ်ဆေးကြပ်မတ်ပြီး ဘက်စုံထောင့်စုံမှ စနစ်တကျအလေးအနက်ထားဆောင်ရွက်ကြရန်၊ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် ချို့ယွင်းအားနည်းချက်များ ကင်းနိုင်သမျှကင်းအောင် အထူးဂရုပြုဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက ဆပ်ကော်မတီအသီးသီးဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်း

ယင်းနောက် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ညှော့ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းအခြေအနေများကို Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အမြဲတမ်းအတွင်းဝန်က လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေးအသုံးစရိတ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# တပ်မတော်အနေနဲ့ ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ တပ်မတော်အဖြစ် ပြုပြင်ပြောင်းလဲသွားဖို့ မူအားဖြင့် သဘောတူပါတယ်

နေပြည်တော် အောက်တိုဘာ ၁၅

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးတွင် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ပဲ ဖြစ်ပါတယ်။ ဒီနှစ်ပတ်လည်နေ့မှာ အစိုးရနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိသူများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်း၍ ငြိမ်းချမ်းသာယာရှိကြပါစေကြောင်း ဦးစွာဆုတောင်းဆန္ဒပြု နှုတ်ခွန်းဆက်လိုက်ပါတယ်။

ဒီတစ်ခါပြုလုပ်တဲ့ နှစ်ပတ်လည်နေ့ဟာ ကျန်ခဲ့တဲ့နှစ်ပတ်လည်နေ့ နှစ်ကြိမ်ထက်အသွင်သဏ္ဌာန်အားဖြင့်ရော၊ အနှစ်သာရအားဖြင့်ပါ ထူးခြားမှုများရှိနေကြောင်း တိုင်းရင်းသားပြည်သူလူထုက သိရှိကြပါတယ်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ငြိမ်းချမ်းရေးအတွက် ခါတိုင်းမျှော်လင့်သည်ထက် ပိုမိုမျှော်လင့်လာတာတွေ၊ ပိုမိုစိတ်ပါဝင်စားလာတာတွေကို ကျွန်တော်တို့သိရှိပါတယ်။ ငြိမ်းချမ်းစေလိုတဲ့ ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ကျွန်တော်တို့ ဒီနေရာမှာ ဒီအချိန်မှာစုစည်းပြီး သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေကြတာဖြစ်ပါတယ်။ ဒီသမိုင်းပေးတာဝန်ကို တပ်မတော်အနေနဲ့ ကျေပွန်စွာထမ်းဆောင်နိုင်ရေး၊ တဒင်္ဂငြိမ်းချမ်းရေးမဟုတ်တဲ့ ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီခိုင်မာရေးတို့ကို ဖော်ဆောင်နိုင်ရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်။

ယခင်(NCA)စာချုပ် ချုပ်ဆိုခြင်းအခမ်းအနား နှစ်ပတ်လည်နေ့တွေမှာ မိန့်ခွန်းတွေပြော၊ ညစာစားပွဲတွေလုပ်ကြပါတယ်။ အထိမ်းအမှတ်အခမ်းအနားထက်တော့ နည်းနည်းထူးခြားပါတယ်။ ဒီနှစ်မှာတော့ ဆွေးနွေးပွဲတွေပါ ဆက်ပြီးကျင်းပသွားမှာဖြစ်လို့ ထူးခြားပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အရှိန်အဟုန်မြှင့်တင်သွားနိုင်မှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ၂၀၂၀ ပြည့်နှစ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး သန္နိဋ္ဌာန်ချထားကြောင်းကိုလည်း ကျွန်တော့်ရဲ့ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ အဖွင့်မိန့်ခွန်းမှာ ပြောကြားပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဒီသန္နိဋ္ဌာန်အတိုင်းပဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက်အပ်နှင်းမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

### NCA ကပေးတဲ့ စုပေါင်းစိတ်ဓာတ်

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်အတွင်း ညီလာခံ ၃ ကြိမ်ကျင်းပပြီး အခြေခံမူတွေရရှိအောင် ဆောင်ရွက်မယ်လို့ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံတွေမှာ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနဲ့ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍတွေအတွက် အခြေခံမူ ၅၁ ချက်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် စုစည်းထားပြီး ဖြစ်ပါတယ်။ ဒီအခြေခံမူတွေ ချမှတ်နိုင်တာဟာ NCA ရဲ့ အကျိုးကျေးဇူးကြောင့်၊ NCA ပါ နိုင်ငံရေး လမ်းပြမြေပုံအတိုင်း ဆောင်ရွက်ခဲ့ကြလို့ ဖြစ်ပါတယ်။ တစ်ချိန်က စစ်မြေပြင်မှာ တစ်ဖက်နဲ့တစ်ဖက် လက်နက်ကိုင်ပြီး တိုက်ခိုက်နေရာကနေ တစ်စားပွဲတည်းထိုင်ပြီး စကားပြော၊ သဘောတူညီချက်တွေ ထုတ်နိုင်တာဟာ လွယ်ကူတဲ့လုပ်ငန်းစဉ်မဟုတ်ပါဘူး။ NCA ကပေးတဲ့ စုပေါင်း စိတ်ဓာတ်၊ ညှိနှိုင်းဆွေးနွေးခြင်းရလဒ်တွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခြေခံ မူတွေကို ချမှတ်ရာမှာလည်း NCA ရဲ့ အခန်း(၁)၊ အခြေခံမူ (၁၁)ချက်အတိုင်း လိုက်နာဆောင်ရွက်သွားကြဖို့ လိုပါတယ်။ ဂဃနဏ နားလည်သဘောပေါက်ဖို့လည်းလိုအပ်မှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။ အခြေခံမူ(၁၁)ချက်ထဲက ပထမအချက်မှာ ဒီနေ့ငြိမ်းချမ်းရေးရဲ့ အုတ်မြစ်ဖြစ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ တောင်းဆိုနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို ဘယ်လိုတည်ဆောက်မလဲဆိုတာကို ရှင်းရှင်းလင်းလင်း ရေးသားသဘောတူခဲ့ကြပါတယ်။ မလွဲမသွေလိုက်နာဖို့ လိုအပ်တဲ့ ရှေးရှုချက် သို့မဟုတ် ရည်မှန်းချက် ၃ ခု၊ အခြေခံအချက် ၃ ခုနဲ့ အာမခံချက် ၃ ခုတို့ ပါဝင်တာတွေ့ရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့ တည်ဆောက်သွားမယ်လို့ သဘောတူညီထားပါတယ်။ ဒီလို တည်ဆောက်ရာမှာ ရှေးရှုရာမှာ၊ ရည်မှန်းချက်ထားရမှာက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန် အရေးသုံးပါးပဲ ဖြစ်ပါတယ်။ အခြေခံရမှာက လောကပါလ တရား (၃)ပါးဖြစ်တဲ့ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ ဖြစ်ပါတယ်။ အာမခံထားပေးတာက ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတို့ပဲ ဖြစ်ပါတယ်။ ဒီအာမခံချက်တွေရရှိဖို့ ကျွန်တော်တို့ လိုက်နာရမှာက ဒို့တာဝန်အရေးသုံးပါးဖြစ်ကြောင်း သတိပြုစေလိုပါတယ်။ ဒီနေ့ ငြိမ်းချမ်းရေး ညီလာခံမှာ ဆွေးနွေးရခက်နေတယ်လို့ပြောနေကြတဲ့ “ခွဲမထွက်ရ”ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ပြောလိုပါတယ်။ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေပြုလုပ်ရာမှာ အမြဲဦးတည်ထားရမှာက ဒို့တာဝန်အရေးသုံးပါး ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်တဲ့ကိစ္စတွေကို မူလဆွေးနွေးမှုမှာကတည်းက ရှောင်ရှားဖို့လိုမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ မည်သည့်အစိတ်အပိုင်းကိုမဆို ပြည်ထောင်စုမှ ခွဲထွက်ခြင်းမပြုရလို့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၁၀ မှာ အတိအလင်း ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် “ခွဲမထွက်ရ”ဆိုတဲ့ စကားရပ်ဟာ ထာဝရငြိမ်းချမ်းရေးအတွက် အမှန်တကယ်လိုအပ်တဲ့ စကားရပ်တစ်ခု၊ အာမခံချက်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ယနေ့ ကျင်းပပြုလုပ်နေတဲ့ နှစ်ပတ်လည်နေ့အပါအဝင် ငြိမ်းချမ်းရေးညီလာခံများဟာ သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်က အစပျိုးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့တဲ့ “ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း”ဆိုတဲ့ ဖိတ်ခေါ်ချက်အရ တိုင်းရင်းသားလက်နက် ကိုင်များနဲ့ ဆွေးနွေးရာမှာ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာလက်ခံဖို့၊ ခွဲထွက်ရေး ကိစ္စမပြောဖို့ ကနဦးသဘောတူပြီးမှ ငြိမ်းချမ်းရေး

> ❒ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြုပြီး မိမိတို့ရဲ့တစ်ဖက်သတ် လိုလားချက်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာတွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဟန့်အတား ဖြစ်စေပါတယ်။ ထာဝရငြိမ်းချမ်းရေးအတွက်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တကယ်လိုအပ်တဲ့ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်တာ၊ ဖြည့်စွက်တာကို မူအားဖြင့် သဘောတူပါတယ်

လုပ်ငန်းစဉ်တွေ တိုးတက်ဆောင်ရွက်ခဲ့တယ်ဆိုတာကို အမှတ်ရကြဖို့ လိုပါတယ်။ ဒါ့ကြောင့် “ခွဲမထွက်ရ”ဆိုတဲ့သဘောတူညီချက်ကို ထည့်သင့်/မထည့်သင့် အငြင်းပွားနေစရာမလိုပါဘူး။ NCA ရဲ့အခြေခံမူ၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေရဲ့အခြေခံမူတွေအရ ထည့်ကိုထည့်ရမယ့် သဘောတူညီချက်ဖြစ်ကြောင်း ပြောလိုပါတယ်။ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဆိုတာ “တိုက်တွန်းချက်၊ တားမြစ်ချက်” လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ဥပဒေကဲ့သို့ သဘောသက်ရောက်တဲ့ ပြည်ထောင်စုသဘောတူစာချုပ်မှာလည်း တိုက်တွန်းချက်၊ လုပ်ဆောင်ရမှာတွေကို ဖော်ပြသလို တားမြစ်ချက်၊ မလုပ်ဆောင်ရမှာတွေကိုလည်း ဖော်ပြထားမှ ပြည့်စုံမှာဖြစ်ပါတယ်။ “ခွဲမထွက်ရ”ဆိုတဲ့ တားမြစ်ချက်ကို ထည့်သွင်းရခြင်းဟာ အချို့အဖွဲ့အစည်းများ ပြောနေသလို တိုင်းရင်းသားညီအစ်ကို မောင်နှမများအပေါ် မယုံကြည်လို့မဟုတ်ပါဘူး။ ရေရှည်အတွက် အာမခံချက်အပြည့်ရှိစေဖို့၊ ယုံကြည်ချင်လို့၊ တစ်ဦးနဲ့တစ်ဦး သံသယကင်းကင်းနဲ့ ထာဝရငြိမ်းချမ်းရေးလမ်းပေါ်မှာ အတူတကွ လက်တွဲချင်လို့သာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

### ဖက်ဒရယ်စနစ်ကို တစ်သမတ်တည်း ပုံသေမှတ်ယူလို့မရ

ပြည်ထောင်စုစနစ်၊ သို့မဟုတ် ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းထားရာမှာ အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ကို တစ်သမတ်တည်း ပုံသေမှတ်ယူလို့မရသလို နိုင်ငံအလိုက်ကျင့်သုံးမှုကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူနိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စုစနစ်အတွက် ပေါင်းစည်းကြရာမှာလည်း အတူယှဉ်တွဲနေထိုင်သည့် ဖက်ဒရယ်စနစ် (Coming together Federalism)၊ သိမ်းသွင်းနေထိုင်သည့် ဖက်ဒရယ်စနစ် (Putting together Federalism)၊ အတူပေါင်းစည်းနေထိုင်သည့် ဖက်ဒရယ်စနစ် (Holding together Federalism)ဆိုပြီး ရှိကြရာမှာ ကျွန်တော်တို့နိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီမဖြစ်ခင် ကိုယ့်မင်း၊ ကိုယ့်ချင်းဘဝကတည်းက တိုင်းရင်းသားအားလုံး အတူပေါင်းစည်းနေထိုင်တဲ့ ပြည်ထောင်စုစနစ် (Holding together Federalism)ကို ကျင့်သုံးခဲ့တဲ့ မိသားစုနိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာရဲ့နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားစဉ်မှာ အင်္ဂလိပ်လက်ထဲက သီပေါမင်းကို ပြန်လုမယ်ဆိုပြီး နောက်လိုက် နောက်ပါ ၅၀၀ နဲ့ မန္တလေးဘုရားကြီးကစောင့်ခဲ့တဲ့သူဟာ ရှမ်းစော်ဘွားတစ်ဦးဖြစ်တဲ့ ညောင်ရွှေစော်ဘွားကြီး ဦးစောမောင်ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း နယ်ချဲ့အင်္ဂလိပ်တွေက ဗမာနဲ့ တိုင်းရင်းသားတွေ ပူးပေါင်းသွားမှာကို စိုးရိမ်ခဲ့ကြပါတယ်။ မပူးပေါင်းမိအောင်လည်း တိုင်းရင်းသားဒေသတွေနဲ့ မြန်မာပြည်အလယ်ပိုင်းဒေသကို သွေးခွဲ အုပ်ချုပ်နိုင်ရေး ရှမ်းပြည်နယ်များ အက်ဥပဒေ (Shan States Act of 1888)၊ ကချင်တောင်တန်းလူမျိုးစုများ စည်းမျဉ်းဥပဒေ (Kachin Hill Tribes Regulation-1895)၊ ချင်းတောင်တန်း စည်းမျဉ်းဥပဒေ (Chin Hill Regulation-1896)ဆိုပြီး အုပ်ချုပ်မှု စနစ်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုး ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။ ၁၉၂၂ ခုနှစ်ကနေ ၁၉၃၇ ခုနှစ်အထိ ကျင့်သုံးခဲ့တဲ့ ဒိုင်အာခီ အုပ်ချုပ်ရေးမှာလည်း တိုင်းရင်းသားဒေသတွေကို ပါဝင်ခွင့်မရစေဘဲ ခွဲခြားအုပ်ချုပ်ရုံတင်မက ဥပဒေပြုကောင်စီမှာလည်း လူမျိုးရေး ကွဲပြားမှုဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အထွေထွေမဲဆန္ဒနယ်မှ ရွေးချယ်သူများ၊ အိန္ဒိယလူမျိုးများမှ ရွေးချယ်သူများ၊ ကရင်အမျိုးသားများမှ ရွေးချယ်သူများ၊ အင်္ဂလိပ်ကပြားများမှ ရွေးချယ်သူများ၊ ဗြိတိသျှလူမျိုးများမှ ရွေးချယ်သူများဆိုပြီး အချိုးခွဲခြားသတ်မှတ်ခဲ့ကြောင်း တွေ့ရပါတယ်။ တောင်တန်း၊ မြေပြန့် သွေးခွဲအုပ်ချုပ်ရုံနဲ့ အားမရဘဲ မြန်မာပြည်မမှာပင် ထပ်မံသွေးခွဲအုပ်ချုပ်တာကိုတွေ့နိုင်မှာ ဖြစ်ပါတယ်။ နောက်ပိုင်း ဖြစ်ပေါ်လာတဲ့ ၉၁ ဌာနအုပ်ချုပ်ရေးကို ကျင့်သုံးခဲ့ရာမှာလည်း အထွေထွေမဲဆန္ဒနယ်၊ ကရင်လူမျိုး မဲဆန္ဒနယ်၊ အိန္ဒိယလူမျိုးမဲဆန္ဒနယ်၊ အင်္ဂလိပ်ကပြားလူမျိုးမဲဆန္ဒနယ်၊ ဥရောပလူမျိုးမဲဆန္ဒနယ်နဲ့ ချစ်တီးအသင်းဆိုပြီး ခွဲခြားသတ်မှတ်ကာ ဥပဒေပြုအောက်လွှတ်တော်မှာ ပါဝင်စေခဲ့ကြောင်း တွေ့ရပါတယ်။ အခြားတိုင်းရင်းသားများ သီးခြားမပါခဲ့ပါဘူး။

ဒီလို သွေးခွဲအုပ်ချုပ်မှုရဲ့ အကျိုးဆက်တွေကြောင့် တိုင်းရင်းသားချင်း၊ လူမျိုးစုချင်းအကြား သွေးကွဲခဲ့ရပြီး လက်နက်ကိုင်ပဋိပက္ခများအထိ ဖြစ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အဆိုးရွားဆုံးအချိန်ဟာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပါလီမန် ဒီမိုကရေစီခေတ်မှာ နိုင်ငံရေးကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ တိုင်းရင်းသားရေးကွဲပြားမှု၊ အယူဝါဒရေးကွဲပြားမှုမှ တစ်ဆင့် အုပ်ချုပ်တဲ့အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင် ဆန့်ကျင်ခြင်းမှ ပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီး နိုင်ငံတကာက “ရန်ကုန်အစိုးရ” လို့ နှိမ့်ချခေါ်ဝေါ်ခဲ့ရတာကို သတိပြုမိကြမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနေ့ထိ တောက်လျှောက်တောက်လောင်နေဆဲဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခရဲ့ ဇာစ်မြစ်နဲ့ စတင်ခဲ့တဲ့အချိန်ကာလအရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသည် တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်များ အကြား စတင်ဖြစ်ပွားခဲ့တာ မဟုတ်ဘဲ သက်ဆိုင်ရာ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့တာ ဖြစ်တယ်လို့ဆိုရခြင်း ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ အစိုးရရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့တာဝန်ရှိတဲ့အဖွဲ့အစည်းပီသစွာ ကာကွယ်ရခြင်းပဲဖြစ်ပါတယ်။ ဒီနေ့အချိန်အခါမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသည် တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား ဖြစ်ပွားနေသော ပဋိပက္ခသာဖြစ်တယ်လို့ တစ်ဖက်သတ်ကောက်ချက်ချနေခြင်းဟာ မသင့်လျော်သော၊ ယုတ္တိမတန်သော ကောက်ချက်သာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

### ဘယ်လောက်အခက်အခဲရှိနေပါစေ အတူတကွပေါင်းစည်း

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီလက်ထက်မှာ အစိတ်စိတ်အမြွှာမြွှာ သွေးခွဲအုပ်ချုပ်ခံခဲ့ရပြီးနောက် လွတ်လပ်ရေးမရခင်မှာ ပေါင်းစည်းပြီး အတူတကွလွတ်လပ်ရေးရယူနိုင်ရေး ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။ ပင်လုံသမိုင်းကိုလေ့လာကြည့်ရင် ပင်လုံစာချုပ်ဟာ လွယ်လွယ်ကူကူဖြစ်ပေါ်လာတဲ့ စာချုပ်မဟုတ်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ သွေးထိုးလှုံ့ဆော်မှုတွေ၊ တစ်ဖက်သတ်လိုလားချက်နဲ့ တောင်းဆိုမှုတွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပင်လုံညီလာခံက ပြန်ဖို့နဲ့ ပြည်မချည်းသက်သက် လွတ်လပ်ရေးရယူဖို့ အကြံဖြစ်ခဲ့ဖူးပါတယ်။ အပါးတော်မြဲဖြစ်တဲ့ ဗိုလ်ထွန်းလှကို ပြန်ဖို့အတွက် လေယာဉ်ခေါ်ယူခိုင်းတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ် ပြန်မယ်ဆိုတဲ့ သတင်းကြားရတော့ ပင်လုံတစ်ဝိုက်မှာ စုစည်းနေတဲ့ တိုင်းရင်းသား ပြည်သူလူထုနဲ့ ကျောင်းသားတွေက “ရှမ်း-ဗမာ ပူးပေါင်းပါ”၊ “နယ်ချဲ့အလိုမရှိ”စတဲ့ ကြွေးကြော်သံတွေနဲ့ လှည့်လည် ကြွေးကြော်ခဲ့လို့ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေ့မှာတော့ ပင်လုံစိတ်ဓာတ် ပင်လုံသဘောတူညီချက်ကို လိုက်နာရန်ဆိုပြီး ပြောလာကြတာကို တွေ့ရပါတယ်။ ပင်လုံစိတ်ဓာတ်ဆိုတာဘာလဲ။ ဘယ်လောက်အခက်အခဲတွေ ရှိနေပါစေ အတူတကွပေါင်းစည်းနေထိုင်ခြင်းလို့ပဲ သဘောပေါက်ပါတယ်။ ပင်လုံစာချုပ်ဟာ နှစ်ပေါင်းများစွာ အတူတကွပေါင်းစည်းနေထိုင်ခြင်း (Holding-together) ရှိခဲ့တဲ့ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအတွက် စည်းလုံးမှု ပိုမိုကျစ်လျစ်ခိုင်မာစေရေး အသိအမှတ်ပြုတဲ့ မိမိသဘောဆန္ဒအလျောက် ထပ်မံ ပေါင်းစည်းနေထိုင်ခြင်း (Agreement Holding- together) စာချုပ်တစ်ခုလို့ မြင်ပါတယ်။ ပင်လုံစာချုပ်မှာ အပိုဒ် ၉ ပိုဒ်သာ ပါဝင်ပါတယ်။ ဒီစာချုပ်ရဲ့ အပိုဒ်တိုင်း၊ စာကြောင်းတိုင်းမှာ ခွဲထွက်ခြင်းလို့ အဓိပ္ပာယ်သက်ရောက်တဲ့ စကားလုံးတစ်ခုမှမပါပါဘူး။ ဘယ်လိုပေါင်းစည်းပြီး လွတ်လပ်ရေးရယူမယ်ဆိုတာသာ ပါရှိတယ်။

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ဒီနေ့အပြောအများဆုံး၊ ရည်ညွှန်းအခံရဆုံး စာပိုဒ်ကတော့ စာပိုဒ် ၅ ရဲ့ နောက်ဆုံးစာကြောင်းပါပဲ။ အဲဒီစာကြောင်းမှာ "Full autonomy in internal administration for the Frontier Areas is accepted in principle" "နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရာနှုန်းအပြည့် ရှိစေရမည်ဟူသောမူကို သဘောတူညီကြသည်"လို့ ပညာရှင်အချို့က ဘာသာပြန်ထားပါတယ်။ စာချုပ်ပါ "Internal administration" "နယ်တွင်းအုပ်ချုပ်ရေး" ဆိုတဲ့စကားကို သတိပြုမိကြမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် "ကိုယ်ပိုင်အုပ်ချုပ်ရေး" ဖြစ်ပါတယ်။ NCA မှာ ကျွန်တော်တို့ သဘောတူထားတာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်ပါတယ်။ ဒါ့ကြောင့် NCA သည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုတာထက် ပိုမိုကျယ်ပြန့်တယ်လို့ ကျွန်တော်ပြောခဲ့တာဖြစ်တဲ့အပြင် NCA သည်သာ ပြည်ထောင်စုရဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းဖို့အတွက် တစ်ခုတည်းသော ထွက်ရပ်လမ်းလို့ တင်စားပြောဆိုခဲ့တာ ဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး၊ အာမခံချက်ကို ရယူတဲ့အခါ ဒို့တာဝန်အရေးသုံးပါးလမ်းကြောင်း၊ ခွဲမထွက်ရေး အာမခံချက်တို့က သွေဖည်မသွားဖို့ အထူးလိုအပ်ပါတယ်။

ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ကြရာမှာ NCA စာချုပ်ရဲ့အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဃ)အရ "ပြည်ထောင်စု ညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုသလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့်ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ ပြုလုပ်ရန်"လို့ သဘောတူညီထားပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ ပြုလုပ်ရန်ဆိုတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၂၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအတိုင်း ပြုလုပ်သွားရမှာဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့ ပတ်သက်လို့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုလုပ်နိုင်ပေမယ့် အသစ်ပြန်လည်ရေးဆွဲခြင်းကိုတော့ ခွင့်ပြုမထားကြောင်းတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်နေကြတာဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကနေတစ်ဆင့် ထာဝရငြိမ်းချမ်းရေးဆီသို့ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးရာမှာ ငြိမ်းချမ်းရေးထက်အရေးကြီးတာ ဘာမှမရှိဘူးလို့ အကြိမ်ကြိမ် ပြောခဲ့ဖူးပါတယ်။ ဆွေးနွေးနေကြတာတွေဟာ ငြိမ်းချမ်းရေးကို အဓိကဦးတည်ပြီး လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းဖို့ ဖြစ်ပါတယ်။ နိုင်ငံရေး အထုပ်ဖြေဖို့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြပြီး မိမိတို့ရဲ့ တစ်ဖက်သတ် လိုလားချက်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာတွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဟန့်အတား ဖြစ်စေပါတယ်။ ထာဝရငြိမ်းချမ်းရေး အတွက်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တကယ်လိုအပ်တဲ့ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်တာ၊ ဖြည့်စွက်တာကို မူအားဖြင့် သဘောတူပါတယ်။ သို့သော် ငြိမ်းချမ်းရေးနဲ့မဆိုင်ဘဲ မိမိတို့ရဲ့ နိုင်ငံရေးလိုဘကို ဖြည့်ဆည်းဖို့ NCA လမ်းကြောင်းကို တလွဲအသုံးချပြီး အခြေခံဥပဒေနဲ့ အခြားဥပဒေများကို ပြင်ဆင်တာ၊ ဖြည့်စွက်တာကိုတော့ သဘောတူညီဖို့ ခက်ခဲမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုရဲ့အကျိုးကို ရှေးရှုပြီး ၂၀၁၅ ခုနှစ်အတွင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရဲ့ဇယား-၂ မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အချက် ၃၄ ချက်၊ ဇယား-၅ မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများမှာ အချက် ၂၀ တို့ကို ပြင်ဆင်ဖြည့်စွက်ပြီး လုပ်ကိုင်ခွင့်တွေ ထပ်မံတိုးချဲ့ပေးထားတာဟာ လက်တွေ့မျက်မြင်ပဲဖြစ်ပါတယ်။ လိုအပ်ရင် ထပ်မံဆွေးနွေးတိုးချဲ့နိုင်ရေး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး ထွက်ပေါ်လာခဲ့တဲ့ အချို့တိုင်းရင်းသားတွေရဲ့ ဆန္ဒသဘောထားအရ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေမှာ မဲအများစုရရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မဲနဲ့ပဲ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေကို ရွေးကောက်တင်မြှောက်နိုင်ခွင့်ဟာလည်း ထည့်သွင်းစဉ်းစားရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှာ နိုင်ငံရေးအရ ခန့်အပ်ခံရတဲ့ ဝန်ကြီးများရဲ့နောက်မှာ အတွင်းဝန်များခန့်ထားပြီး အုပ်ချုပ်ရေးယန္တရားကို နိုင်ငံရေးအပြောင်းအလဲဖြစ်တိုင်း နှောင့်နှေးရပ်တန့်မှုမဖြစ်အောင် စီမံဆောင်ရွက်ထားတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုပဲ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း နိုင်ငံရေးအရ ခန့်အပ်ခံထားရတဲ့ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေနဲ့ သီးခြားဖြစ်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး (Governor)တွေကို တာဝန်ပေးနိုင်ဖို့ စဉ်းစားရမှာဖြစ်ပါတယ်။ ဒီစနစ်ကို ကျွန်တော်တို့ရဲ့ အိမ်နီးချင်း ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကြီးဖြစ်တဲ့ အိန္ဒိယမှာ အောင်မြင်စွာ ကျင့်သုံးနေတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

### လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ အဓိကအရေးကြီး

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ အလုပ်လုပ်ရတာ၊ နိုင်ငံတော်တာဝန်ကို ရယူရတာဟာ အခက်အခဲရှိတယ်ဆိုတဲ့ အသံတွေ ပိုမိုကြားလာရပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံကို အာမခံချက်ပေးထားခြင်းဖြစ်ပြီး ရွေးကောက်ပွဲဝင်ခြင်းဆိုတာ နိုင်ငံရေးပါတီနဲ့ ကိုယ်စားလှယ်များက မဲဆန္ဒရှင်များကို အာမခံချက်ပေးခြင်း ဖြစ်ပါတယ်။ အခြေခံဥပဒေပါကိစ္စရပ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ဆိုရင် လွှတ်တော်နဲ့အစိုးရက ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ယခင်သမ္မတကြီး ဦးသိန်းစိန်အစိုးရဟာလည်း ဒီနိုင်ငံကို ဒီအခြေခံဥပဒေနဲ့ စီမံဆောင်ရွက်သွားတာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သလို တိုင်းပြည်ရဲ့စီးပွားရေးကိုလည်း အခြေအနေတစ်ခုအထိ တွန်းတင်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နဲ့ ပြည်တွင်းငြိမ်းချမ်းရေးနယ်ပယ်တွေမှာလည်း အောင်မြင်မှုမှတ်တိုင်များကို စိုက်ထူနိုင်ခဲ့ပါတယ်။ လက်ရှိ နိုင်ငံတော်အစိုးရဟာလည်း ဒီအခြေခံဥပဒေအရ ရွေးကောက်ပွဲဝင်၊ အစိုးရဖွဲ့စည်းပြီး တိုင်းပြည်ကို အုပ်ချုပ်နေတာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ ဒီမိုကရေစီ စံချိန်စံညွှန်းတွေ၊ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ မကိုက်ညီဘူးဆိုရင်၊ အဓိကတာဝန်ရှိတဲ့ (Institution) တွေကလည်း လိုက်နာမှုမရှိဘူးဆိုရင် လက်ရှိအစိုးရဟာ အတိုက်အခံပါတီဘဝကနေ အာဏာရပါတီအဖြစ် ဖြစ်လာစရာအကြောင်း မရှိဘူးလို့ ယူဆပါတယ်။ အခြေခံဥပဒေမှာ ဒီမိုကရေစီရဲ့ အနှစ်သာရတွေဖြစ်တဲ့ နိုင်ငံရေးပါတီတွေ၊ အဖွဲ့အစည်းတွေကို ပိတ်ပင်ထားတာ၊ အတိုက်အခံတွေကို နှိပ်ကွပ်ထားတာ၊ နိုင်ငံသားအခွင့်အရေးတွေကို ချိုးနှိမ်ထားတာ၊ ဖက်ဒရယ်စနစ်ရဲ့ အနှစ်သာရတွေဖြစ်တဲ့ တိုင်းရင်းသားတွေကို ခွဲခြားဆက်ဆံတာတွေရှိရင် ထောက်ပြကြဖို့၊ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြဖို့ ပြောလိုပါတယ်။ ဒီလိုမဟုတ်ဘဲ နိုင်ငံရေးလက်စားချေလိုမှု (Political Revenge) ဒီမိုကရေစီအနိုင်ကျင့်မှုမျိုးတွေ ပြုလုပ်မယ်ဆိုရင် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဆုတ်ယုတ်သွားမှာဖြစ်ပါတယ်။ အချို့သော ကမ္ဘာ့နိုင်ငံများမှာ ဖြစ်ပွားနေတဲ့ နိုင်ငံရေးလက်စားချေမှုတွေဟာ သင်ခန်းစာယူစရာတွေဖြစ်ပါတယ်။ အလားတူ နိုင်ငံရေးလက်စားချေလိုမှုနဲ့ တည်ဆဲဥပဒေတွေကို စိတ်ချရတဲ့ အခြေအနေတစ်ခုမရောက်မီ ဖျက်သိမ်းပစ်တာ၊ အသစ်ပြဋ္ဌာန်းတာတွေကိုလည်း ဆင်ခြင်ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီအစပျိုးကာလမှာ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ အဓိကအရေးကြီးပါတယ်။ တိုင်းရင်းသားအရေး၊ အမျိုးသားအကျိုးစီးပွားအရေးထက် ပိုအရေးကြီးတာမရှိပါဘူး။ စစ်ရေးနဲ့ နိုင်ငံရေးမှာ မတရားတာမရှိဘူးလို့ ဆိုရိုးစကားရှိပေမယ့် ကျွန်တော့်အနေနဲ့ကတော့ ရိုးသားတဲ့နိုင်ငံရေး၊ တရားမျှတတဲ့ နိုင်ငံရေးကိုသာ လိုချင်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို တောင်းဆိုကြရာမှာ ပြည်ထောင်စုအတွင်းရှိ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်မှာမဆို တိုင်းရင်းသားလူမျိုးစုတစ်စုတည်း သီးသန့်နေထိုင်တာမဟုတ်ဘဲ လူမျိုးပေါင်းစုံ ပေါင်းစည်းနေထိုင်လျက်ရှိတာကို သတိပြုကြရမှာ ဖြစ်ပါတယ်။ သာဓကအားဖြင့် ၂၀၁၄ ခုနှစ်၊ လူဦးရေစာရင်းအရ ကချင်ပြည်နယ်မှာဆိုရင် လူဦးရေ ၁၆ သိန်းကျော်ရှိပြီး လူဦးရေအချိုးမှာ ဗမာ ၂၉.၂ ရာခိုင်နှုန်း၊ ရှမ်း ၂၃.၆ ရာခိုင်နှုန်း၊ ဂျိမ်းဖော ၁၈.၉၇ ရာခိုင်နှုန်း၊ လီဆူ ၇ ရာခိုင်နှုန်း၊ ရဝမ် ၅.၅ ရာခိုင်နှုန်း၊ လော်ဝေါ် ၃.၃၃ ရာခိုင်နှုန်း၊ လာချိတ် ၂.၈၉ ရာခိုင်နှုန်း၊ ဇိုက်ဝါး ၁.၅၇ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများ ၈ ရာခိုင်နှုန်းခန့် ရောနှောနေထိုင်ကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဓိကတိုင်းရင်းသားလူမျိုးကြီး ၈ မျိုးလို့ ဆိုပေမယ့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော် ရှိပါတယ်။ ဒီမိုကရေစီဆိုရာမှာ လူအများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစားရမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ပတ်သက်လို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူနည်းစုတိုင်းရင်းသားများရဲ့ဆန္ဒ၊ သဘောထားနဲ့ အခွင့်အရေးတွေကိုလည်း ထည့်သွင်းတွက်ချက်ရမှာ ဖြစ်ပါတယ်။

### ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်နေမှုမှန်သမျှ တားဆီးရမှာဖြစ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပတ်သက်လို့ကတော့ အားလုံးဟာ NCA ကို လက်မှတ်ရေးထိုးဖို့ လိုအပ်ပါတယ်။ NCA ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ တောင်းဆိုချက်အရ ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က NCAကို လက်နက်သဖွယ် စွဲကိုင်နေတာ မဟုတ်ပါဘူး။ NCA ကို ဆုပ်ကိုင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် အကျပ်ကိုင်ခြင်း လုံးဝမရှိပါကြောင်း ပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ သွားနေရာမှာ "တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း"လုပ်နေလို့ မရဘူး။ အားလုံးက တစ်ပြေးညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုမရပ်စဲဘဲ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်နေခြင်းဟာ အငြင်းပွားမှုကို ပိုမိုဖြစ်စေနိုင်ပါတယ်။ စစ်ရေးဆိုင်ရာ စစ်မျက်နှာအပြင် နိုင်ငံရေးဆိုင်ရာ စစ်မျက်နှာအသစ်တစ်ခုကိုပါ ထပ်မံဖွင့်လှစ်လိုက်သလိုပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်များရဲ့ လက်နက်ကိုင်ပြီး အစိုးရအဆက်ဆက်ကို တောင်းဆိုခဲ့တာဟာ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို NCA မှာ မူအားဖြင့် သဘောတူထားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ ဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။ နိုင်ငံရေးအာဏာရလိုရင် တရားဝင်နိုင်ငံရေးပါတီ ထူထောင်ပြီး ရွေးကောက်ပွဲဝင်၊ စီးပွားရေးလုပ်ချင်ရင် ကုမ္ပဏီထောင်၊ ကိုယ့်နိုင်ငံကို ကာကွယ်မယ့် စစ်မှုထမ်းလုပ်ချင်တယ်ဆိုရင် နိုင်ငံတော်ရဲ့ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်ထဲကို ဝင်ရောက်ရမှာ ဖြစ်ပါတယ်။ ဒါတွေကို မျက်ကွယ်ပြုပြီး တစ်ဖက်က ငြိမ်းချမ်းရေးကို အကြောင်းပြကာ လက်နက်စွဲကိုင်လျက် နိုင်ငံရေးတည်ဆောက်နေတာတွေ၊ လက်နက်အင်အား၊ လူအင်အားတည်ဆောက်နေတာတွေ၊ နယ်မြေတည်ဆောက်နေတာတွေ၊ တိုင်းရင်းသားအချင်းချင်း အနိုင်ကျင့်တာတွေဟာ ပြည်သူလိုလားတဲ့ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဆန့်ကျင်ခြင်း၊ လက်နက်ကိုင်ပြီး "သူတစ်လူ၊ ငါတစ်မင်း"၊ "နယ်တစ်နယ်၊ ခေါင်းတစ်စင်း" စနစ်ကို တည်ထောင်လိုခြင်းသာ ဖြစ်တယ်လို့ ယူဆရမှာဖြစ်ပြီး ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်နေမှုမှန်သမျှကို နည်းလမ်းပေါင်းစုံသုံးပြီး တားဆီးသွားရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးစဉ်မှာ လက်နက်ကိုင်ပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာဟာ အခွင့်အရေးတစ်ခုကို ဖိအားပေး ဖန်တီးယူနေသလိုဖြစ်နေပြီး သင့်လျော်မှုမရှိပါဘူး။ ငြိမ်းချမ်းရေး ဆွေးနွေးဆဲအချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့လိုအပ်ချက်များကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်ပြီး လုပ်လို့ရတယ်ဆိုတဲ့ အယူအဆကို ဆင်ခြင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအပေါ်မှာ တန်းတူရည်တူ သဘောထားခဲ့ပါတယ်။ အင်အားကောင်းပြီး ထိတွေ့တိုက်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ရတဲ့ KNU အဖွဲ့အပေါ်မှာလည်း တစ်သဘောတည်း၊ အင်အားနည်းပြီး ထိတွေ့တိုက်ပွဲမရှိသလောက်ဖြစ်တဲ့ CNF နဲ့ ANP တို့လို လက်နက်ကိုင်အဖွဲ့တွေအပေါ်မှာလည်း တစ်သဘောတည်းထားပြီး NCA စာချုပ်ကို လက်မှတ်ရေးထိုးစေခဲ့တာဖြစ်ပါတယ်။ NCA လက်မှတ်ထိုးပြီးမှ NCA အရေခြုံပြီး နိုင်ငံရေး၊ လက်နက်၊ လူအင်အား၊ နယ်မြေတိုးချဲ့တည်ဆောက်နေတာတွေဟာ တည်ငြိမ်မှုရှိပြီးဖြစ်တဲ့ နယ်မြေတွေနဲ့ တိုင်းရင်းသားဒေသတွေအပေါ် အကျိုးယုတ်စေမှာဖြစ်လို့ ရှောင်ရှားဖို့လိုအပ်ပါတယ်။ RCSS (SSA)အဖွဲ့ဟာဆိုရင် နိုင်ငံရေးနဲ့ လုံခြုံရေးအကြောင်းပြချက်အမျိုးမျိုးနဲ့ ပြောင်းလဲဖွဲ့စည်းလာတဲ့ ဦးခွန်ဆာ ခေါင်းဆောင်တဲ့ (MTA)အဖွဲ့က ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ အစိုးရထံလက်နက်အပ်နှံပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာရာကနေ ဇန်နဝါရီလအကုန်မှာ ပြန်လည်ခွဲထွက် တောခိုခဲ့တဲ့အဖွဲ့ဖြစ်ပါတယ်။ NCA စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးထားပြီး နိုင်ငံရေး၊ လက်နက်အင်အား၊ လူအင်အားတည်ဆောက်မှု၊ သတ်မှတ်ပေးထားတဲ့နယ်မြေထက် အဆများစွာ ကျော်လွန်ပြီး နယ်မြေတည်ဆောက်မှုတွေ ပြုလုပ်နေလို့ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိတာကို တွေ့ရပါတယ်။ NCA ကို တလွဲအသုံးမချဖို့ ပြောလိုပါတယ်။ တလွဲအသုံးချရင် တိုင်းရင်းသားပြည်သူလူထုရဲ့ အသက်၊ အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးဖို့ တာဝန်ရှိတဲ့ တပ်မတော်အနေနဲ့ လက်ပိုက်ကြည့်နေနိုင်မှာမဟုတ်ကြောင်း အသိပေးလိုပါတယ်။

NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်များ လှုပ်ရှားသွားလာခွင့်ပြုထားတဲ့ နေရာအတော်များများမှာ ပစ်ခတ်တိုက်ခိုက်မှုမရှိတာ တွေ့ရပါလိမ့်မယ်။ ဘာဖြစ်လို့ပါလဲ၊ နှစ်ဖက်တာဝန်ရှိသူများက ထိန်းသိမ်းလိုက်နာကြခြင်းကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း အေးချမ်းတဲ့အကျိုးများ ဒေသခံတွေခံစားရပြီး သူတို့ဘဝတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခွင့်ရကြလို့ ဒီနယ်မြေတွေဟာ ယခင်ကထက် ပိုမိုတိုးတက်လာတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ သို့ဖြစ်တဲ့အတွက် ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးလုပ်ဆောင်နိုင်လေလေ ပြည်သူတို့ဘဝတိုးတက်လာစေလေဖြစ်ပါတယ်။ ဒါ့ကြောင့် အချိန်မဆွဲဘဲ ဒီမိုကရေစီလမ်းကြောင်းပေါ် အမြန်လျှောက်လှမ်းဖို့ ပြောလိုပါတယ်။ ပြည်သူတွေကလည်း ထာဝရငြိမ်းချမ်းရေးကို အမြန်ရရှိရေး မျှော်လင့်နေပါတယ်။

### လုံခြုံရေးဆိုင်ရာ ပေါင်းစည်းရေးကိစ္စရပ်များကို ဦးစွာဆောင်ရွက်

လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ရရှိဖို့အတွက် ကျွန်တော်တို့မဖြစ်မနေ ဖြတ်သန်းရမယ့်အဆင့်တစ်ခုကတော့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းပဲဖြစ်ပါတယ်။ မည်သည့်နိုင်ငံရေးစနစ်ကိုကျင့်သုံးတဲ့ နိုင်ငံပဲဖြစ်စေ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကလက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်၊ တပ်မတော်တစ်ခု (Single Army)သာ ထားရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေနှင့်အညီခွင့်ပြုတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေရရှိရင် လက်နက်ကိုင်လမ်းစဉ်ကို သံယောဇဉ်ဖြတ်တောက်ရမှာ ဖြစ်ပါတယ်။ ကာကွယ်ရေးတာဝန်ကို ဆက်လက်ထမ်းဆောင်ချင်ရင် တပ်မတော်အတွင်း ဝင်ရောက်ရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း သတ်မှတ်စစ်မှုထမ်းစည်းမျဉ်းနဲ့ အရည်အချင်းအလိုက် ရာထူး၊ နေရာတွေပေးသွားမှာဖြစ်ပါတယ်။ ယနေ့ မြန်မာ့တပ်မတော်ဟာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ကနေ စတင်ခဲ့ပြီး ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ဖွဲ့စည်းခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကနေ သန္ဓေတည်ခဲ့တာဖြစ်ပါတယ်။ ဂျပန်ခေတ်မှာ တပ်မတော်ကို အင်အားလျှော့ချခံခဲ့ရပြီး BDA အဖြစ် ပြောင်းလဲခဲ့ပါတယ်။ ၁၉၄၅ ခုနှစ် အင်္ဂလိပ်တို့ ဒုတိယအကြိမ် ပြန်ဝင်ရောက်လာချိန်မှာ မျိုးချစ်ဗမာ့တပ်မတော် (PBF) ကို ဖျက်သိမ်းပြီး ၎င်းတို့စစ်ပြေးစဉ် အိန္ဒိယမှာဖွဲ့ခဲ့တဲ့ အမည်ခံ (Burma Army) နဲ့ အစားထိုးဖို့လုပ်ခဲ့ပါတယ်။ ဒါပေမယ့် ပြည်သူလူထုတစ်ရပ်လုံးက လက်မခံဘဲ နေသူရိန်လူထု အစည်းအဝေးကြီးမှာ "တပ်မတော်နဲ့ပတ်သက်သောအဆို" ကို တင်သွင်းပြီး တပ်မတော် ဆက်လက်ရပ်တည်ရေး ဆောင်ရွက်ခဲ့ပါတယ်။ မန္တလေး၊ စစ်ကိုင်း၊ မြင်းခြံ၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ သာယာဝတီ၊ ဟင်္သာတစတဲ့ မြို့ကြီးတွေမှာလည်း နေသူရိန်လူထုအစည်းအဝေးကြီးက တင်သွင်းတဲ့အဆိုများကို ထောက်ခံပွဲပြုလုပ်ပြီး တစ်ခဲနက်ထောက်ခံခဲ့ကြပါတယ်။ ဒါကြောင့် အင်္ဂလိပ်တို့က မြန်မာ့တပ်မတော်ဖွဲ့စည်းရေး ကန္ဒီစာချုပ်ကို ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှာ ချုပ်ဆိုခဲ့ပါတယ်။ တပ်မတော် (ရေ)၊ တပ်မတော်(လေ) ဖွဲ့စည်းရေးအတွက် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာနှင့် ဂျွန်ဒဗလျူဖရီးမင်းတို့ ချုပ်ဆိုခဲ့တဲ့ လက်ျာ-ဖရီးမင်း စာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ဗမာ့လေတပ်မတော်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ ဗမာ့ရေတပ်မတော်ဆိုပြီး ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ ယနေ့ မြန်မာ့တပ်မတော်က တပ်အစိတ်အပိုင်းအသီးသီးနဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေဟာ နိုင်ငံတော်ပြန်တမ်း၊ နိုင်ငံတော်ရဲ့ ဖွဲ့စည်းမိန့်နဲ့ ပေါ်ပေါက်လာတဲ့ တပ်များဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်သားများဟာ မိမိဆန္ဒသဘောထားအလျောက် တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြသူများဖြစ်ပြီး ခွဲတမ်းအနေနဲ့ တာဝန်ထမ်းဆောင်ကြသူများ မဟုတ်ပါဘူး။ တပ်မတော်အရာရှိများဟာ နိုင်ငံတော်ပြန်တမ်းနဲ့ ခန့်အပ်ခံထားရသူများဖြစ်သလို စစ်သည်များဟာလည်း သတ်မှတ်အရည်အချင်း၊ စစ်မှုထမ်းစည်းမျဉ်းတွေနဲ့ ခန့်အပ်ခံထားရသူတွေ ဖြစ်ပါတယ်။ ဆင့်ကဲအုပ်ချုပ်မှုစနစ်နဲ့ နိုင်ငံတော်အပေါ် သစ္စာခံရသူများ ဖြစ်ပါတယ်။ ဒီဖြစ်တည်မှုတွေ၊ ပြန်တမ်းတွေ၊ စည်းမျဉ်း စည်းကမ်းတွေဟာ စစ်မှုထမ်းအားလုံး လိုက်နာစောင့်ထိန်းရမယ့် အရာတွေပဲ ဖြစ်ပါတယ်။ ပြည်နယ်အလိုက် ကာကွယ်ရေးတပ်များထားရှိရေး၊ အဆင့်ဆင့်တာဝန်ထမ်းဆောင်မှုမရှိဘဲ စစ်မှုထမ်းစည်းမျဉ်းကို ကျော်လွန်ခန့်ထားရေးတို့ဟာ မဖြစ်နိုင်တဲ့၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နောက်ပြန်ဆွဲလိုတဲ့ အတွေးအခေါ်များသာဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါ့အပြင် တပ်မတော်အနေနဲ့ ဒီမိုကရေစီစနစ်နဲ့ ကိုက်ညီတဲ့ တပ်မတော်အဖြစ် ပြုပြင်ပြောင်းလဲသွားဖို့ မူအားဖြင့် သဘောတူပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကနဦးဆောင်ရွက်ရမှာက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCA စာချုပ်ကို လက်မှတ်ရေးထိုးပြီး လုံခြုံရေးဆိုင်ရာ ပေါင်းစည်းရေးကိစ္စရပ်များကို ဦးစွာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-**

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခြေခံမူများ ချမှတ်ရာမှာ သဘောတူညီပြီးဖြစ်တဲ့ NCA ရဲ့ အခြေခံမူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်ရဲ့ အခြေခံမူများကို ရှေးရှုပြီး ဆောင်ရွက်သွားကြပါ။
- ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြရာမှာ တဒင်္ဂငြိမ်းချမ်းရေး၊ အစိုးရသက်တမ်းတစ်ခုအတွင်းမှာသာ ရရှိရမည့်ငြိမ်းချမ်းရေးကို ဆောင်ရွက်နေခြင်း မဟုတ်ဘူးဆိုတာ အထူးသတိပြုပြီး ရေရှည်မျှော်မှန်း ဆောင်ရွက်သွားကြပါ။
- NCA စာချုပ်မှာ လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့လည်း တိုင်းရင်းသားပြည်သူလူထုရဲ့ငြိမ်းချမ်းရေးဆန္ဒကို တန်ဖိုးထားပြီး လက်မှတ်ရေးထိုးသွားကြဖို့နဲ့ လက်မှတ်ရေးထိုးပြီးသားအဖွဲ့များအနေနဲ့လည်း စိတ်ရင်းစေတနာမှန်မှန်နဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းသွားကြဖို့ အကြံပြုပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပင်လုံစာချုပ်အရ ဒီပြည်ထောင်စုကြီးကို ထူထောင်ခဲ့ပါတယ်၊ ထိုနည်းတူ ပင်လုံစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရမှာ ဖြစ်ပါတယ်

နေပြည်တော် အောက်တိုဘာ ၁၅

**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးတွင် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး**

လေးစားအပ်ပါသော

- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
- တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
- တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ ခင်ဗျား

အခုလို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၃)နှစ်ပြည့် အခမ်းအနားနဲ့ ပထမအကြိမ် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ထိပ်သီးခေါင်းဆောင်များ အလွတ်သဘောတွေ့ဆုံပွဲမှာ NCA စာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများကိုယ်စား အဖွင့်မိန့်ခွန်းပြောကြားခွင့်ရရှိတဲ့အတွက် များစွာဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို မင်္ဂလာပါလို့လည်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဟာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကိစ္စ တစ်ခုတည်းနဲ့ သာ သက်ဆိုင်တဲ့စာချုပ် မဟုတ်ပါဘူး။ နှစ်ပေါင်း (၇၀) ကြာမြင့်နေပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေပြီး ဒီပြည်ထောင်စုကြီးကို ဘယ်လို ပြန်လည်ထူထောင်ကြမလဲဆိုတဲ့ ဘုံနိုင်ငံရေး မျှော်မှန်းချက်လည်း ပါရှိပါတယ်။

ငြိမ်းချမ်းရေးကိုတည်ဆောက်ပြီး ပြည်ထောင်စုကြီးကို ဘယ်လိုပြန်လည် ထူထောင်ကြမလဲဆိုတဲ့ **ဘုံနိုင်ငံရေးရည်မှန်းချက်ကြီး** ကို NCA စာချုပ် အခန်း(၁) မှာပါတဲ့ အခြေခံမူမှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။ အထူးသဖြင့် NCA စာချုပ် အခန်း(၁)၊ အခြေခံမူ(၁)မှာ ကျွန်တော်တို့အားလုံးရဲ့ **ဘုံနိုင်ငံရေးရည်မှန်းချက်** လေးခုကို ဖော်ပြထားပါတယ်။

> **“တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဟာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကိစ္စ တစ်ခုတည်းနဲ့သာ သက်ဆိုင်တဲ့စာချုပ် မဟုတ်ပါဘူး။ နှစ်ပေါင်း (၇၀) ကြာမြင့်နေပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေပြီး ဒီပြည်ထောင်စုကြီးကို ဘယ်လိုပြန်လည် ထူထောင်ကြမလဲဆိုတဲ့ ဘုံနိုင်ငံရေးမျှော်မှန်းချက်လည်း ပါရှိပါတယ်။”**

NCA စာချုပ်မှာပါတဲ့ ဘုံနိုင်ငံရေးရည်မှန်းချက်(၁)ကတော့-ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍.... ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါတယ်။ ဒါဟာ တပ်မတော်နှင့် အစိုးရတို့ဘက်က တင်ပြတဲ့ ဘုံနိုင်ငံရေးရည်မှန်းချက်ပဲ ဖြစ်ပါတယ်။

NCA စာချုပ်မှာပါတဲ့ ဘုံနိုင်ငံရေးရည်မှန်းချက် (၂)ကတော့- လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ဆိုတဲ့ လောကပါလတရားပဲဖြစ်ပါတယ်။ လောကပါလတရား မပါဘဲ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို အခြေခံတဲ့လူ့အဖွဲ့ အစည်းကို ထူထောင်လို့ မရပါဘူး။ ဒါကြောင့် လောကပါလတရားဟာ ကျွန်တော်တို့ အားလုံး လိုလားတဲ့ ဘုံနိုင်ငံရေး ရည်မှန်းချက် ဖြစ်ပါတယ်။

NCA စာချုပ်မှာပါတဲ့ ဘုံနိုင်ငံရေး ရည်မှန်းချက် (၃)ကတော့-ပင်လုံစိတ်ဓာတ်ဖြစ်ပါတယ်။ ပင်လုံစာချုပ်အရ ဒီပြည်ထောင်စုကြီးကို ထူထောင်ခဲ့ပါတယ်။ ထိုနည်းတူ ပင်လုံစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ဖို့ နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအစည်းအဝေးများကို ကျင်းပနေခြင်းဖြစ်ပါတယ်။

NCA စာချုပ်မှာပါတဲ့ ဘုံနိုင်ငံရေး ရည်မှန်းချက်(၄)ကတော့- ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အပြည့်အဝရရှိရေးပဲဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့တိုင်းရင်းသားလူမျိုးများလက်နက်ကိုင် တော်လှန်ရေးဆင်နွဲပြီး နှစ်ပေါင်း ၇၀ ကျော် တောင်းဆိုတဲ့ တောင်းဆိုချက်များဖြစ်ပါတယ်။

ဒီနိုင်ငံရေး ဘုံရည်မှန်းချက် (၄)ခုကို ပေါင်းစပ်ပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားကြမယ်လို့ NCA စာချုပ်မှာ လက်မှတ်ရေးထိုး သဘောတူထားခဲ့ကြတယ်။ NCA စာချုပ်မှာပါတဲ့အတိုင်း နိုင်ငံရေးဘုံရည်မှန်းချက်များကို အကောင်အထည်ဖော်တဲ့အခါ ကျွန်တော်တို့ အခက်အခဲနဲ့ကြုံတွေ့ရပါတယ်။ တချို့ တစ်ဆို့မှုလို့ခေါ်ကြတယ်။

ဒီနေ့ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အဓိကတစ်ဆို့မှုဖြစ်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ခွဲမထွက်ရဆိုတဲ့အမြင်ပေါ်မှာ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ အစိုးရနဲ့ တပ်မတော်တို့ကြားမှာ အမြင်ကွာဟချက်များရှိနေပါတယ်။ ဒါကို အားလုံးလက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းဖို့ လိုပါတယ်။ ဒါဟာ နိုင်ငံရေးပိုင်းဆိုင်ရာဖြစ်သလို ကျွန်တော်တို့အားလုံး မျှော်မှန်းနေတဲ့ အနာဂတ်ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ တိုက်ရိုက်ပတ်သက်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် တိုင်းပြည်အတွက် လိုအပ်တဲ့ ဖက်ဒရယ်အခြေခံမူတွေကို ရှာဖွေကြရာမှ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူနည်းစုအခွင့်အရေး၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး၊ အာဏာခွဲဝေရေးဆိုတာတွေအပေါ် အဓိကအခြေခံတဲ့ ဖက်ဒရယ်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ မူသဘောတွေကို ရှာဖွေဖော်ထုတ်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် ဖက်ဒရယ်မူကို ရှာဖွေတဲ့နေရာမှာ ခွဲထွက်ရေး၊ ခွဲမထွက်ရေးဆိုတဲ့ ကိစ္စမျိုးနဲ့ ဆက်စပ်ထားစရာမလိုပါဘူး။ စိုးရိမ်စိတ်ရှိမယ်ဆိုရင်လည်း ကျွန်တော်တို့ လိုချင်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟာ ဘယ်လိုမျိုး အခွင့်အရေးလဲဆိုတာကို တင်ပြချင်ပါတယ်။

ကျွန်တော်တို့တောင်းဆိုတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်က ပြည်ထောင်စုတစ်ခုအတွင်းမှာရှိတဲ့ ပြည်နယ်များက ကျင့်သုံးရမယ့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မျိုးဖြစ်တယ်။ ဒါကို ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် ကျင့်သုံးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်းဆိုနေတဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နဲ့ သဟဇာတရှိရှိ ရေးဆွဲပြဋ္ဌာန်းရမှာဖြစ်ပြီး တစ်ဆက်တည်းမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်တဲ့ ယန္တရားလည်း ပါရှိနေမှာဖြစ်ပါတယ်။

လေးစားရတဲ့

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တပ်မတော် ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ခေါင်းဆောင်များ၊

တိုင်းရင်းသားပြည်သူလူထုကြီးခင်ဗျား -

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပွားနေတဲ့ နှစ်ပေါင်း ၇၀ ကျော် လက်နက်ကိုင်ပဋိပက္ခတွေဟာ ရပ်တန့်သင့်ပါပြီ။ ဖြစ်ပွားနေတဲ့ လက်နက်ကိုင် ပဋိပက္ခများ ရပ်တန့်နိုင်အောင် ကြိုးပမ်းကြပါစို့။

NCA လက်မှတ်မရေးထိုးနိုင်သေးတဲ့ အဖွဲ့အစည်းများ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ရေးကိုလည်း အလေးထား ဆက်လက်ဆောင်ရွက်ကြပါစို့။

ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မယ့် အနာဂတ်မျိုးဆက်သစ်များအတွက် ကျွန်တော်တို့ကြားမှာ အတူတကွ လက်တွဲလျှောက်လှမ်းနိုင်မယ့်၊ အားလုံးလိုက်ပါနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထု ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပမည် ဖြစ်သည်။

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲတွင် ပါမောက္ခ ခင်ပြုံးကြည်၊ ပါမောက္ခ ထင်အောင်စော၊ ပါမောက္ခခင်မောင်ကြီး၊ ပါမောက္ခ သန်းသန်းဌေးနှင့် ဒေါက်တာ သဇင်ညွန့်တို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် ပါမောက္ခခင်ပြုံးကြည်က “အသည်းရောင်ရောဂါဘီနှင့် စီရောဂါအကြောင်း သိကောင်းစရာ”၊ ပါမောက္ခခင်မောင်ကြီးက “အဖြစ်များသော စိတ်ရောဂါများအကြောင်း သိကောင်းစရာ”၊ ပါမောက္ခသန်းသန်းဌေးက “လေဖြတ်ခြင်းဝေဒနာ ပြန်လည်သန်စွမ်းရေး”၊ ဒေါက်တာသဇင်ညွန့်က “သားဆက်ခြားခြင်း သိမှတ်စရာများ” ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်း၊ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဘူးသီးတောင်နှင့် မောင်တောဒေသရှိ လူမှုအသိုက်အဝန်းများနှင့် တွေ့ဆုံ

**မောင်တော အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာရာ မောင်တောမြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် အထူးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဘူးသီး တောင်မြို့သို့ ဆက်လက်ထွက်ခွာကြပြီး ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ လူမှုအသိုက်အဝန်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် အထူးကိုယ်စားလှယ်အဖွဲ့သည် ဘူးသီးတောင်မြို့မစည်ပင်သာယာဈေးနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အထူးကိုယ်စားလှယ်အဖွဲ့သည် ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ ပြန်လည်ထွက်ခွာကြပြီး မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ လူမှုအသိုက်အဝန်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဝန်ကြီးဦးစိုးအောင်က ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်တွင် ထိခိုက်နစ်နာခဲ့ရသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အထူးကိုယ်စားလှယ်အဖွဲ့သည် ကိုင်းကြီးကျေးရွာရှိ မြိုတိုင်းရင်းသား များနှင့် တွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် စစ်တွေမြို့သို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

**ကျော်ရဲအောင်**

## ရေရှည်ကျောက်ကပ်ပျက်စီးမှုရောဂါနှင့် ပတ်သက်၍ ပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၅**

သွေးတိုး၊ ဆီးချိုရောဂါကြောင့် မြန်မာနိုင်ငံတွင် နှစ်စဉ်ရေရှည် ကျောက်ကပ် ပျက်စီးမှုများပြားလာခြင်းနှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှု လျှော့ချရန်နှင့် ကုသမှုပေးနိုင်ရေးအသိပညာပေးခြင်းဟောပြောပွဲအစီအစဉ်ကို ယမန်နေ့က မန္တလေးမြို့ Hilton Hotel Mandalay ၌ ကျင်းပသည်။

အဆိုပါ ပညာပေးဟောပြောပွဲ ဖြစ်မြောက်ရန် Dr.Reddy's က အဓိက ကူညီပံ့ပိုးသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေနှင့်အဖွဲ့၊ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်များ အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်သည်။

ရှေးဦးစွာ Mr . Gulshan Arora က နှုတ်ခွန်းဆက်စကား ပြောကြားပြီးဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီးပါမောက္ခဌာနမှူး ဒေါက်တာထားကြည်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ် အထူးကုသမားတော်ကြီး ဒေါက်တာ ကျော်ဆန်းလွင်က ရောဂါဖြစ်ပွားမှု လျှော့ချရေးနှင့် ကာကွယ်ရေးအခြေအနေများနှင့် ပတ်သက်၍ ပြောကြားပြီး တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ဘုန်းမြင့်က ကျောက်ကပ်ရောဂါကြောင့် ဖြစ်ပွားသည့် သွေးအားနည်းခြင်းကုသရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူ ဆရာဝန်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# လွိုင်လင်မြို့နယ်၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ငွေကျပ် ၁၄၂၂ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၂၇)လွိုင်လင်မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်စဉ် လွိုင်လင်မြို့နယ်၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များနှင့် လွိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သတင်း ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လွိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီး ကားလမ်းတွင် တောင်ကြီးမြို့ဘက်မှ လွိုင်လင်မြို့ဘက်သို့ ညီညီလွင် (၃၉ နှစ်) မောင်းနှင်ပြီး ဘိုဘိုဝင်း (ခ)မြင့်မြတ် (၂၇ နှစ်) လိုက်ပါလာသည့် မော်တော်ယာဉ်ရောက်ရှိ လာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်၏ နောက်တွဲပေါ်ရှိ ပလတ်စတစ်ပီပါ ၇၉ လုံးအတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဆာလဖြူရစ်အက်စစ် ၁၄၂၂၀ လီတာခန့် (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ် ၁၄၂၂ သိန်း)နှင့် ညီညီလွင်ထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ညီညီလွင်နှင့် ဘိုဘိုဝင်း (ခ) မြင့်မြတ်တို့ နှစ်ဦးအား လွိုင်လင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူပြီး ကွင်းဆက်များ ဖော်ထုတ်စစ်ဆေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## မြန်မာ့ရုပ်မြင်သံကြား

၁၆-၁၀-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - "လေ့လာစရာစုံလင် ပြည်မြို့တစ်ခွင်"
- ၈း၃၅ - " NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့"
- ၈း၄၅ - စီးပွားရေးစကားဝိုင်း "လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသော JICA နှစ်ဆင့်ချေးငွေ"(အပိုင်း-၁)
- ၁၀း၃၀ - ဥပဒေရေးရာအဖြာဖြာ "စာဖတ်ခြင်းနှင့် ဥပဒေအမြင်"
- ၁၁း၁၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၈၀)
- ၁၁း၄၅ - "လူငယ်နှင့်မူးယစ်ဆေးဝါး ကဏ္ဍ " (လူငယ်များက ပြောသော လူငယ်စကားများ)
- ၁၄း၁၅ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၃၅ - ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ
- ၁၇း၀၅ - ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး (စီးပွားတိုးတက်တိုင်းပြည်အတွက် သဲတောမြို့မှ ဖိုးတောင်လက်ဖက်နှင့် ပဲကြော်လုပ်ငန်း)
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ သရုပ်ဆောင်- ညီထွဋ်ခေါင်၊ ပိုးအိအိခန့်
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ၊
- ၂၀း၃၅ - "၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်"
  - (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)
  - စီးပွားရေးစကားဝိုင်း "လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသောJICA နှစ်ဆင့်ချေးငွေ "(အပိုင်း-၁)

## နောင်တရားနှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် ည ၇ နာရီ က နောင်တရားမြို့ ညဏ်ပင်ကျေးရွာ အနီး ပင်လောင်း - အောင်ပန်းသွား ကားလမ်းမပေါ်တွင် ဂျေကောရီယို (ခ) မောင်စိုး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဆီခဲ ၃ ဒသမ ၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စု စည်းကား (၁) ရပ်ကွက်နေ ဦးထွန်း၏ နေအိမ်မှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရ၍ ဦးထွန်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းထံမှ လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း၊ အလားတူ ယင်းနေ့ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ဝမ်နောင်ကျေးရွာအုပ်စု ဖားဟကျေးရွာနတ်စင်အနီးတွင် အားကျိူး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကြီးနား၌ မိုင်းပေါက်ကွဲ၍ တစ်ဦးဒဏ်ရာရ

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

မြစ်ကြီးနားမြို့နယ် မံကင်းကျေးရွာအုပ်စု အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ ဗူးတောင်းချောင်းအထက်ဘက်တွင် မံကင်းကျေးရွာနေ ဦးကျောက်လုံး (၃၇နှစ်) သည် ကျွဲပျောက်၍ အောက်တိုဘာ ၁၄ ရက် ညနေပိုင်းက သွားရောက်ရှာဖွေရာမှ မိုင်းနင်းမိပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့သဖြင့် ယနေ့နံနက်ပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေး မှူးနှင့်အဖွဲ့တို့မှ ဆင်ဘိုမြို့ပြည်သူ့ဆေးရုံသို့ ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ မိုင်းနင်းမိပေါက်ကွဲမှုကြောင့် ဆေးစစ်ချက်အရ ဒဏ်ရာများရရှိခဲ့ရာ အသက်အန္တရာယ် စိုးရိမ်ရခြင်းမရှိသော်လည်း ဆင်ဘိုပြည်သူ့ဆေးရုံမှ ယနေ့ညနေပိုင်းတွင် ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်း၍ ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ပြည်ပအကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ပို့ဆောင်ပေးသူအား အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး ကံမနှင့် အောင်လံမြို့နယ်တို့မှ လူ ၁၁ ဦးအား ပတ်စပို့စ်၊ ဗီဇာနှင့် အလုပ်ပါမစ်စာရွက်များ အတုလုပ်ကာ ပြည်ပအကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ငွေကြေးများရယူ၍ ထိုင်းနိုင်ငံသို့ပို့ဆောင်ပေးသူအား အောက်တိုဘာ ၁၄ ရက်က ရွှေတောင်မော့်နယ်မြေရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သောင်တူကျေးရွာနေ မဥမ္မာချစ်(ခ)မဥမ္မာသန်း(၃၄ နှစ်)သည် ၂၀၁၈ ခုနှစ် မေ ၂၆ ရက်က မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျောက်ဖြုတ်ကျေးရွာနေ မမိုးသူဇာ(၃၅ နှစ်)ထံမှ နိုင်ငံကူးလက်မှတ်လုပ်ပေးမည်ဟု ပြောဆိုပြီး ငွေကျပ်ငါးသိန်းအား လည်းကောင်း၊ မေလ ၂၇ ရက်က အောင်လံမြို့နယ် သဗ္ဗူလကျေးရွာနေ ဝင်းဇော်မိုး(၃၅နှစ်)၊ တင်မိုးဇော်(၃၈နှစ်)၊ တင်စိုး(၄၀နှစ်)၊ နန်းအောင်(၃၄ နှစ်) နှင့် မအိဖြူ(၂၁နှစ်)တို့ထံမှ နိုင်ငံကူးလက်မှတ် လုပ်ပေးမည်ဟုပြောဆိုကာ ငွေကျပ်ငါးသိန်းစီကို လည်းကောင်းရယူပြီး ဇွန် ၁ ရက်က မဥမ္မာချစ်(ခ) မဥမ္မာသန်းသည် ၎င်းတို့ခြောက်ဦးအား မော်တော်ယာဉ်ဖြင့် မြဝတီမြို့မှ ထားဝယ်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း။

၎င်းတို့ ခြောက်ဦးသည် ဇွန် ၃ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိကာ ဇွန် ၁၁ ရက်တွင် မှန်စက်ရုံသို့ပို့ဆောင်ပေးခဲ့ပြီးနောက် ဇွန် ၂၆ ရက်တွင် ပတ်စပို့စ် စာအုပ်၊ ဗီဇာနှင့် အလုပ်ပါမစ် စာရွက်စာတမ်းများအား ထိုင်းနိုင်ငံ လဝကရုံးသို့ ပြသခဲ့စဉ် အတုများဖြစ်ကြောင်း သိရှိရသဖြင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့အကူအညီတောင်းခံ၍ မြဝတီမြို့ရှိ ပြန်လည်ကြိုဆိုရေးစခန်းသို့ ဇူလိုင် ၂၈ ရက်က ပြန်လည်ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၁၄ ရက်က အရေးယူပေးရန်တိုင်တန်းချက်အရ မဥမ္မာချစ် (ခ) မဥမ္မာသန်းအား ရွှေတောင်မော့်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ မဥမ္မာချစ်(ခ)မဥမ္မာသန်းသည် ၂၀၁၈ ခုနှစ် မေ ၉ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သဲကျောကျေးရွာနေ ကိုစိုးမင်းထိုက်(၃၀နှစ်)နှင့် ၎င်း၏ ဇနီး မဇာ(၃၁နှစ်)တို့ထံမှ နိုင်ငံကူးလက်မှတ်လုပ်ပေးမည်ဟုပြောဆိုကာ ငွေကျပ် ၂၉၀၀၀၀၊ အင်းချောင်းကျေးရွာနေ စိုးမင်းသက် (၂၃နှစ်)၊ မအိမွန်(၂၈နှစ်)တို့ထံမှ ငွေကျပ် ၆၀၀၀၀နှင့် ဆန်းနိုင်မျိုး(၃၁နှစ်)ထံမှ ငွေကျပ် ၆၀၀၀၀ တို့အား ရယူခဲ့ပြီးနောက် မေ ၁၁ ရက်တွင် ၎င်းတို့ငါးဦးထံမှ ငွေကျပ် ငါးသိန်းစီ ထပ်မံတောင်းယူခဲ့ပြီး မြဝတီမြို့ဘက်မှ ထားဝယ်မြို့ဘက်သို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း။

ထို့နောက် ဇူလိုင် ၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ပန်းရန်ဆရာထံသို့ပို့ဆောင်ပေးကာ ၁၅ ရက်ခန့်အကြာ ပတ်စပို့စ်စာအုပ်၊ ဗီဇာနှင့် အလုပ်ပါမစ်စာရွက်စာတမ်းများအား ထိုင်းနိုင်ငံလဝကရုံးသို့ပြသခဲ့ရာ အတုများဖြစ်ကြောင်း သိရှိရသဖြင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ အကူအညီတောင်းခံ၍ မြဝတီမြို့သို့ ဇူလိုင် ၂၈ ရက်က ပြန်လည်ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၁၄ ရက်က အရေးယူပေးရန် တိုင်တန်းချက်အရ ပြည်ပအကျိုးဆောင်လုပ်ငန်း လိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးသူ မဥမ္မာချစ်(ခ) မဥမ္မာသန်းအား ရွှေတောင်မော့်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ပြို၍ တံတားကျိူး

**ဆဒုံး အောက်တိုဘာ ၁၅**

ကချင်ပြည်နယ် ဆဒုံးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီ ကားလမ်းကြီး မိုင်တိုင် အမှတ် ၅၅ မိုင်နှင့် ၅၆ မိုင်ကြားရှိ တံတားတစ်စင်းသည် အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားဘေးရှိ တောင်ပြိုကျလာ၍ တံတားကျိူးသွားကြောင်း သိရသည်။



ယင်းသို့ တံတားကျိူးမှုကြောင့် ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်များသည် တံတားကျိူးသည့်နေရာတွင် စောင့်ဆိုင်းနေရကြောင်း သိသည်။

**မြို့နယ် (ပြန်/ဆက်)**

## မောင်တောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မောင်တော အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့မကညင်တန်းအုပ်စု မောင်နီအောက်ရွာတွင် သတင်းအရ ယနေ့ နံနက် ၆ နာရီက မောင်တောမြို့ မူးယစ်တပ်ဖွဲ့စု (၄၆) မှ ရဲအုပ်အေးမင်းစိုး၊ ဒုရဲအုပ်ဇာနည်တို့ပါဝင်သော တပ်ဖွဲ့ဝင်များသည် ရာဟာမောက်တူလာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၂၉ ပြား၊ အလေးချိန် ၁၂ ဒသမ ၉ ဂရမ်၊ မူးယစ်ဆေးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ငွေစက္ကူရောရာ ၃၀၀၀၀ ကို သိမ်းဆည်းရမိသည်။

ပူးပေါင်းအဖွဲ့ဝင်များက စစ်ဆေးမေးမြန်းရာတွင် မောင်နီအောက်ရွာနေ ဟာနာမူဟောက်ထံမှ ဝယ်ယူထားကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့မှ ဆက်လက်ရှာဖွေရာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သိမ်းဆည်းရမိသည့်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင် ( ပြန်/ဆက် )**

## မတူပီမြို့နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေကြီးသဖြင့် ဒေသခံများအခက်ကြုံနေရ

**လိုင်လင်းပီ အောက်တိုဘာ ၁၅**

ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ် လိုင်လင်းပီ-ရေဇွာလမ်း ပင်တီယာရွာနှင့် စပေါ်ရွာအကြားရှိ ချောင်းသည် မိုးများအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ လာသောကြောင့် အောက်တိုဘာ ၁၃ ရက်မှစတင်၍ ချောင်းရေများကျဆင်းနေသဖြင့် ခရီးသွားလာသူများ အခက်အခဲဖြစ်နေကြောင်း သိရသည်။

အဆိုပါချောင်း၌ သစ်သားတံတားငယ်တစ်စင်းရှိသော်လည်း ဆွေးမြည့်ပြီး ပျက်စီးသွားသောကြောင့် အသုံးပြုမရနိုင်ကြောင်း သိရသည်။ "ချောင်းကရေတွေ တော်တော် ကြီးလာတယ်။ မိုးတွေကလည်းမစဲနိုင်ဘူး။ ဒါကြောင့်ပြန်လှည့်လာကြရတယ်" ဟု ချောင်းရေကြီး၍ပြန်လာကြသော ခရီးသွားများ၏ ပြောကြားချက်အရ သိရသည်။

အလားတူ မတူပီမြို့နယ် လိုင်လင်းပီမြို့မှ ဂန့်ဂေါ-ပခုက္ကူ - မန္တလေးနှင့် အိန္ဒိယနိုင်ငံ sinhr မြို့တို့တွင် ကုန်ပစ္စည်းများ သွားရောက်ဝယ်ယူရန်အတွက် သွားလာကြသည့် ကုန်ကားကြီးများသည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းခရီး၌ ရပ်နားထားရကြောင်း သိရသည်။ ပခုက္ကူမြို့မှ ကုန်သည်တစ်ဦးက "ဒီနှစ်မိုးကုန်တာစောလို့ ကုန်ပစ္စည်းတွေ ပခုက္ကူကိုသွားဝယ်တာ အောက်တိုဘာ ၇ ရက် လောက်ကစပြီး မိုးကနည်းနည်းနဲ့ အဆက်မပြတ်ရွာတော့ လိုင်လင်းပီကို ဆက်လာဖို့မဖြစ်နိုင်တာနဲ့ အနီးဆုံးရွာမှာပဲ ရပ်ထားခဲ့ရတယ်၊ မိုးတိတ်သွားတဲ့အခါ သွားပြန်ယူဖို့လုပ်တာ မိုးကလည်း အခုထိမပြတ်နိုင်ဘူးဖြစ်နေတယ်" ဟု ပြောသည်။

စက်တင်ဘာလဆန်းလောက်မှစတင်၍ လမ်းများကောင်းမွန်သဖြင့် ကုန်ပစ္စည်းများ သွားရောက်ဝယ်ယူကြခြင်း ဖြစ်သော်လည်း အောက်တိုဘာ ၇ ရက်မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကုန်သည်များ အခက်အခဲကြုံတွေ့နေရခြင်းဖြစ်ရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိုင်ကြီးငူဆရာတော်၏ ရုပ်ကလာပ်တော်ကို မြိုင်ကြီးငူဒေသ၌ အပူဇော်ခံထားရှိ



**မြဝတီ အောက်တိုဘာ ၁၅**

မြိုင်ကြီးငူဆရာတော်ကြီးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Bumrungrad International ဆေးရုံကြီးတွင် အောက်တိုဘာ ၁၃ ရက် ညပိုင်း ဒေသစံတော်ချိန် ၉ နာရီ ၁ မိနစ်တွင် ပျံလွန်တော်မူခဲ့သည့်အတွက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ယမန်နေ့ နံနက် ၁၁ နာရီက မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြဝတီ-ဘားအံ-မြိုင်ကြီးငူလမ်းကြောင်းအတိုင်း ပင့်ဆောင်လာရာ ည ၉ နာရီ ၁ မိနစ်တွင် မြိုင်ကြီးငူသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား မြိုင်ကြီးငူရှိ ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် နှစ်ထပ်ကျောင်းဆောင်တွင် အပူဇော်ခံထားရှိလျက်ရှိရာ ဒေသခံပြည်သူအများအပြား လာရောက်ဖူးမြော်လျက်ရှိသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အပူဇော်ခံထားရှိရေးနှင့် စျာပနအခမ်းအနားများ အောင်မြင်စွာ စီစဉ်နိုင်ရေးအတွက် မြိုင်ကြီးငူတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးရယူထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ တပည့် ဒါယကာ၊ ဒါယိကာမများ ပါဝင်သည့် အစည်းအဝေးတစ်ရပ်ကို ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

မြိုင်ကြီးငူဆရာတော်၏ ဘွဲ့တော်မှာ ဘဒ္ဒန္တသုဇန ဖြစ်ပြီး ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ နို့ထရွာဇာတိ၊ စကော ကရင်လူမျိုးဖြစ်သည်။ ပျံလွန်တော်မူချိန်တွင် သက်တော် ၇၁ နှစ် သိက္ခာတော် ၅၁ ဝါ ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

(မြန်/ဆက်)

## သတ္တမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် ကမ္ဘာ့ဝူရှူး ထောက်လှုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ရန်ကုန်မြို့၌ လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် သတ္တမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် ကမ္ဘာ့ဝူရှူး ထောက်လှုပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးကအိမ်ရှင်အဖြစ်လက်ခံကျင်းပရခြင်းမှာ မြန်မာနိုင်ငံ၏ လက်ရှိအေးချမ်းသာယာတိုးတက်မြင့်မားနေမှုကိုနိုင်ငံတကာမှသိရှိလာစေရန်၊ မြားပစ်အားကစားနှင့် ဝူရှူးအားကစားနည်းကို ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေပြီး မြားပစ်အားကစားနှင့် ဝူရှူးအားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပိုမိုထွက်ပေါ်လာစေရန် အာရှအဆင့်ပြိုင်ပွဲများ၊ အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲများတွင် မြားပစ်အားကစားနှင့် ဝူရှူးအားကစားနည်းများ အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆက်စပ်ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများအနေဖြင့် အချိန်မီဆောင်ရွက်နိုင်ရန်အဖွဲ့ချုပ်များမှ တရားဝင်အကြောင်းကြားစာပေးပို့ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဆွေဆွေသန့်က ကမ္ဘာ့ ဝူရှူးထောက်လှုပြိုင်ပွဲအား နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် အမျိုးအစား ၁၁ နည်း၊ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ပြိုင်ပွဲဝင်ကစားသမား ၂၅၀ (ခန့်မှန်း) လာရောက်မည်ဖြစ်ကြောင်း၊ ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် သတ္တမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း ဂိတ်အမှတ် (၅) ရှိ မြားပစ်အားကစားပြိုင်ကွင်းတွင် ကျင်းပရန်စီစဉ်ထားပါကြောင်း၊ ပြိုင်ပွဲအမျိုးအစား Recurve ပြိုင်ပွဲတွင် ခြောက်မျိုး၊ Compound ပြိုင်ပွဲတွင် ခြောက်မျိုးပါဝင်မည်ဖြစ်ရာ ပြိုင်ပွဲဝင် ၁၆ နိုင်ငံမှ ပြိုင်ပွဲဝင်အများဆုံး အားကစားသမားဦးရေ ၁၅၀ မှ အနည်းဆုံး ၇၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အေးကေလင်း**

## “တစ္ဆေပါလာပြီ” ရုပ်ရှင် ဇာတ်ကား အောက်တိုဘာ ၁၉ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများတွင် ပြသမည်



ဒါရိုက်တာ R.Perakas Rajaram



သရုပ်ဆောင် ပြေတီဦး



သရုပ်ဆောင် အိချောပို



သရုပ်ဆောင် ညီထွဋ်ခေါင်

**ရန်ကုန် အောက်တိုဘာ ၁၅**

“လပ်ကီးဆဲဗင်း” ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး မလေးရှားနိုင်ငံသား ဒါရိုက်တာ R.Perakas Rajaram ရိုက်ကူးထားသည့် “တစ္ဆေပါလာပြီ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအဖြစ် အဆိုပါရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၁၉ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

သရုပ်ဆောင် ပြေတီဦးက “ဒီဇာတ်ကားရိုက်ရတာ တော်တော်ပင်ပန်းပါတယ်။ လုပ်ရတဲ့ အိုက်တင်တွေကလည်း လေပေါ်မှာမြောက်သွားတာတွေ၊ ပြုတ်ကျတာတွေပါတော့ ရိုက်နေတုန်းက တစ်ကိုယ်လုံးကိုင်ပြီး ရိုက်ထားသလိုပါပဲ။ ပြည်ပက ဒါရိုက်တာတွေနဲ့ ရိုက်ကူးတဲ့အခါမှာ အဓိက ကြုံတွေ့လေ့ရှိတာက ဘာသာစကားအခက်အခဲပါ။ သူတို့အလေ့အထနဲ့ရေးထားတဲ့ တချို့စကားတွေကျတော့ မြန်မာစကားနဲ့ အဆင်မပြေပြန်ဘူး။ ဇာတ်ညွှန်းမှာ ပြောမယ့် စကားလေးတွေကိုတော့ ညှိနှိုင်းရတာတွေရှိတယ်” ဟု ပြောသည်။

ဒါရိုက်တာ R.Perakas Rajaram က “ဒီမှာ ရိုက်ကူးနေတဲ့ပုံစံတွေက ပြည်ပနိုင်ငံရိုက်ကူးရေးပုံစံတွေနဲ့ ကွဲပြားတယ်။ နိုင်ငံခြားမှာဆိုရင် နည်းပညာပိုင်းတွေကို အသုံးပြုပြီး ရိုက်ကြတာများတယ်။ ဒီက သရုပ်ဆောင်တွေက တော်ကြတဲ့အတွက် ရိုက်ကူးရာမှာ အခက်အခဲမရှိခဲ့ပါဘူး။ မြန်မာဇာတ်ကားတွေကို ပြည်ပနိုင်ငံတွေအထိ ရောက်စေချင်တဲ့အတွက် မြန်မာနိုင်ငံမှာ နောက်ထပ်ရိုက်ကူးသွားဖို့ အစီအစဉ်တွေရှိပါတယ်။ စင်ကာပူတို့၊ မလေးရှားတို့မှာလည်း မြန်မာနိုင်ငံသားတွေရှိတဲ့အတွက် အဲဒီနိုင်ငံမှာ ကျွန်တော့်ဇာတ်ကားတွေကို ချပြချင်ပါတယ်” ဟု ပြောသည်။

သရုပ်ဆောင် အိချောပိုကလည်း နိုင်ငံခြားဒါရိုက်တာနှင့် ရိုက်ကူးရသည့်အတွက် ရိုက်ကူးမှုတွင် အခက်အခဲတချို့ရှိခဲ့ ကြောင်း၊ အဝတ်အစားပိုင်းအနေဖြင့် ဇာတ်လမ်းအစပိုင်းတွင် ပြောင်းလဲဝတ်ဆင်မှုများ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဇာတ်လမ်းသဘောအရ အိမ်တစ်အိမ်အတွင်း တစ်ရက်တည်း ပုံစံမျိုးရိုက်ကူးရသည့်အတွက် ဝတ်စုံတစ်စုံတည်းကိုသာ အသုံးပြုဝတ်ဆင်ခဲ့ကြောင်း ပြောသည်။

သရုပ်ဆောင် ညီထွဋ်ခေါင်က “ဇာတ်ညွှန်းထဲမှာ ရေးထားတာနဲ့ ကားဆက်ပြီးတော့ ကြည့်ရတာနဲ့ တော်တော်ကွာပါတယ်။ ရိုက်ကူးတဲ့အခါတုန်းကလည်း ကြောက်စိတ်တွေဖြစ်မိတယ်။ အခု ကိုယ်ရုပ်ကိုယ်ပြန်ကြည့်တော့မှ ဒါရိုက်တာရဲ့ရိုက်ကူးခဲ့မှု အပိုင်းတွေကို သဘောပေါက်တယ်။ စိတ်လှုပ်ရှားဖို့ ကောင်းပြီး ဇာတ်ကားတစ်ကားမှာ ပါဝင်ရမယ့် ရသတွေစုံအောင်ရိုက်ထားတဲ့ ဖျော်ဖြေရေးဆန်တဲ့ ကားလေးပါ။ တစ်ယောက်နဲ့တစ်ယောက်စတာ၊ နောက်တာတွေဟာ အတိုင်းအတာတစ်ခုအထိပဲ ကောင်းတယ်။ လူတစ်ယောက်ရဲ့အားနည်းချက်အပေါ် အစလွန်ရင် အဆိုးဘက်ကိုရောက်သွားတတ်တယ်ဆိုတဲ့ပုံစံ ဇာတ်လမ်းမျိုးပါ” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ပြေတီဦး၊ အိချောပို၊ ညီထွဋ်ခေါင်၊ ခင်လှိုင်၊ အောင်ဇော်မင်း၊ စိုင်းအောင်တင့်၊ အာလူး၊ သက်ထား စုစံ၊ ချမ်းသာ၊ ဦးမြသောင်း၊ မိုးထက်၊ မြတ်နိုး၊ ကိုသန်းထိုက်၊ အိမ်ချယ်ချို၊ ဘိုဘိုနဂါး၊ ချစ်ပု၊ ချစ်ဦးနှင့် သရုပ်ဆောင်များစွာ ပါဝင်ပြီး ချစ်ကြိုက်ကွဲညား၊ ဟာသဇာတ်လမ်းများမှ ကွဲထွက် ၍ ပရိသတ်များ စိတ်ဝင်စားပျော်ရွှင်မှုရရှိစေရန်၊ မကောင်းမှုသည် ဖုံးကွယ်၍မရကြောင်း သိရှိစေရန်၊ စိတ်စွဲလမ်းမှုသည် လူကိုဒုက္ခပေးတတ်ကြောင်း သိရှိစေရန် ရည်ရွယ်ကာ အချစ်၊ ဟာသ၊ စိတ်လှုပ်ရှားဖွယ်ရာ ရိုက်ကူးထားခြင်း ဖြစ်သည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-ဇေဇော်**

## ၂၀၁၉ ချာရတီဖလားပြိုင်ပွဲအဖြစ် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၅**

၂၀၁၉ ရာသီကြို ချာရတီဖလား ပြိုင်ပွဲအဖြစ် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ အမှတ်ပေး ချန်ပီယံနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့ ရာသီကြိုပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် ရန်ကုန် အသင်းက ပြိုင်ပွဲနှစ်ခုစလုံးတွင် ဖိုလ်စွဲခဲ့ သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရသည့် ရှမ်းယူနိုက်တက်အသင်းက ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယင်းပြိုင်ပွဲကို ဇန်နဝါရီလပထမပတ်တွင် ကျင်းပရန်စီစဉ်ထားပြီး အမှတ်ပေးပြိုင်ပွဲမစတင်မီ ကြိုတင်ကျင်းပခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာသီကြိုရန်ပုံငွေပြိုင်ပွဲအဖြစ် ယင်းပြိုင်ပွဲကို ၂၀၁၂ ရာသီမှစ၍ ကျင်းပခဲ့ပြီး ရန်ကုန်အသင်းက အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ရန်ကုန်အသင်းသည် ခြောက်ကြိမ်ဖြင့် အများဆုံးယှဉ်ပြိုင်ခွင့်ရထားပြီး ကျင်းပပြီးစီးခဲ့သည့် ခုနစ်ကြိမ်တွင် ရန်ကုန်အသင်းက သုံးကြိမ်၊ ရာဝတီ အသင်းက နှစ်ကြိမ်၊ ရှမ်းယူနိုက်တက် (ယခင်ကမ္ဘောဇ) နှင့် မကွေးအသင်းတို့က တစ်ကြိမ်စီ ဖိုလ်စွဲထားသည်။


ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် ယင်းပြိုင်ပွဲတွင် သုံးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ကြိမ်စီအနိုင်ရထားသည်။ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးနှစ်ရာသီ ဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွင် မည်သည့်အသင်း အသာရမလဲဆိုတာ ယခုပွဲ က အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ယခုပွဲမှာ ရရှိသည့်ကွင်းဝင်ကြေးများကို လူမှုရေးအဖွဲ့အစည်းများသို့ လှူဒါန်းမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

○ *ကျောဖုံးမှ*

ရွှေတံဆိပ်တစ်ခု၊ စုစုပေါင်းရွှေတံဆိပ်သုံးခုကိုလည်းကောင်း၊ Junior Men ၆၂ကီလိုတန်း ပြိုင်ပွဲတွင် ကောင်းဆက်နိုင်က နှစ်ဆင့်မစံချိန် ၁၄၀ ကီလိုဖြင့် ငွေတံဆိပ်တစ်ခု၊ Junior Women ၅၃ ကီလိုတန်းပြိုင်ပွဲတွင် ပြည့်ပြည့်ဖြိုးက အမြန်မတွင် ငွေတံဆိပ်တစ်ခုနှင့် စုစုပေါင်း စံချိန် ၁၆၃ ကီလိုတွင် ငွေတံဆိပ်တစ်ခုဖြင့်လည်းကောင်း၊ အမျိုးသား(+၁၀၅)ကီလိုအထက်တန်း ပြိုင်ပွဲတွင် ရန်မျိုးကျော်က အမြန်မတွင် ငွေတံဆိပ်တစ်ခုနှင့် နှစ်ဆင့်မတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်း စံချိန် ၂၉၁ ကီလိုဖြင့် ငွေတံဆိပ်တစ်ခုတို့ အသီးသီးရရှိခဲ့ကြပြီး မြန်မာလူငယ်အလေးမအသင်းသည် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်တစ်ခုတို့ အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။ အဆိုပါမြန်မာအလေးမအားကစားအဖွဲ့သည်အောက်တိုဘာ ၁၆ ရက်တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

**အေးကေလင်း**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကောင်းမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၃၃ လက်မ၊ ဗန်းမော်မြို့နှင့် အမ်းမြို့တို့တွင် ၁ ဒသမ ၂၆ လက်မစီ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် ကသာမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# သတင်းထောက်ပျောက်ဆုံးမှုအပေါ် ဆော်ဒီအား ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ပါက လက်တုံ့ပြန်မှုများပြုလုပ်မည်ဖြစ်ကြောင်း ဆော်ဒီပြော

ရီယာ့ဒ် အောက်တိုဘာ ၁၅

**ဝါရှင်တန်ပို့စ်သတင်းစာတွင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်အား ဝေဖန်စာများရေးသားနေသူ ဆော်ဒီသတင်းထောက်တစ်ဦးဖြစ်သည့် အမေရိကန်နိုင်ငံတွင် ခိုလှုံနေသော ခါရှော့ဂီ ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆော်ဒီအာရေဗျကို အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သော်လည်း အကယ်၍ ထိုသို့ ပြုလုပ်ခဲ့ပါက စီးပွားရေးဆိုင်ရာ ကြီးမားသည့် လက်တုံ့ပြန်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျက မကြာသေးမီက ပြောကြားခဲ့သည်။**

သတင်းထောက် ခါရှော့ဂီပျောက်ဆုံးမှု၌ တူရကီက ယုံကြည်ထားသကဲ့သို့ ဆော်ဒီသံရုံးထဲတွင်သာ အသတ်ခံရကြောင်း သေချာလျှင် အမေရိကန်နိုင်ငံအနေဖြင့် ဆော်ဒီအပေါ် ပြင်းထန်သည့် အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စီဘီအက်စ်ရုပ်သံကို ပြောကြားလိုက်သည်။

ထိုသို့ ပြောကြားပြီး နောက်တစ်နေ့တွင် ဆော်ဒီအစု ရှယ်ယာဈေး ၇ ရာခိုင်နှုန်း ထိုးကျသွားခဲ့ပြီး ဈေးပိတ်ချိန်မှသာ ၅ ရာခိုင်နှုန်းအကျနှင့် ပိတ်ခဲ့ရသည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။

ယခုကဲ့သို့ စွပ်စွဲမှုများသည် အခြေအမြစ်မရှိကြောင်း ဆော်ဒီအစိုးရက ငြင်းဆိုထားသော်လည်း လက်ထပ်ရန် လိုအပ်သည့်စာရွက်စာတမ်းများ လာရောက်တောင်းယူသည့် သတင်းထောက် ခါရှော့ဂီ ဆော်ဒီသံရုံးထဲမှ ပြန်လည်ထွက်ခွာသည့် သက်သေအထောက်အထားနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ပျောက်ဆုံးသတင်းသမားနှင့်ပတ်သက်ပြီး တူရကီသမ္မတ အာဒိုဂန်နှင့် ဆော်ဒီနိုင်ငံဘုရင် ဆော်လ်မန်ဘင် အဗ္ဗဒူလာဇစ်တို့ အောက်တိုဘာ ၁၄ ရက်နှောင်းပိုင်းက ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း တူရကီနိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။




ဝါရှင်တန်ပို့စ်သတင်းစာတွင် အလုပ်လုပ်ကိုင်လျက်ရှိသော သတင်းထောက် ခါရှော့ဂီသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆော်ဒီသံရုံးထဲသို့ ဝင်ရောက်ခဲ့သည့် အောက်တိုဘာ ၂ ရက်နေ့မှစကာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အာဒိုဂန်က ဆော်ဒီအား သတင်းထောက် ခါရှော့ဂီနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားရန် တိုက်တွန်းထားပြီး သံရုံးအတွင်း ဝင်ရောက်ခဲ့ပြီးနောက် ပြန်ထွက်သွားသည်ကို ဆော်ဒီနိုင်ငံက သက်သေပြသင့်ကြောင်း ပြောခဲ့သည်။

အဆိုပါဖြစ်စဉ်အား စုံစမ်းရန် ဆော်ဒီကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် တူရကီသို့ ရောက်နေကြောင်း၊ ယင်းနောက် တူရကီ- ဆော်ဒီ စုံစမ်းစစ်ဆေးရေး ပူးတွဲအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

သတင်းထောက်ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး အမေရိကန်က ဆော်ဒီအပေါ် မည်သည့်နိုင်ငံရေးဖိအား သို့မဟုတ် စီးပွားရေးပိတ်ဆို့မှုမျိုးမဆို ဆော်ဒီနိုင်ငံအနေဖြင့် လက်ခံသွားမည်မဟုတ်ဘဲ လက်တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ခါရှော့ဂီ ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး တကယ့်ဖြစ်ရပ်မှန်ကိစ္စအပေါ် ယုံကြည်လက်ခံစရာကောင်းသော စုံစမ်းစစ်ဆေးမှုများကို လုပ်ရန်လိုကြောင်း၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျန်ဗက်စ်လီဒရီယန်နှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမာ့စ်တို့ လက်မှတ်ထိုးခဲ့သော အဆိုပါ သတင်းထုတ်ပြန်ချက်သည် ဆော်ဒီအာဏာပိုင်များကို အသိပေးရာရောက်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မလေးရှားနိုင်ငံ အလယ်ပိုင်း ကင်မရွန်းကုန်းမြင့်ဒေသတွင် မြေပြိုကျမှုကြောင့် မြန်မာနိုင်ငံသားသုံးဦး သေဆုံးမှုဖြစ်

**ကွာလာလမ်ပူ အောက်တိုဘာ ၁၅**

မလေးရှားနိုင်ငံ အလယ်ပိုင်း ကင်မရွန်းကုန်းမြင့်ဒေသ ကွာလာတာလာအရပ်၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံသား သုံးဦး သေဆုံးခဲ့ကြောင်း မလေးရှားသတင်းများတွင် ဖော်ပြထားသည်။



အဆိုပါ သေဆုံးသူများသည် အသက် ၂၃ နှစ်အရွယ် ကိုအောင်သောင်းနှင့် ဇနီး မနိုင်ဝေ၊ ၎င်းတို့၏ မိတ်ဆွေ အသက် ၃၄ နှစ်အရွယ် မမူအေးအေးဖြစ်ကြောင်း ကင်မရွန်းကုန်းမြင့်ဒေသ ရဲများက ပြောသည်။

၎င်းတို့သုံးဦးသည် တောင်ယာအလုပ်သမားများဖြစ်ပြီး အောက်တိုဘာ ၁၄ ရက် နံနက် ၃ နာရီခန့်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ ယင်းမြေပြိုမှုတွင် သေဆုံးခဲ့ခြင်း ဖြစ်သည်။ မြေပြိုမှုဖြစ်ပွားချိန်တွင် ၎င်းတို့ အိပ်ပျော်နေကြောင်း သိရသည်။

အဆိုပါ နေရာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး ၎င်းတို့နေထိုင်ရာ တဲအိမ်လည်း မြေပြိုမှုတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

မြေပြိုကျမှုဖြစ်ပွားရာနေရာသို့ ရဲနှင့်မီးသတ်များ၊ ကယ်ဆယ်ရေးများ သွားရောက်ခဲ့ပြီး ၎င်းတို့ကို မြေစာပုံအောက်မှ ပြန်လည် တူးဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြန်လည်တူးဖော်ခဲ့ပြီးနောက် ၎င်းတို့ သုံးဦးလုံး သေဆုံးနေကြောင်း သိရသည်။

**ဆင်ဟွာ**

# အောက်တိုဘာလနှောင်းပိုင်းတွင် တရုတ်၊ မလေးရှား၊ ထိုင်း သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ပေကျင်း အောက်တိုဘာ ၁၅**

တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတပ်ဖွဲ့ဝင်များသည် အောက်တိုဘာလနှောင်းပိုင်းတွင် မလေးရှားနိုင်ငံ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခု ပြုလုပ်သွားရန် စီစဉ်ထားကြောင်း တရုတ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

“ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး ၂၀၁၈” အမည်ရှိ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကို မလေးရှားနိုင်ငံ၏ ပြည်နယ်နှစ်ခုနှင့် ကမ်းရိုးတန်းဧရိယာများတွင် အောက်တိုဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၆၉၂ ဦးအပြင် ရေတပ်သင်္ဘော သုံးစင်း၊ ရဟတ်ယာဉ် နှစ်စင်း၊ အိုင်အယ်လ်-၇၆ အမျိုးအစား ထောက်ပို့လေယာဉ် သုံးစင်းနှင့် အခြားယာဉ် လေးစင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မည်သည့်နိုင်ငံကိုမျှ ပစ်မှတ်ထားဆောင်ရွက်ခြင်းမဟုတ်ဘဲ တောင်တရုတ်ပင်လယ်အတွင်း တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရာတွင် သုံးနိုင်ငံ တပ်ဖွဲ့ဝင်များ၏ တူညီသောဆန္ဒကို ဖော်ပြလိုခြင်းဖြစ်ကြောင်း၊ လက်တွေ့ကျသည့် ပူးပေါင်းဖလှယ်ဆောင်ရွက်မှုများ ရင့်သန်လာစေရန်နှင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ပူးပေါင်းတုံ့ပြန်ရာတွင် စွမ်းအားမြင့်မားမှုရှိလာစေရန် ရည်ရွယ်ချက်များဖြင့် လေ့ကျင့်ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ် ရာထူးမှနုတ်ထွက်နိုင်ကြောင်း ထရမ့် အရိပ်အမြွက်ပြော

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်သည် ရာထူးမှ နုတ်ထွက်နိုင်ခြေရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မကြာသေးမီက အရိပ်အမြွက်ပြောကြားခဲ့သည်။



စီဘီအက်စ်ရုပ်သံသတင်းဌာန၏ မိနစ် ၆၀ အစီအစဉ်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အရိပ်အမြွက်ပြောကြားခဲ့ခြင်း ဖြစ်သည်။

“ကာကွယ်ရေးဝန်ကြီး မက်တစ် နုတ်ထွက်မယ်ဆိုတဲ့ အရိပ်အယောင်မတွေ့ရပေမယ့် သူနုတ်ထွက်နိုင်ပါတယ်” ဟု သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အငြိမ်းစား မရိန်းတပ်ဖွဲ့ ဗိုလ်ချုပ်ကြီးဖြစ်သူ ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ကို ထရမ့်က “သူဟာ လူကောင်းတစ်ဦးပါ၊ ကျွန်တော်တို့ အဆင်ပြေကြပါတယ်၊ သူထွက်ကောင်းထွက်နိုင်ပါတယ်၊ ဆိုလိုတာက တစ်ချိန်ချိန်မှာတော့ လူတိုင်းသွားကြမှာပါ၊ လူတိုင်းပါပဲ၊ လူတွေ ထွက်ကြတာပါပဲ၊ ဒါက ဝါရှင်တန်ပဲလေ” ဟု သမ္မတ ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီး မက်တစ်သည် အမေရိကန်သမ္မတ ထရမ့်နှင့်သာမက အမျိုးသားအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်လို အစိုးရအဖွဲ့တွင် စစ်ရေးလိုလားသည့် တာဝန်ရှိသူများနှင့် မကြာခဏ သဘောထားကွဲလွဲလေ့ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အမေရိကန်သမ္မတ ထရမ့်သည် ၎င်း၏ အစိုးရအဖွဲ့အတွင်း အရေးကြီးတာဝန်ရှိသူအများအပြားကို ထုတ်ပစ်ခြင်း သို့မဟုတ် ထွက်သွားစေရန် တွန်းအားပေးခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့အပြင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေး ကဲ့သို့သော ၎င်းသဘောကျသည့် လူများလည်း ရာထူးမှနုတ်ထွက်ကြောင်း သိရသည်။

သံအမတ်ကြီး ဟာလေးသည် ယခုနှစ်အကုန်တွင် နုတ်ထွက်မည်ဖြစ်ကြောင်း လွန်ခဲ့သည့်သီတင်းပတ်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကော့သောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ကော့သောင်း အောက်တိုဘာ ၁၅**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကော့သောင်းမြို့သို့ ပုလုံးတုံတုံး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း ၁၃၄၄၀ အကုန်အကျခံ တည်ဆောက်လျက်ရှိသည့် အရှည်ပေ ၂၄၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက် ၅ ဒသမ ၆ ပေအကျယ်ရှိ ပုလုံးတုံတုံး ကွန်ကရစ်တံတား တည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ အမှတ်(၄) တာဝန်ခံညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက တံတားဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းပိုင်းများနှင့် ဘဏ္ဍာငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ တံတားကြံ့ခိုင်မှုနှင့် စံချိန်စံညွှန်း ပြည့်မီရေး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့သောင်းမြို့ ပုလုံးတုံတုံး ကျေးရွာသို့ ရောက်ရှိပြီး လွန်ခဲ့သည့် ဇူလိုင် ၃၀ ရက်က ဖြစ်ပွားခဲ့သည့် မြေပြိုမှု သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် မြေနေရာသို့ သွားရောက်ကြည့်ရှုပြီး ကျေးရွာပြည်သူများ ဆက်လက်နေထိုင်ရန် မသင့်လျော်သဖြင့် အဆိုပါနေရာအား ထပ်မံနေထိုင်ခွင့် မပြုကြရန်နှင့် အားကစားကွင်းအဖြစ် အသုံးပြုနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် မြေပြိုမှုသဘာဝဘေး ဒဏ်သင့်ခဲ့ရသည့် မိသားစုများအတွက် အိမ်ရာပြန်လည်တည်ဆောက်နိုင်ရန် အန္တရာယ်ကင်းရှင်းသည့် ပြန်လည်ချထားပေးမည့် မြေနေရာသို့ သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာအရေးပေါ် ခိုလှုံရာနှင့် ဘက်စုံသုံးအဆောက်အအုံတွင် ယခုနှစ်ဇူလိုင်လ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် မြေပြိုမှုဖြစ်စဉ်တွင် မြေပြိုဘေးဒဏ်သင့် မိသားစုများအား ကရုဏာဖြစ်ရပါကြောင်း၊ အဆိုပါဘေးအန္တရာယ်မျိုး ထပ်မံမကြုံတွေ့ရေး ဘေးအန္တရာယ်ရှိနေရာများမှ ရွှေ့ပြောင်းကာ အိုးအိမ်အသစ်များ ပြန်လည်တည်ဆောက်နိုင်ရေး ကူညီပံ့ပိုးမှုများအား မိမိတို့ အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး ပြန်လည်ချထားပေးမည့် မြေကွက်များနှင့် ပတ်သက်သည့် အထောက်အထား စာရွက်စာတမ်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မိသားစုအလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# သဘာဝဘေးကြောင့် သီးနှံပျက်စီးသွားသော ဧရိယာများအတွက် ဓာတ်မြေဩဇာများ ထောက်ပံ့

**မင်းလှ အောက်တိုဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ရွှေဝါမြိုင် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာမှုစခန်းတွင် ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၅- ၂၀၁၆ ခုနှစ် သာယာဝတီခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးသွားသော ဧရိယာများအတွက် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

သာယာဝတီခရိုင်အတွင်း ၂၀၁၅- ၂၀၁၆ ခုနှစ် သဘာဝဘေးကြောင့် စိုက်ပျိုးဧက ၈၉၀၅၇ ဧက ပျက်စီးခဲ့ပြီး ငါးကေလျှင် ဓာတ်မြေဩဇာ တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ဓာတ်မြေဩဇာ ၁၇၈၁၁ အိတ် ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ် သဘာဝဘေးကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တွင် ၂၈၄၀၃ ဧက၊ တောင်ငူခရိုင်တွင် ၃၇၇၃ ဧက၊ ပြည်ခရိုင်တွင် ၃၅၃၈၇ ဧက၊ သာယာဝတီခရိုင်တွင် ၈၉၀၅၇ ဧက ပျက်စီးသွားခဲ့ပြီး ဓာတ်မြေဩဇာ ထောက်ပံ့ပေးမှုအနေဖြင့် ငါးကေလျှင် တစ်အိတ်နှုန်းဖြင့် ၃၁၅၆၉ အိတ် တောင်သူများထံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(မြန်/ဆက်)**

# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ဘားအံ)၌ စစ်ဆေးရေးမှူးသင်တန်းဖွင့်ပွဲ ကျင်းပ

**ဘားအံ အောက်တိုဘာ ၁၅**
အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန Swisscontact နှင့် GIZ ပူးပေါင်း၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သားများ ရရှိစေရေးအတွက် စစ်ဆေးရေးမှူးသင်တန်း Assessor Methodology Training ဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက် အမှာစကားပြောကြားပြီး NSSA အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က သင်တန်းဖွင့်အမှာစကားပြောကြားကာ NSSA တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က NSSA ၏ လုပ်ငန်းစဉ်များနှင့် ကျွမ်းကျင်မှုလေ့ကျင့်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ခရီး၊ ရကန်းသင်တန်းကျောင်း၊ အိမ်တွင်းစက်မှုလက်မှု အစရှိသည့်လုပ်ငန်းနယ်ပယ်များမှ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကာ သင်တန်းဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကမ္ဘာ့လက်ဆေးနေ့အခမ်းအနား တက်ရောက်ဖွင့်လှစ်

**မကွေး အောက်တိုဘာ ၁၅**
၂၀၁၈ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်သည့် Global Handwashing Day ကမ္ဘာ့လက်ဆေးနေ့ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မကွေးမြို့ထိန်ထိန်သာဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေနှင့် UNICEF မှ တာဝန်ရှိသူတစ်ဦးတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ကျောင်းသားလူငယ်များက လက်ဆေးခြင်းကို သရုပ်ပြသပေးပြီး ကမ္ဘာ့လက်ဆေးခြင်းနှင့် ပတ်သက်သည့် အသိပညာပေးပြခန်းငယ်အား ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲအပြီးတွင် ပြည်သူလူထုအတွင်း စနစ်တကျ လက်ဆေးခြင်းအလေ့အထကို ကျယ်ကျယ်ပြန့်ပြန့် သတိပြုစေနိုင်ရေး အလှုပြယာဉ်နှစ်စီးဖြင့် မကွေးမြို့ရှိ မြို့မဈေး၊ ကန်သာဈေး၊ ရန်ပယ်ဈေး၊ ရန်ကင်းဈေး၊ မင်္ဂလာဈေးတို့တွင် လည်းကောင်း၊ ညနေပိုင်းတွင် မကွေးမြို့ မြသလွန်စေတီဝင်း၊ ဘုရားပွဲတော်ကွင်းတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မကွေးမြို့နယ် ကန်ပြားကျေးရွာ၊ ဆားတိုင်ကန်ကျေးရွာ၊ မကြီးကန်ကျေးရွာ၊ နွားကူးကျေးရွာနှင့် မင်းဘူးမြို့ ပွင့်ဖြူမြို့နှင့် ထနောင်းကုန်းကျေးရွာတို့တွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း လူငယ်များအဖွဲ့၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(မကွေး)နှင့် လူမှုအဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများ ပါဝင်ကာ လူထုစည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း**

# နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၅**
နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို မြစ်ကြီးနားမြို့၌ ကျင်းပရာ အေးမြသာယာမျက်မမြင်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ လင်းလက်ကြယ်မျက်မမြင်အဖွဲ့တို့နှင့်အတူ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသား သင်တန်းသူများက သခင်နက်ဖေလမ်းနှင့် ဈေးကြီးလမ်းထောင့် တော်ဝင်သဇင် ဧည့်ရိပ်သာရှေ့စုရပ်မှ ယနေ့နံနက် ၆ နာရီခွဲတွင် စတင်တာလွှတ်ပြီး သခင်နက်ဖေလမ်းမှတစ်ဆင့် ရုံးကြီးလမ်းအတိုင်း မြို့တော်ခန်းမအထိ စုပေါင်းလမ်းလျှောက်ကြရာ ရပ်ကွက်နေပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက် ကြိုဆိုအားပေးခဲ့ကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များ လှူဒါန်းငွေကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့လှူဒါန်းကြရာ မျက်မမြင်ကျောင်းအုပ်ကြီး ဦးလမုန်ဂမ်ဖန်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် လင်းလက်ကြယ် မျက်မမြင်အဖွဲ့တို့က ခေတ်ပေါ်တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြပြီး တာဝန်ရှိသူများနှင့် အခမ်းအနား တက်ရောက်လာကြသူများကနိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ပြသထားသည့် ပြခန်းနှင့် မျက်မမြင်များ၏ လက်မှုပညာပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**



# အထည်ချုပ်အလုပ်အကိုင်များဆိုင်ရာ အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်စေရေး ဆွေးနွေး

**လှိုင်သာယာ အောက်တိုဘာ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် အထည်ချုပ်အလုပ်အကိုင်များဆိုင်ရာ အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်စေရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် အထည်ချုပ်စက်ရုံများမှ တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အထည်ချုပ်သင်တန်းကျောင်းဖွင့်လှစ်ပြီး ကျွမ်းကျင်အထည်ချုပ်လုပ်သားများ များပြားလာစေရန် ဦးစီးဌာနက လုပ်ဆောင်နေမှုများ စက်မှုဇုန်နှင့် အထည်ချုပ်စက်ရုံများပြားသည့် လှိုင်သာယာတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် Assessment Centre ဖြစ်စေရေး ဦးစီးဌာန၊ စက်မှုဇုန် တာဝန်ရှိသူများ၊ အထည်ချုပ်အသင်းနှင့် အဖွဲ့အစည်းများ ပါဝင်ကြရန် ပြောကြားသည်။

ဆက်လက် ၍ ညွှန်ကြားရေးမှူးက အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်ရေးအတွက် ကျွမ်းကျင်လက်မှတ်ရ စစ်ဆေးအကဲဖြတ်သင်တန်းပေးနေမှုများ ဆက်လက်သင်တန်းဖွင့်လှစ်ပေးမည့် အစီအစဉ်များအား ပြောကြားပြီး စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ တာဝန်ရှိသူက အထည်ချုပ်စက်ရုံများရှိ ကျွမ်းကျင်လုပ်သားများ လုံလောက်စွာရရှိရေး၊ ကျွမ်းကျင်လုပ်သားလက်မှတ် စာမေးပွဲတွင် အလုပ်သမားများ ပါဝင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် Garment Sewing Maching Operator ၏ Chief Assessor ဒေါ်လှသီတာက အထည်ချုပ်ကျွမ်းကျင်လုပ်သားများအတွက် စစ်ဆေးအကဲဖြတ်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြီး အောင်မြင်မှု အထည်ချုပ် ကျွမ်းကျင်သင်တန်းကျောင်း၏ တာဝန်ရှိသူက အထည်ချုပ်လုပ်သားများ လေ့ကျင့်ပျိုးထောင်နေမှု အခြေအနေများနှင့် သင်တန်းကျောင်းတွင် အထည်ချုပ်လုပ်သားများ ကျွမ်းကျင်စွာ တတ်မြောက်စေရန် အခမဲ့သင်တန်းပေးနေမှုနှင့် လုပ်သားများ ကျွမ်းကျင်မှုသင်တန်းတက်နိုင်ကြောင်း ရှင်းလင်းတင်ပြကာ အထည်ချုပ်စက်ရုံများမှ တာဝန်ရှိသူများက လုပ်သားများအတွက် ကျွမ်းကျင်မှုသင်တန်းများနှင့် လက်မှတ်များ လိုအပ်ကြောင်း၊ စင်တာဖြစ်မြောက်စေရေးနှင့် အလုပ်သမားများဘဝအာမခံချက်နှင့် ကျွမ်းကျင်မှုစံနှုန်းများ တိုးတက်လာစေရေးအတွက် လုပ်ဆောင်နေမှုများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးတင်ပြကြသည်။



မြို့နယ် (ပြန် /ဆက်)

# မယ်စဲ့မြို့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများတွေ့ဆုံ

**မယ်စဲ့ အောက်တိုဘာ ၁၅**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို အောက်တိုဘာ ၁၄ ရက်က ပန်တိန်းကျေးရွာနှင့် လမ်းဆုံကျေးရွာတို့၌ ကျင်းပခဲ့သည်။



တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းတို့က လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားရာ၌ အမှန်တကယ်လိုအပ်သောလုပ်ငန်းများကို ဦးစားပေးအလိုက် တင်ပြစေလိုကြောင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

တက်ရောက်လာသော ဒေသခံပြည်သူများက မိမိတို့ကျေးရွာများတွင် ဆောင်ရွက်လိုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝတ်ရည်(ပြန်/ဆက်)

# မြောက်ဦးမြို့နယ် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းသစ် ဖွင့်ပွဲကျင်းပ

**မြောက်ဦး အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လ ဘတ်ဂျက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် တောင်ဦးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သော ကွန်ကရစ်ဘီးလမ်းသစ်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာရှိ ရွာတွင်းကွန်ကရစ်ဘီးလမ်းပေါ်တွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ထွန်းရန်နိုင်သူက မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မိမိတို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား ရွာသူ ရွာသားများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ ကွန်ကရစ်ဘီးလမ်း ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သည့် အလှူရှင်ငါးဦးအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ကွန်ကရစ်ဘီးလမ်းသစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်နှင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် လမ်းသစ်ကို လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော ကွန်ကရစ်ဘီးလမ်းသစ်မှာ ရွာတွင်း ကွန်ကရစ်ဘီးလမ်းဖြစ်ပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၃၀၅ အိမ်မှ အိမ်ထောင်စု ၃၂၅ စုရှိ လူဦးရေ ၁၆၄၅ ဦးတို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး လမ်းအတိုင်းအတာမှာ အရှည်ပေ ၂၆၀၀၊ အကျယ် နှစ်ပေနှင့် ထု ခြောက်လက်မဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၁၀ ဒသမ ၀၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁၆ ဒသမ ၀၀ သန်းဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၀၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၅/၁၀၆၅ ကျပ် | ၁၁၂၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၉၅/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၃ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၃ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၂ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၉ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၁ ・ ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၈၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ・ ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၈၇၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံရှိ တစ်ခုတည်းသော ဂျူးဘုရားကျောင်း

## မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်တွင် နှစ်ကာလရှည်ကြာစွာ နေခဲ့ရသဖြင့် မြန်မာနိုင်ငံအတွင်း၌ ကိုလိုနီခေတ်လက်ရာ လူနေအိမ်များ၊ ရုံးများ၊ ကျောင်းများ ၊ ဘုရားရှိခိုးကျောင်းများ စသည်ဖြင့် ဗြိတိသျှခေတ်က တည်ဆောက်ခဲ့သည့် အဆောက်အအုံများစွာ ကျန်ရှိနေခဲ့သည်။ ယင်းတို့အနက် ဘာသာပေါင်းစုံ ဘုရားရှိခိုးကျောင်းများကို ရန်ကုန်မြို့တွင် တွေ့မြင်နိုင်ရာ ခရစ်ယာန်ဘာသာဆိုင်ရာ အဆောက်အအုံများက အများဆုံးဖြစ်ပြီး ဟိန္ဒူ၊ အစ္စလာမ်၊ ဆစ်ခ်၊ ဂျူး အစရှိသည့် ဘာသာဝင်များ ဘုရားဝတ်ပြုသည့် အဆောက်အအုံများလည်း တည်ရှိနေပေသည်။

ယခုအချိန်တွင် ယင်းအဆောက်အအုံများသည် သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သဖြင့် ရှေးဟောင်းအဆောက်အအုံများစာရင်းတွင် ပါဝင်လာခဲ့ကြသည်။

### ရှေးဟောင်းအဆောက်အအုံ ဟူသည်

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်တွင်ရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာဘူမိသဘာဝဝန်းကျင်နေရာများ အပါအဝင် လူသားတို့နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် နှစ် ၁၀၀ နှင့်အထက် သက်တမ်းရှိသော အဆောက်အအုံ နေရာများကို ရှေးဟောင်းအဆောက်အအုံများဟု သတ်မှတ်သည်။ သမိုင်းအမွေအနှစ်ဖြစ်သည့် အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများကို စိစစ်၍ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံများကို သတ်မှတ်ပေးလျက်ရှိသည်။

ထို့ကြောင့် ရှေးဟောင်းစာရင်းဝင် အဆောက်အအုံသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ရှေးဟောင်းအဆောက်အအုံများ စာရင်းတွင် ပါဝင်သည့် အဆောက်အအုံဖြစ်ကြောင်း ယင်းဥပဒေတွင် ပြဋ္ဌာန်းထားပေသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီးတွင် တည်ရှိနေသည့် ဒြပ်ရှိ ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်းခြင်းလုပ်ငန်းကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိနေသည်။ ရှေးဟောင်းအဆောက်အအုံများကို ခေတ်အလိုက်၊ နေရာဒေသအလိုက် မှတ်တမ်းတင်စာရင်းကောက်ယူကာ စာရင်းပြုစု၍ စာအုပ်ထုတ်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသ ၄၇ ခုကို ဇုန်နယ်မြေများ သတ်မှတ်ပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းမှုပြုခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဇုန်နယ်မြေ ၁၆ ခုပါဝင်ခဲ့သည်။

ယင်း ဇုန်နယ်မြေများအားလုံးသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားကာ ကြည်ညိုကြသည့် ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့် ၊ ကိုးထပ်ကြီး၊ ကျိုက်ခေါက်အစရှိသည့် သမိုင်းဝင်စေတီများတည်ရှိသည့် နေရာများဖြစ်ကြပေသည်။

ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအနက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်ဌာနခွဲ)သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများကို ရှာဖွေဖော်ထုတ်သုတေသနပြုလျက်ရှိသည်။ ယင်းတို့သည် ရန်ကုန်မြို့ပြအမွေအနှစ် ပြယုဂ်များဖြစ်သည့်အားလျော်စွာ အမွေအနှစ် အဆောက်အအုံများအဖြစ် မှတ်တမ်းစာရင်းကောက်ယူခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ ခုတွင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံ ၁၂၀ ကို ထပ်မံတိုးချဲ့မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြုစုခဲ့သည့် စာရင်းအရ ရန်ကုန်မြို့တွင် အမွေအနှစ် အဆောက်အအုံ ၁၈၈ ခု ကျန်ရှိနေပေသည်။

ရန်ကုန်မြို့ရှိ ထင်ရှားသော ရှေးဟောင်းအဆောက်အအုံများအနက် ရန်ကုန်မြို့လယ်၌ တည်ရှိသည့် မတ်စ်မီးယားရေရှုအာ ဘုရားကျောင်း (Musmeah Yeshua Synagogue) သည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

### သမိုင်းထဲက ရန်ကုန်

ခရစ်နှစ် ၁၀၂၈ ခုနှစ်မှ ၁၀၄၃ ခုနှစ်အတွင်းက မွန်လူမျိုးများသည် ယခုရန်ကုန်မြို့တည်နေရာတွင် ဒဂုံကို တည်ထောင်ခဲ့ကြချိန်တွင် ဒဂုံသည် တံငါရွာငယ်တစ်ခုသာဖြစ်ခဲ့သည်။ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ၁၇၅၅ ခုနှစ် မေ ၂ ရက်တွင် ဒဂုံမြို့ဟောင်းကို ရှင်းလင်း၍ ၇၅ ဧကကျယ်ဝန်းသော မြို့သစ်ကိုတည်ထောင်ကာ ရန်ကုန်ဟု အမည်ပေးခဲ့ပြီး မြို့ပတ်လည်ကို ကျွန်းသစ်များဖြင့် တံတိုင်းကာရံခဲ့သည်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ပြီးဆုံးနောက် ၁၈၅၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။ ၁၈၅၃ ခုနှစ်တွင် ဒေါက်တာမောင်ဂိုမာရီ (Dr. W. Montgomery) နှင့် ဗိုလ် ဖရေဇာ (Lt. A . Fraser) တို့သည် အောက်မြန်မာနိုင်ငံ၏ အချက်အချာဖြစ်သည့် ရန်ကုန်မြို့ကို အသစ်ပြန်လည်တည်ဆောက်ရန် ဆူးလေစေတီကို ဗဟိုပြုသည့် မြို့ပြစီမံကိန်းတစ်ခုကို ရေးဆွဲခဲ့ကြသည်။

ဗြိတိသျှတို့၏ Reconstruction of Modern Rangoon 1853 စီမံကိန်းအရ ရန်ကုန်မြို့ကို လေးထောင့်စပ်စပ်ပုံစံ (Chess board Pattern) တည်ခဲ့ကာ ရန်ကုန်မြို့၏ နယ်နိမိတ်သည် အရှေ့ဘက်တွင် အရှေ့လမ်း(East Road)(ယခု သိမ်ဖြူလမ်း)၊ အနောက်ဘက်တွင် လမ်းမတော်၊ တောင်ဘက်တွင် ကမ်းနားလမ်းနှင့် မြောက်ဘက်တွင် ကော်မရှင်နာလမ်း(ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) အထိ အဝန်းအဝိုင်းဖြစ်သည်။ အရှေ့အနောက်သွယ်တန်းဖောက်လုပ်ထားသည့် လမ်းမကြီးငါးခု (ယခု ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း) တို့ကို ပေ ၁၈၀ အကျယ်ဖောက်လုပ်ခဲ့သည်။ မြို့ကွက်အတွင်း၌ တောင်မြောက်သွယ်တန်းကာ နံပါတ်စဉ်တပ်ထားသည့် ဖြတ်လမ်းများသည် အနောက်ဘက်ဆုံးတွင် ၁၇ လမ်း နှင့် အရှေ့ဘက်ဆုံးတွင် ၄၄ လမ်းအထိဖြစ်သည်။

ရန်ကုန်မြို့သည် ပင်လယ်ဝမှ ၂၁ မိုင်ကွာဝေးကာ ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ဒေါပုံချောင်းတို့ဆုံရပ်တွင် တည်ထားခဲ့သဖြင့် အရေးပါသော ဆိပ်ကမ်းမြို့ဖြစ်ခဲ့ကာ ရန်ကုန်မြို့ကို အလောင်းမင်းတရား တည်ပြီးချိန်တွင် မင်းလှကျော်စွာကို မြို့စောင့်ခန့်ထားခဲ့သည်။ အင်္ဂလိပ်တို့သည် ရွှေတိဂုံစေတီတော်ခြေရင်းရှိ မြေကွက်ကျယ်တစ်ခုအတွင်း၌ တည်ထားသည့် အလံပြဘုရား၏ ထီးတော်အောက်တွင် အချက်ပြတန်းကို ထားရှိ၍ ရန်ကုန်မြစ်အတွင်း ဝင်ထွက်ကြသည့် သင်္ဘောများကို အချက်ပြရန် အသုံးချခဲ့သည်။ ယင်း စေတီကို Signal Pagoda ဟုလည်းကောင်း၊ ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲတွင် အင်္ဂလိပ်တပ်မှူး Sir Robert Henry Sale တပ်စွဲခဲ့သောကြောင့် Sale’s Pagoda ဟုလည်းကောင်း ခေါ် ဆိုခဲ့သည်။

### မြန်မာနိုင်ငံနှင့် ဂျူးလူမျိုးများ

မှတ်တမ်းများအရ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့သော ဂျူးလူမျိုးသည် ၁၈ ရာစုတွင် အလောင်းဘုရားမင်းကြီး၏တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ Solomon Gabirol ဖြစ်သည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ထားခဲ့သည့် ၁၉ ရာစုအလယ်ပိုင်းကာလတွင် အီရတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသည့် ဂျူးလူမျိုးကုန်သည်များသည် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဂျူးအသိုက်အဝန်းများကိုထူထောင်ခဲ့ကြသည်။ အီရတ်နိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်ခံအဖြစ် ရောက်ရှိခဲ့ချိန်တွင် ဘဂ္ဂဒက်မြို့မှ ရာပေါင်းများစွာသော ဂျူးလူမျိုးများသည် ယင်းတို့ဒေသများတွင်ဖြစ်ပွားခဲ့သည့် ဖိစီးနှိပ်စက်မှုများနှင့် လူမျိုးရေးသတ်ဖြတ်မှုများမှ လွတ်မြောက်ရန် အီရတ်နိုင်ငံမှ ထွက်ခွာလာခဲ့ကြရာ မြန်မာနိုင်ငံသို့လည်း ရောက်ရှိလာခဲ့ကြသည်။ ယင်းတို့နှင့်အတူ အိန္ဒိယမှဝင်ရောက်လာသည့် ကိုချင်ဂျူးနှင့် ဘန်းဂျူးများလည်း ပါဝင်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်ဝန်းကျင်တွင် မြန်မာနိုင်ငံ၌ ဂျူးလူမျိုးအရေအတွက် ၂၅၀၀ ကျော်ရှိခဲ့သည်။

အုတ်ဂူ ၆၀၀ ဝန်းကျင်ရှိသည့် ဂျူးသင်္ချိုင်းသည် ရန်ကုန်မြို့ ၉၁ လမ်းတွင် တည်ရှိခဲ့ပြီး မန္တလေးမြို့တွင်လည်း ဂျူးသင်္ချိုင်းတစ်ခုရှိခဲ့သည်ဟု အဆိုရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ကွယ်လွန်သူ Issac Samuels ကို ရန်ကုန်မြို့ရှိ ဂျူးသင်္ချိုင်း၌ မြှုပ်နှံခဲ့သည်။ Issac သည် မတ်စ်မီးယား ရေရှုအာ ဂျူးဘုရားကျောင်းကို ထိန်းသိမ်းခဲ့သူ Moses Samuels ၏ ဖခင်ဖြစ်ပြီး ဂျူးသင်္ချိုင်းတွင် နောက်ဆုံးမြှုပ်နှံသင်္ဂြိုဟ်ခဲ့သူဖြစ်သည်။

၁၉၁၀ ပြည့်နှစ်တွင် ဂျူးစာသင်ကျောင်းကိုလည်း တည်ထောင်ခဲ့ရာ သူငယ်တန်းမှ အလယ်တန်း အဆင့်အထိ ကျောင်းသား ၂၀၀ တက်ရောက်ခဲ့သည်။ အချို့သော ဂျူးလူမျိုး အမျိုးသားများသည် မြန်မာအမျိုးသမီးများနှင့် အိမ်ထောင်ကျခဲ့ကြကာ မိမိတို့ရင်သွေးများကို အိန္ဒိယ၊ ဗြိတိန်စသည့် နိုင်ငံများသို့ ပညာသင်ယူရန် ပို့လွှတ်ခဲ့ကြသည်။


မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် ဂျူးလူမျိုးများသည် ဗြိတိသျှကိုလိုနီခေတ်တွင် အသေးစားလုပ်ငန်းများမှသည် ချည်နှင့် ဆန်များတင်ပို့ရောင်းချသည့် လုပ်ငန်းများအထိ ဆောင်ရွက်ခဲ့ကာ စီးပွားရေးကောင်းမွန်ကြွယ်ဝခဲ့ကြသည်။ ဂျူးလူမျိုးများသည် မိမိတို့၏ အဓိက လူမှုအသိုက်အဝန်းများကို ရန်ကုန်နှင့် ပုသိမ်တို့တွင် ထူထောင်ခဲ့ကြကာ ၂၀ ရာစု အစောပိုင်းတွင် ဂျူးအကြီးအကဲကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ပုသိမ်မြို့ရှိ ဂျူးလူမျိုးများ၏ ခေါင်းဆောင်သည် Mr. Raphael ဖြစ်ပြီး ရန်ကုန်မြို့ရှိ ဂျူးများ၏ ခေါင်းဆောင်သည် Mr. David Sophaer ဖြစ်ပေသည်။

ဂျူးတို့သည် ဗြိတိသျှ ကိုလိုနီအစိုးရ အရာရှိများ၊ လုပ်ငန်းရှင်များနှင့် ဆက်ဆံမှုများရှိခဲ့ပြီး ဒုတိယမြောက် ဂျူးဘုရားကျောင်း Beth El ကို ၁၉၃၂ ခုနှစ်တွင် ရန်ကုန်မြို့၌ဖွင့်လှစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး မြန်မာနိုင်ငံကို ဂျပန်သို့သိမ်းပိုက်ချိန်၌ ဂျူးလူမျိုးအများအပြားသည် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံတို့ ပြန်လည်ထွက်ခွာသွားခဲ့ကြပြီးနောက် ဘုရားဝတ်ပြုသူများ အလွန်နည်းပါးသွားသဖြင့် ဂျူးဘုရားကျောင်း Beth El ကို ပိတ်သိမ်းခဲ့သည်။ သို့သော် Beth El ဖွင့်လှစ်ခဲ့သည့် နေရာနှင့် အဆောက်အအုံ မှတ်တမ်းများကို မတွေ့ရှိခဲ့ကြချေ။

၁၉၄၈ ခုနှစ်တွင် မြန်မာနှင့် အစ္စရေးနိုင်ငံတို့သည် လွတ်လပ်ရေးရရှိခဲ့ကြပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အစ္စရေးကို ပထမဆုံး အသိအမှတ်ပြုခဲ့သည်။မြန်မာနှင့် အစ္စရေးတို့သည် ၁၉၅၃ ခုနှစ်တွင် သံတမန်ဆက်သွယ်မှုစတင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် နှစ်နိုင်ငံသံရုံးများ ဖွင့်လှစ်ခဲ့သည်။

### မတ်စ်မီးယား ရေရှုအာ

ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် မတ်စ်မီးယား ရေရှုအာ (Musmeah Yeshua Synagogue) သည် ပန်းဘဲတန်းမြို့နယ် ၂၆ လမ်း အမှတ် ၈၅ တွင် တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဂျူးဘာသာ ဘုရားဝတ်ပြုကျောင်းဖြစ်သည်။ ရပ်ကွက် ၁၁ ခုဖြင့် ဖွဲ့စည်းထားသည့် ပန်းဘဲတန်းမြို့နယ်သည် ယခုအခါ ရန်ကုန်မြို့၏ အလယ်တွင် တည်ရှိနေသည်။



ကုန်းဘောင်ခေတ်ဦးပိုင်းက ပန်းပဲလုပ်ကိုင်သူများ အခြေချနေထိုင်ခဲ့သည့်အရပ်ဖြစ်သဖြင့် ပန်းပဲတန်းဟု အမည်တွင်ခဲ့ပြီး အသံထွက်အတိုင်း ရေးသားကြရာမှ ပန်းဘဲတန်းဟု ဖြစ်လာခဲ့သည်။ ရွှေတိဂုံစေတီတော်ကို မင်းတုန်းမင်းကြီး ထီးတော်တင်ခဲ့စဉ်က ထီးတော်အောက်ခံ သံကိုင်း၊ သံဘောင်များကို ပန်းဘဲတန်းရပ်တွင်နေထိုင်သည့် ပန်းပဲဆရာ ဦးစနှင့် ဦးညိုတို့က ပြုလုပ်ပေးခဲ့သည်။

ပန်းဘဲတန်းမြို့နယ်အတွင်းရှိ သိမ်ကြီးဈေး ဈေးရုံများ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ စိန့်မေရီ ခရစ်ယာန်ဘုရားကျောင်း၊ အထက(၁) ပန်းဘဲတန်း၊ မြန်မာ့မီးရထားရုံးချုပ်ဟောင်း အစရှိသည့် အဆောက်အအုံများသည် ကိုလိုနီခေတ်က လက်ရာများဖြစ်ကြကာ မတ်စ်မီးယားရေရှုအာ အဆောက်အအုံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက ရန်ကုန်မြို့တွင် နေထိုင်ခဲ့ကြသည့် ဂျူးလူမျိုးများသည် မိမိတို့ယုံကြည်ကိုးကွယ်မှုအရ ဘုရားဝတ်ပြုကျောင်းတစ်ခုကို လက်ရှိနေရာတွင် ၁၈၅၄ ခုနှစ်က တည်ဆောက်ခဲ့သည်။ မူလဘုရားကျောင်းသည် သေးငယ်သော သစ်သားအဆောက်အအုံတစ်ခုဖြစ်ပြီး ၁၈၉၃ ခုနှစ်တွင် ယင်းအဆောက်အအုံကို ဖျက်သိမ်း၍ လက်ရှိအုတ်အဆောက်အအုံနှင့် အစားထိုးခဲ့သည်။ မူလသစ်သားကျောင်းသည် မီးလောင်ပျက်စီးခဲ့သည်ဟု ဆိုခဲ့ကြသည်။ မတ်စ်မီးယား ရေရှုအာ နှစ်ထပ်အဆောက်အအုံကို သုံးနှစ်ကြာ တည်ဆောက်ခဲ့ပြီး ၁၈၉၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ အဆောက်အအုံတည်ဆောက်ရန် မြေနေရာကို ဗြိတိသျှအစိုးရက ခွင့်ပြုမိန့်ပေးခဲ့သည်။

ဘုရားကျောင်းအတွင်း၌ ဂျူးလူမျိုးများ၏ ဘာသာရေးဆိုင်ရာ တိုရာကျမ်းစာ (Torah Scroll) ပေါင်း ၁၂၆ ခုရှိခဲ့သဖြင့် တစ်ချိန်က ကမ္ဘာပေါ်တွင် တိုရာ ကျမ်းစာအများဆုံးရှိခဲ့သည့် နေရာဖြစ်ခဲ့သည်။ ဂျူးလူမျိုးများသည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြချိန်တွင် ယင်းကျမ်းစာများကို ယူဆောင်သွားခဲ့ကြသဖြင့် ယခုအချိန်တွင် နှစ်ခုသာကျန်ရှိတော့ပေသည်။ ယင်းကျမ်းစာများသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မှ ယူဆောင်လာခဲ့သည့် မူရင်းကျမ်းများဖြစ်ကြကာ သက်တမ်း နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။

လက်ရှိအချိန်တွင် ဂျူးဘုရားရှိခိုးကျောင်းသည် ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်တစ်ခုအဖြစ် ပြည်ပခရီးသွားများ လာရောက်ကြည့်ရှု လည်ပတ်လေ့လာကြသည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ကာ ဘုရားကျောင်းကို အစဉ်အဆက်ထိန်းသိမ်းခဲ့သူ Moses Samuels ၏ ကျန်ရစ်သူ မိသားစုဝင်များက ဆက်လက်ထိန်းသိမ်းခဲ့သည်။ Moses Samuels သည် ၂၀၁၅ ခုနှစ် မေလ ၂၉ ရက်တွင် ကွယ်လွန်ခဲ့သည်။

အမေရိကန်နိုင်ငံက ထောက်ပံ့သည့် ရန်ပုံငွေဖြင့် ဂျူးဘုရားကျောင်းကို ပြုပြင်ထိန်းသိမ်းခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ပြီးစီးခဲ့သဖြင့် ဒီဇင်ဘာလ ၈ ရက်တွင် ဘာသာပေါင်းစုံ ချစ်ကြည်ရေးအခမ်းအနားကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ထိုစဉ်က သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် နိုင်ငံသံအမတ်ကြီး Mr. Derek Mitchell နှင့် အစ္စရေးနိုင်ငံသံအမတ်ကြီး Mr. Hagay Moshe Behar တို့ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဂျူးဘုရားကျောင်းသည် ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် ပြည်ပ ဧည့်သည်များ သွားရောက်လည်ပတ်မှုအများဆုံး နေရာ ၁၀ နေရာတွင်ပါဝင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇွန်လ ၆ ရက်တွင် ရန်ကုန်မြို့ပြအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့(YHT) က သမိုင်းဝင် ကိုလိုနီခေတ်လက်ရာ မတ်စ်မီးယားရေရှုအာ ဂျူးဘုရားကျောင်းကို ရန်ကုန်မြို့၏ ၁၃ ခုမြောက် အပြာရောင်ကမ္ပည်းမော်ကွန်းပြား တပ်ဆင်ခဲ့သည်။

ဂျူးဘုရားကျောင်းအတွင်း၌ မြန်မာ-အစ္စရေးဆက်ဆံရေး သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို ပြသထားကာ ဂျူးဘာသာဝင်တို့ အထွတ်အမြတ်ထားရှိသည့် ကျမ်းစာနှစ်ခုကိုလည်း ထိန်းသိမ်းထားရှိသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဂျူးလူမျိုး ၁၉ ဦးသာရှိတော့သော်လည်း လွန်ခဲ့သည့် ၁၂၅ နှစ်က တည်ဆောက်ခဲ့သည့် ဂျူးဘုရားကျောင်းသည် ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ်သာမက ရန်ကုန် မြို့၏ အမွေအနှစ်တစ်ခုအဖြစ်လည်း ထင်ရှားစွာတည်ရှိနေပေသည်။ မတ်စ်မီးယား ရေရှုအာ ဂျူးဘုရားကျောင်းကို တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်နံနက် ၉ နာရီ မိနစ် ၃၀ မှ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ အထိ ဖွင့်လှစ်ပြသထားသဖြင့် မည်သူမဆို သွားရောက်ကြည့်ရှုလေ့လာနိုင်ကြပေသည်။ ။

“ဒုတိယကမ္ဘာစစ်မတိုင်မီက ရန်ကုန်မြို့တွင် နေထိုင်ခဲ့ကြသည့် ဂျူးလူမျိုးများသည် မိမိတို့ယုံကြည်ကိုးကွယ်မှုအရ ဘုရားဝတ်ပြုကျောင်းတစ်ခုကို လက်ရှိနေရာတွင် ၁၈၅၄ ခုနှစ်က တည်ဆောက်ခဲ့သည်။ မူလဘုရားကျောင်းသည် သေးငယ်သောသစ်သားအဆောက်အအုံတစ်ခုဖြစ်ပြီး ၁၈၉၃ ခုနှစ်တွင် ယင်းအဆောက်အအုံကို ဖျက်သိမ်း၍ လက်ရှိအုတ်အဆောက်အအုံနှင့် အစားထိုးခဲ့သည်။ မူလသစ်သား ကျောင်းသည် မီးလောင်ပျက်စီးခဲ့သည်ဟု ဆိုခဲ့ကြသည်။ မတ်စ်မီးယား ရေရှုအာနှစ်ထပ်အဆောက်အအုံကို သုံးနှစ်ကြာ တည်ဆောက်ခဲ့ပြီး ၁၈၉၆ ခုနှစ်တွင် ပြီးစီးခဲ့သည်”

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

### အပိုင်း (၄)
### ပစ္စည်းထိန်းခြင်း
### အခန်း(၁)

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ပစ္စည်းထိန်း၏အဓိပ္ပာယ်**

၂၇။ (က) ကုမ္ပဏီပိုင်ပစ္စည်းများ၏ပစ္စည်းထိန်းဆိုရာတွင်အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(၁) ထိုပစ္စည်း၏ပစ္စည်းထိန်းနှင့် မန်နေဂျာ၊

(၂) ထိုပစ္စည်း၏တစ်စိတ်တစ်ပိုင်းအပေါ် ခန့်ထားသည့် ပစ္စည်းထိန်း သို့မဟုတ် မန်နေဂျာ၊ သို့မဟုတ်

(၃) ထိုပစ္စည်း၏တစ်စိတ်တစ်ပိုင်းအပေါ် ခန့်ထားသည့် ပစ္စည်းထိန်း၊ ထို့ပြင်

(၄) ထိုပစ္စည်း သို့မဟုတ် ထိုပစ္စည်း၏တစ်စိတ်တစ်ပိုင်းမှ ပေါ်ထွက်လာသော ဝင်ငွေနှင့်စပ်လျဉ်းသည့် ပစ္စည်းထိန်း။

**ပစ္စည်းထိန်းခန့်ထားနိုင်ခြင်း**

၂၈။ ကုမ္ပဏီပိုင်ပစ္စည်းအတွက်အဖွဲ့အစည်း မဟုတ်သည့် လူပုဂ္ဂိုလ်ကိုသာလျှင် ပစ္စည်းထိန်းအဖြစ်ခန့်ထားနိုင်သည်။

### အခန်း(၂)
### တရားရုံးပြင်ပတွင်ပစ္စည်းထိန်းခန့်အပ်ခြင်း

**ပစ္စည်းထိန်းကိုစတင်ခန့်အပ်နိုင်သည့်အချိန်**

၂၉။ (က) ပုဒ်မခွဲ(ခ)တွင်ပြဋ္ဌာန်းထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ခွင့်ပြုထားသည့်အခြေအနေများ သို့မဟုတ် ပုဒ်မခွဲ (ဂ)တွင် ပြဋ္ဌာန်းထားသည့် ခွင့်ပြုသောအချိန်ကာလများအတွင်း ပစ္စည်းထိန်းကို ခန့်အပ်နိုင်ပြီး အခြားသောအခြေအနေတွင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်တစ်ဦးအနေဖြင့်ပစ္စည်းထိန်းခန့်ထားပိုင်ခွင့် မရှိစေရ။

(ခ) ခွင့်ပြုထားသောအခြေအနေများဆိုရာတွင် အောက်ပါတို့ကိုဆိုသည်-

(၁) ပစ္စည်းထိန်းခန့်အပ်မည့်ပစ္စည်းသည် ဤဥပဒေကို ပြဋ္ဌာန်းခြင်း မပြုမီကပင် အာမခံထားရှိခဲ့ပြီးဖြစ်လျှင်၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကုမ္ပဏီပိုင်ပစ္စည်းအားလုံး သို့မဟုတ် ပိုင်ဆိုင်မှုအများစုအပေါ် အာမခံရရှိထားခြင်းမရှိသည့်ကိစ္စဖြစ်သည့်အပြင် အပိုင်း(၅) သို့မဟုတ် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များအရ ပစ္စည်းထိန်းတစ်ဦးအား ခန့်အပ်ခြင်းကို အခြားနည်းဖြင့် တားမြစ်ပိတ်ပင်ထားခြင်း မရှိလျှင်၊

(၃) ထူးခြားသော အခြေအနေများရှိကြောင်းကို တရားရုံးက ယုံကြည်၍-

(ကက) တရားရုံးကပစ္စည်းထိန်းတစ်ဦးအား ကိုယ်တိုင် ခန့်အပ်ခဲ့လျှင်၊ သို့မဟုတ်

(ခခ) ပစ္စည်းထိန်းတစ်ဦးအားခန့်အပ်ရန် အာမခံအကျိုးခံစားခွင့်ရမြီရှင်အား ခွင့်ပြုမိန့်ချမှတ်ပေးခဲ့လျှင်၊ သို့မဟုတ်

(၄) နည်းဥပဒေများအရ အခြားတစ်နည်းနည်းဖြင့် ခွင့်ပြုထားခဲ့လျှင်။

(ဂ) ခွင့်ပြုထားသောအချိန်ကာလဆိုရာတွင် အောက်ပါတို့ကို ဆိုသည်-

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် အပိုင်း (၅) အရဖြစ်စေ၊ အပိုင်း (၆)အရဖြစ်စေ ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို လိုက်နာရန် တာဝန်မရှိသည့်အပြင် ၎င်းကပစ္စည်းထိန်းတစ်ဦးကို ခန့်ထားပါက ယင်းအစီအစဉ်ကို ဆန့်ကျင်စေခြင်း မရှိလျှင် ကုမ္ပဏီက အပိုင်း (၅)အရ ဖြစ်စေ၊ အပိုင်း(၆)အရ ဖြစ်စေ ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်ကာလ၊ သို့မဟုတ်

(၂) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် အချိန်ကာလ။

**ပစ္စည်းထိန်း၏လုပ်ပိုင်ခွင့်များ**

၃၀။ (က) အာမခံတစ်ရပ်အတွက် ခန့်ထားသည့် ကုမ္ပဏီ၏ ပစ္စည်းထိန်းသည် ထိုအာမခံတွင် အခြားနည်းဆန့်ကျင်ကွဲလွဲသော သဘောတူညီချက်မရှိလျှင် အောက်ပါအခွင့်အာဏာများရရှိသည်-

(၁) ကုမ္ပဏီပိုင်ပစ္စည်းများကို လက်ရောက်ရယူခြင်း၊ကောက်ခံရယူခြင်းနှင့် ထိုသို့ပြုလုပ်ရန်အလို့ငှာ လိုအပ်သောဆောင်ရွက်ချက်များကို ပြုလုပ်ခြင်း၊

(၂) ကုမ္ပဏီပိုင်ပစ္စည်းများကို လေလံစနစ်ဖြင့်ဖြစ်စေ၊ စာချုပ်ချုပ်ဆို၍ဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း၊

(၃) ကုမ္ပဏီပိုင်ပစ္စည်းများကိုအာမခံအဖြစ်ထားရှိ၍ ငွေကြေးရရှိအောင် ဆောင်ရွက်ခြင်း သို့မဟုတ် ချေးယူခြင်း၊

(၄) ၎င်း၏တာဝန်များကိုဆောင်ရွက်ရာ၌အထောက်အကူရရှိစေရန်အလို့ငှာ ဥပဒေအကြံပေး သို့မဟုတ် ငွေစာရင်းကိုင် သို့မဟုတ် အခြား အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတို့ကို ခန့်အပ်ခြင်း၊

(၅) ကုမ္ပဏီအမည်နှင့်ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ တရားစွဲဆိုခြင်း၊ တရားစွဲဆိုခံပိုင်ခွင့်ရှိခြင်းနှင့် ခုခံချေပခြင်း၊

(၆) ကုမ္ပဏီကို ထိခိုက်မှုဖြစ်စေသောအငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းစေခြင်း၊

(၇) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို ထိန်းသိမ်းရာတွင် အာမခံထားရှိခြင်း၊

(၈) ကုမ္ပဏီ၏ တံဆိပ်တုံးကို အသုံးပြုခြင်း၊

(၉) စာချုပ်စာတမ်းများ၊ ပြေစာများနှင့် အခြားစာရွက်စာတမ်းများအား ရေးသားချုပ်ဆိုဆောင်ရွက်ရာတွင် ကုမ္ပဏီအမည်နှင့်ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(၁၀) ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိသော သို့မဟုတ် အေးဂျင့်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ပိုမိုအဆင်ပြေသော လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန် အေးဂျင့်တစ်ဦးအား ခန့်ထားပိုင်ခွင့်ရှိခြင်းနှင့် ဝန်ထမ်းများကို ခန့်အပ်ခွင့်၊ ထုတ်ပယ်ခွင့်ရှိခြင်း၊

(၁၁) ကုမ္ပဏီပိုင်ပစ္စည်းများကို ထုခွဲရောင်းချရန်အတွက် လိုအပ်သလို ဆောင်ရွက်ခွင့်ရှိခြင်း၊

(၁၂) ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် လိုအပ်သော ငွေပေးချေမှုများ ပြုလုပ်နိုင်ခြင်း၊

(၁၃) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခြင်း၊

(၁၄) လက်အောက်ခံကုမ္ပဏီများကို ဖွဲ့စည်းတည်ထောင်ခြင်း၊

(၁၅) ကုမ္ပဏီပိုင်ပစ္စည်းနှင့် စီးပွားရေးလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လက်အောက်ခံကုမ္ပဏီများသို့ လွှဲပြောင်းပေးခြင်း၊

(၁၆) ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်နှင့် ပတ်သက်၍ အငှားချထားမှုကို လက်ခံခွင့်ပြုနိုင်ခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊ ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းအတွက် လိုအပ်သော သို့မဟုတ် အထောက်အကူဖြစ်စေသော ပစ္စည်းတစ်ရပ်ရပ်ကို ငှားရမ်းခြင်း၊

(၁၇) ကုမ္ပဏီကိုယ်စား ညှိနှိုင်းဖြေရှင်းပေးရန်ဆောင်ရွက်ခြင်း၊

(၁၈) တောင်းခေါ်ခြင်းမပြုရသေးသော ကုမ္ပဏီ၏ မတည်ငွေရင်းကို တောင်းခံခြင်း၊

(၁၉) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တင်ရှိနေခြင်းနှင့် စပ်လျဉ်း၍ လူမွဲခံယူမှု၊ ကြွေးမြီမပေးဆပ်နိုင်မှု၊ ကြွေးမြီပြန်လည်မပေးဆပ်မီ ၎င်း၏ပစ္စည်းများကို သိမ်းယူထားမှု သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းမှုတစ်ရပ်ရပ်တွင် ကြွေးမြီများအား ဦးစားပေးအဆင့်အတန်း သတ်မှတ်၍တောင်းဆိုခြင်း၊ အမြတ်ငွေများကို လက်ခံခြင်းနှင့် ယင်း၏မြီရှင်များအတွက် ယုံမှတ်အပ်နှံခြင်းစာချုပ်များကို သဘောတူလက်ခံခြင်း၊

(၂၀) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(၂၁) ကုမ္ပဏီမှတ်ပုံတင်ထားသော ရုံးခန်းတည်နေရာကို ပြောင်းလဲခြင်း၊

(၂၂) အထက်ဖော်ပြပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သည့် နောက်ဆက်တွဲများကို ဆောင်ရွက်ခြင်း။

(ခ) လူပုဂ္ဂိုလ်တစ်ဦးသည်ရိုးဖြောင့်သောသဘောနှင့် တန်ရာတန်ကြေးပေး၍ ပစ္စည်းထိန်းနှင့် အရောင်းအဝယ်ပြုခဲ့ခြင်းဖြစ်ပါက ထိုပစ္စည်းထိန်းသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာဘောင်အတွင်း ဆောင်ရွက်ခြင်း ဟုတ် မဟုတ်ကို စုံစမ်းမေးမြန်းရန် တာဝန်မရှိစေရ။

**ပစ္စည်းထိန်း၏တာဝန်ရှိမှု**

၃၁။ (က) ကုမ္ပဏီ၏လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ အခြေအနေများ၌ ပစ္စည်းထိန်းတစ်ဦးသည် ပုဂ္ဂိုလ်ရေးအရ တာဝန်များရှိစေရမည်။

(ခ) အာမခံအကျိုးခံစားခွင့် တစ်ရပ်အား အတည်ပြုဆောင်ရွက်ရန်အလို့ငှာ ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ရယူခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုလုပ်သည့် ပစ္စည်းထိန်းသည်ကုမ္ပဏီ၏အေးဂျင့်အဖြစ်ဆောင်ရွက်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုပစ္စည်းထိန်းအဖြစ်ဆောင်ရွက်ရာ၌ အသုံးပြုခဲ့သော ဝန်ဆောင်မှုများ၊ ဝယ်ယူခဲ့သော ကုန်စည်များ သို့မဟုတ် ငှားရမ်းခဲ့သော ပစ္စည်းများ၊ လက်ဝယ်ရယူထားသော သို့မဟုတ် သုံးစွဲနေသော သို့မဟုတ် အငှားယူထားသောမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ ငှားရမ်းထားသည့် ပစ္စည်းများအတွက် ကျခံပေးချေခဲ့သော ကြွေးမြီများနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသည်။

(ဂ) အကယ်၍ ပစ္စည်းထိန်းသည် ၎င်းတာဝန်ယူနေသောကာလအတွင်း ပစ္စည်းအား ကုမ္ပဏီမှဆက်လက်အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းအတွက် စာချုပ်အရ ပေးရန်ရှိသော ငှားရမ်းခ သို့မဟုတ် အခြားပေးဆောင်ရန်ရှိသော အခကြေးငွေတို့အတွက် အောက်ပါကိစ္စများ၌ တာဝန်ရှိစေရမည်-

(၁) ပစ္စည်းထိန်းအဖြစ်ခန့်အပ်ခြင်းမပြုမီ အခြားသူတစ်စုံတစ်ဦးက ပိုင်ဆိုင်သော သို့မဟုတ် အငှားယူထားသောပစ္စည်းတစ်ရပ်ကို ထိုသူနှင့်ချုပ်ဆိုသော ပဋိညာဉ်တစ်ရပ်အရ ကုမ္ပဏီက သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်း ပြုလုပ်ထားသည့်ကိစ္စ၊ ထို့ပြင်

(၂) ပစ္စည်းထိန်းခန့်အပ်ပြီးနောက် ကုမ္ပဏီသည်ထိုပစ္စည်းကို ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းပြုသည့်ကိစ္စ။

(ဃ) ပစ္စည်းထိန်းသည် ၎င်းအားခန့်ထားပြီးနောက် အလုပ်လုပ်ကိုင်ရက် ၇ ရက်အတွင်း ပစ္စည်းနှင့်စပ်လျဉ်း၍ ယင်း၏အခွင့်အရေးများကို ကျင့်သုံးတော့မည် မဟုတ်ကြောင်း၊ ထိုပစ္စည်း၏ ပိုင်ရှင်ဖြစ်သူ သို့မဟုတ် အငှားချထားသူထံသို့ အကြောင်းကြားစာကို ပေးပို့ခဲ့သည့်အပြင် ထိုသို့အကြောင်းကြားစာ ပေးပို့ပြီးနောက်တွင်လည်း ၎င်းသည်အမှန်တကယ်ပင် ထိုပစ္စည်းနှင့် ပတ်သက်၍ အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုလျှင် အထက်ပါ ပုဒ်မခွဲ (ဂ) အရ တင်ရှိသော တာဝန်မှကင်းလွတ်ခွင့်ရစေရမည်။

**ပစ္စည်းရောင်းချရာတွင် ဂရုပြုရန်တာဝန်**

၃၂။ ပစ္စည်းထိန်းသည် ကုမ္ပဏီပိုင်ပစ္စည်းကိုရောင်းချရာတွင် ထိုက်သင့်သော သတိဝီရိယဖြင့် ဆောင်ရွက်ရမည်။

**ပစ္စည်းထိန်းရာထူးလစ်လပ်ခြင်း**

၃၃။ (က) တရားရုံးသည် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းထိန်းအား ရာထူးမှဖယ်ရှားနိုင်သည်။ ထို့အတူ ပစ္စည်းထိန်းအနေဖြင့်လည်း နည်းဥပဒေများဖြင့်သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အကြောင်းကြားစာပေး၍ ရာထူးမှနုတ်ထွက်နိုင်သည်။

(ခ) ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့် ပတ်သက်၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိမှု ရပ်စဲသွားချိန်တွင်ရာထူးမှ နုတ်ထွက်ရမည်။

(ဂ) မည်သည့်အချိန်တွင်မဆို ပစ္စည်းထိန်းသည် ရာထူးမှဖယ်ရှားခံရလျှင် သို့မဟုတ် နုတ်ထွက်ပေးရလျှင် ထိုအချိန်ကာလရှိ ၎င်းကထိန်းသိမ်းကြီးကြပ်ထားသော ကုမ္ပဏီပိုင်ပစ္စည်းများအနက်မှ ထုတ်ယူခွင့်ရှိပြီး ၎င်းအားခန့်အပ်ခဲ့သည့် မြီရှင်ကိုယ်တိုင် သို့မဟုတ် မြီရှင်ကိုယ်စားကိုင်ဆောင်ထားသော အာမခံကြွေးမြီတစ်ရပ်ရပ်ထက် အောက်ပါတို့ကို ဦးစားပေး၍ပေးချေရမည်-

(၁) ၎င်းမှ သင့်တင့်လျောက်ပတ်စွာ ကျခံပေးချေခဲ့သော စရိတ်စကများနှင့် ၎င်း၏အခကြေးငွေများ၊ နှင့်

(၂) ကုမ္ပဏီပိုင်ပစ္စည်းများအနက်မှ ၎င်းက ရရန်ရှိသောနစ်နာဆုံးရှုံးမှုအတွက် အာမခံလျော်ကြေးတစ်ရပ်ရပ်။

(ဃ) သေဆုံးခြင်းမှတစ်ပါး ရာထူးနေရာလစ်လပ်လျှင် သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်းခံရလျှင် ပစ္စည်းထိန်းသည် မှတ်ပုံတင်အရာရှိထံ ၁၄ ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်။

(င) ပစ္စည်းထိန်းသည်ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်အား လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

### အခန်း(၃)
### အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ
### ပစ္စည်းထိန်းကအကြောင်းကြားရန်တာဝန်

၃၄။ (က) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသူသည် အောက်ပါတို့ကိုဆောင်ရွက်ရမည် -

(၁) မိမိအားပစ္စည်းထိန်းအဖြစ် ခန့်အပ်ကြောင်း သက်ဆိုင်ရာ ကုမ္ပဏီသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ခြင်းနှင့် နည်းဥပဒေတွင်သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အများသိစေရန် ကြေညာခြင်း၊

(၂) မိမိအား ပစ္စည်းထိန်းအဖြစ် ခန့်အပ်မှုကို မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားသည့်စာ ပေးပို့ခြင်း၊

(၃) မိမိအား ပစ္စည်းထိန်းအဖြစ် ၂၈ ရက်အတွင်း ၎င်းက လိပ်စာသိရှိသမျှ ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားစာ ပေးပို့ခြင်း။

(ခ) ပစ္စည်းထိန်းသည်လုံလောက်သောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

**ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်**

၃၅။ (က) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရပြီးသည်နှင့် တစ်ပြိုင်နက် ထိုပစ္စည်းထိန်းသည် ဆက်နွှယ်သည့်ပုဂ္ဂိုလ်များထံသို့ ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ကို ရေးသားပြုစု၍ တင်ပြရန် အကြောင်းကြားစာပေးပို့ တောင်းခံနိုင်သည်။

(ခ) ပုဒ်မခွဲ(က)နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည် -

(၁) အကြောင်းကြားစာပုံစံ၊

(၂) ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏အချက်အလက်များ၊ နှင့်

(၃) ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက် ပုံစံနှင့် ပါဝင်ရမည့်အချက်အလက်များ။

*စာမျက်နှာ ၂၀ သို့*

*စာမျက်နှာ ၁၉ မှ*

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက် ပြုစုတင်ပြရန်တောင်းဆိုခြင်းခံရသူသည် ထိုအကြောင်းကြားစာကို လက်ခံရရှိပြီး ၂၁ ရက်အတွင်း ရေးသားပြုစု၍ တင်ပြရမည်။

(ဃ) မည်သူမဆိုခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် ဆောင်ရွက်ရန် တာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်ငါးသိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ပစ္စည်းထိန်း၏အစီရင်ခံစာ**

၃၆။ (က) ပစ္စည်းထိန်းသည် အောက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ မှတ်ပုံတင်အရာရှိထံသို့လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီက သီးခြားခန့်အပ်ထားသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများနှင့် နည်းဥပဒေဖြင့် သတ်မှတ်ထားသော အခြားသော လူပုဂ္ဂိုလ်များထံသို့လည်းကောင်း အစီရင်ခံစာများကို အခါအားလျော်စွာ ပေးပို့အစီရင်ခံရမည် -

(၁) ပုဒ်မ ၃၅ အရ ၎င်းထံသို့ဆက်နွယ်သည့် ပုဂ္ဂိုလ်များက ပေးပို့တင်ပြခဲ့သည့် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်အကျဉ်းချုပ်၊ ထိုထုတ်ဖော်ကြေညာချက်အပေါ် ၎င်း၏ထင်မြင်ယူဆချက်များနှင့်အတူ ၎င်းက သိရှိနိုင်သမျှ ထိုကုမ္ပဏီတွင် ၎င်းအားခန့်အပ်ရသည့် အကြောင်းကိစ္စရပ်များ၊

(၂) ပစ္စည်းထိန်းက ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်ကို စီမံခန့်ခွဲမှု သို့မဟုတ် စီမံခန့်ခွဲရန် အဆိုပြုချက်များနှင့် ထိုကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အား ဆက်လက်လည်ပတ်လုပ်ကိုင်မှု သို့မဟုတ် ဆက်လက်လည်ပတ်လုပ်ကိုင်ရန် အဆိုပြုချက်များ၊

(၃) ၎င်းအားခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်ထံသို့ ပေးချေရမည့် ငွေရင်းနှင့် ယင်းအပေါ် ကျသင့်သည့်အတိုးငွေ ပမာဏအပြင် ဦးစားပေးမြီရှင်များသို့ ပေးချေနိုင်မည့် ငွေကြေးပမာဏများ၊

(၄) အခြားမြီရှင်များအား ပေးချေရန်အတွက် ရနိုင်ဖွယ်ရှိသော ငွေကြေးပမာဏ။

(ခ) ထိုအစီရင်ခံစာများကို အောက်ပါသတ်မှတ်ကာလအတွင်း ထုတ်ပြန်ကြေညာရမည်-

(၁) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ပြီးနောက် ၃ လ၊

(၂) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ပြီးချိန်မှစ၍ တစ်နှစ်ပြည့်ပြီးနောက် နှစ်စဉ် ၃ လ၊

(၃) ပစ္စည်းထိန်းအဖြစ် တာဝန်မှရပ်စဲပြီးနောက် ၃ လ။

(ဂ) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပစ္စည်းထိန်းက ၎င်း၏လုပ်ငန်းတာဝန်ထမ်းဆောင်ချက်အပေါ် များစွာထိခိုက်စေမည့် အချက်အလက်များကို အစီရင်ခံစာတွင် ထည့်သွင်းရန် တာဝန်မရှိစေရ။

(ဃ) ပစ္စည်းထိန်းသည်လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် -

(၁) မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်နှစ်သိန်းငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။ ထို့ပြင်

(၂) တရားရုံးသည် ထိုပျက်ကွက်မှုကို သတ်မှတ်ထားသည့် အချိန်အတွင်း သီးခြားအတည်ပြုဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

**ငွေကြေးဆိုင်ရာမှတ်တမ်းများ၊ဘဏ်စာရင်းများနှင့်ပတ်သက်၍ ပစ္စည်းထိန်း၏တာဝန်များ**

၃၇။ (က) ပစ္စည်းထိန်းသည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်-

(၁) ၎င်း၏အမည်၊ ပစ္စည်းထိန်းရာထူးကို ဖော်ပြပါရှိပြီး ၎င်းပစ္စည်းထိန်းအဖြစ် ဆောင်ရွက်နေသော ကုမ္ပဏီအမည်ပါဝင်သော ဘဏ်စာရင်းဖွင့်လှစ် ထိန်းသိမ်းထားရှိခြင်း၊

(၂) ၎င်း၏စီမံအုပ်ချုပ်မှုအောက်ရှိ ကုမ္ပဏီ၏ငွေကြေးအားလုံးကို ထိုဘဏ်စာရင်း သို့မဟုတ် ဘဏ်စာရင်းများသို့ ပေးသွင်းခြင်းနှင့်

(၃) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ပါငွေကြေးများမှလွဲ၍ အခြားသော ငွေကြေးများကို ထိုဘဏ်စာရင်းသို့ ထည့်သွင်းအပ်နှံခြင်း မရှိစေရန် တာဝန်ယူဆောင်ရွက်ခြင်း။

(ခ) ပစ္စည်းထိန်းသည် ၎င်းကဆောင်ရွက်ခဲ့သော ငွေပေးငွေယူဆောင်ရွက်ချက် အားလုံးကို ရှင်းလင်းချက်များနှင့်တကွ ငွေစာရင်းစာအုပ်များတွင် မှန်ကန်စွာမှတ်တမ်းရေးသွင်း ထိန်းသိမ်းထားရှိရမည်။ ထို့ပြင် တရားရုံးက အမိန့်ချမှတ်ထားခြင်းမရှိလျှင် ကုမ္ပဏီ၏ ဒါရိုက်တာ၊ မြီရှင် သို့မဟုတ် အစုရှယ်ယာဝင်များက သင့်လျော်သည့်ကာလအတွင်း ထိုမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့် တောင်းခံလာသည့်အခါ ခွင့်ပြုရမည်။

**အခကြေးငွေကိုသတ်မှတ်ရန်တရားရုံး၏အာဏာ**

၃၈။ (က) စာချုပ်တွင်ပါဝင်သော သတ်မှတ်ချက်တစ်ရပ်ရပ်အရ ကုမ္ပဏီ၏ ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသူတစ်ဦးထံသို့ ပေးချေရမည့် အခကြေးငွေကို ပြင်ဆင်သတ်မှတ်ပေးရန် အကျိုးသက်ဆိုင်သူတစ်ဦးမှ လျှောက်ထားလာပါက တရားရုံးသည် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားလာသည့်အခါ တရားရုံးသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ထိုအမိန့်တစ်ရပ် ချမှတ်ခြင်းမပြုမီ အချိန်ကာလတစ်ရပ်နှင့် စပ်လျဉ်း၍ ဤပုဒ်မခွဲအရ အမိန့်တစ်ရပ်ချမှတ်ခဲ့ခြင်း မရှိလျှင် ထိုကာလတစ်ရပ်အတွက် အခကြေးငွေကို သတ်မှတ်ခြင်း၊

(၂) ထို့သို့သော အမိန့်တစ်ရပ်ချမှတ်ခြင်းမပြုမီ ပစ္စည်းထိန်းသည် သေဆုံးသွားခြင်း သို့မဟုတ် ပစ္စည်းထိန်းအဖြစ်မှ ရပ်စဲသွားခြင်း ဖြစ်စေကာမူ ဤပုဒ်မအရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၃) ထို့သို့သော အမိန့်တစ်ရပ်ချမှတ်ခြင်းမပြုမီ အချိန်ကာလတစ်ရပ်၌ပစ္စည်းထိန်းတစ်ဦးရရှိထားသော သို့မဟုတ် ထိန်းသိမ်းထားသော အခကြေးငွေသည် နောက်ပိုင်း၌ တရားရုံးက အမိန့်တစ်ရပ်ဖြင့် သတ်မှတ်ထားသော အခကြေးငွေထက် ကျော်လွန်နေပါက ၎င်းရရှိခဲ့သော သို့မဟုတ် ထိန်းသိမ်းထားခဲ့သော ငွေပမာဏအတွက် တရားရုံးက သင့်သည်ထင်မြင်ပါက စာရင်းရှင်းလင်းတင်ပြစေရန် ဆင့်ဆိုခြင်း။

(ဂ) ဤပုဒ်မခွဲ (က) အရ ကျင့်သုံးဆောင်ရွက်ရာတွင် တရားရုံးသည် နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော အချက်အလက်များ သို့မဟုတ် အခြားဆက်စပ်သော အကြောင်းအရာများကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဃ) တရားရုံးသည် ဤပုဒ်မခွဲ(က)အရ ချမှတ်သောအမိန့်ကို ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

**တရားရုံးက ညွှန်ကြားနိုင်ခြင်း**

၃၉။ (က) ပစ္စည်းထိန်းသည် ၎င်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှ ပေါ်ပေါက်လာသည့် မည်သည့်ကိစ္စရပ်တွင်မဆို တရားရုံး၏ လမ်းညွှန်ချက် ရရှိရန် လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို လမ်းညွှန်ခြင်း သို့မဟုတ် မိမိရှေ့မှောက်တွင် ရောက်ရှိနေသော လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်း သို့မဟုတ် မြွက်ဟ ကြေညာခြင်း သို့မဟုတ် အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

**အပိုင်း(၅)**

**ကုမ္ပဏီကယ်ဆယ်ခြင်းနှင့်ပြန်လည်ထူထောင်ရေး**

**အခန်း(၁)**

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ သဘောသဘာဝ**

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်**

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များအလို့ငှာ-

(က) ဤအပိုင်းပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းအဆင့်များ ပါဝင်သည်-

(၁) ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်၊

(၂) ကုမ္ပဏီအစီအစဉ်အဆင့်။

ဤအပိုင်းတွင် **ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်** နှင့်ကုမ္ပဏီအစီအစဉ်အဆင့်တို့သည် **ကုမ္ပဏီပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်**ကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

ရှင်းလင်းချက် (၁)။ **ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်**တွင် ပြန်လည်ထူထောင်ရေးအတွက် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေပြီး ကုမ္ပဏီ၏ ရှေ့အလားအလာနှင့် ပတ်သက်၍ မြီရှင်များက ဆုံးဖြတ်ခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၂)။ **ကုမ္ပဏီအစီအစဉ်အဆင့်**တွင် မြီရှင်များက ကုမ္ပဏီ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ဆုံးဖြတ်ပြီး အကောင်အထည်ဖော်ခြင်း ပါဝင်သည်။

(ခ) ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်သည် ပြန်လည်ထူထောင်ရေးမန်နေဂျာကိုပုဒ်မ ၄၇ နှင့်အညီ ခန့်အပ်သည့်အချိန်တွင် စတင်ပြီး အောက်ပါအခြေအနေတွင် ပြီးဆုံးသည်-

(၁) အစီအစဉ်အဆင့် စတင်သည့်အချိန်၊ သို့မဟုတ်

(၂) အစီအစဉ်အဆင့်ကို ဆောင်ရွက်ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်။

(ဂ) ကုမ္ပဏီပြန်လည်ထူထောင်ရေး အစီအစဉ်အဆင့်သည် ထိုအစီအစဉ်ကို ပုဒ်မ၇၅ နှင့်အညီ လက်မှတ်ရေးထိုးချိန်တွင်စတင်ပြီး အောက်ပါအခြေအနေတွင်ပြီးဆုံးသည်-

(၁) ပုဒ်မ ၈၄ အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံ ပေးပို့ပြီးလျှင်၊ သို့မဟုတ်

(၂) ပုဒ်မ ၈၇ နှင့်အညီ တရားရုံးက ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုရပ်စဲရန် အမိန့်ချမှတ်ထားပြီးဖြစ်လျှင်၊ သို့မဟုတ်

(၃) ပုဒ်မ ၈၅ သို့မဟုတ် ၈၆ အရ မြီရှင်များက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်သို့ ကူးပြောင်းရန် ဆုံးဖြတ်ခဲ့လျှင်။

(ဃ) ကုမ္ပဏီပြန်လည်ထူထောင်ရေးအစီအစဉ်သည် ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစီအစဉ်ကြီးကြပ်သူ ရာထူးလစ်လပ်ခြင်း သို့မဟုတ် ရာထူးမှထုတ်ပယ်ခံရခြင်းကြောင့် ရပ်စဲသွားခြင်း မရှိစေရ။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏ ရည်ရွယ်ချက်များ**

၄၁။ ဤအပိုင်းပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုမ္ပဏီအား ဆက်လက်လည်ပတ်စေရန်အတွက် ကယ်ဆယ်ခြင်း သို့မဟုတ်

(ခ) ပုဒ်မခွဲ(က)ပါ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ကုမ္ပဏီအား တတ်နိုင်သမျှ အများဆုံး ဆက်လက်ရပ်တည်နိုင်ရန်အတွက် ဆောင်ရွက်ခြင်း သို့မဟုတ်

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိပါက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းထက် ယင်း၏ မြီရှင်အများစုအတွက် ပိုမိုကောင်းမွန်သော ရလဒ်ကိုရရှိရန် ဆောင်ရွက်ခြင်း။

**တရားရုံးက ကြီးကြပ်ခြင်း**

၄၂။ ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် အစီအစဉ်ကြီးကြပ်သူတို့သည် တရားရုံး၏ ကြီးကြပ်မှုအောက်တွင် ရှိသည်။

**အခန်း(၂)**

**ပြန်လည်ထူထောင်ရေးမန်နေဂျာအား ခန့်အပ်ခြင်း**

**ပြန်လည်ထူထောင်ရေးမန်နေဂျာအားခန့်အပ်ခြင်း**

၄၃။ ပုဒ်မ ၄၄ နှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား ကုမ္ပဏီ၏ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် အောက်ပါနည်းလမ်းများအတိုင်း ခန့်အပ်နိုင်သည်-

(က) ကုမ္ပဏီသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့် အချိန်တွင် ပြန်လည်မပေးဆပ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် ပြန်လည်ပေးနိုင်ရန် အလားအလာ မရှိကြောင်း ယူဆပြီး ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ရန် လိုအပ်ကြောင်း ကုမ္ပဏီ၏ ဒါရိုက်တာ များက ထင်မြင်သည့်အခါ ကုမ္ပဏီဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေး မဲခွဲဆုံးဖြတ်ချက်အရစာဖြင့် ရေးသားခန့်အပ်ခြင်း သို့မဟုတ်

(ခ) ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအားလုံး သို့မဟုတ် အများစုအပေါ်တွင် အာမခံအကျိုးခံစားခွင့်ရရှိသော မြီရှင်တစ်ဦးသည် ထိုအာမခံစာချုပ်တွင် ပစ္စည်းထိန်းခန့်အပ်နိုင်ကြောင်း စည်းကမ်းချက်များပါရှိပါက ထိုစည်းကမ်းသတ်မှတ်ချက်အရ စာဖြင့်ရေးသားခန့်အပ်ခြင်း၊

(ဂ) တရားရုံးအမိန့်အရ ခန့်အပ်ခြင်း။

**ထူးခြားသောအခြေအနေများတွင် ပြန်လည်ထူထောင်ရေး မန်နေဂျာခန့်အပ်ခြင်းကို တားမြစ်ခြင်း**

၄၄။ အောက်ပါအခြေအနေများ၌ ပြန်လည်ထူထောင်ရေး မန်နေဂျာကို ခန့်အပ်ခြင်း မပြုရ-

(က) ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံရမည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှ ယင်းသို့ခန့်အပ်ခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသား သဘောတူညီခြင်း မရှိလျှင် ထို့ပြင်

(ခ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)အရ တရားရုံးက အမိန့်ချမှတ်ထားသည်မှတစ်ပါး ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင်ဖြစ်စေ သို့မဟုတ်

(ဂ) ပုဒ်မ၄၃၊ပုဒ်မခွဲ (က)အရ ကုမ္ပဏီက ခန့်အပ်ရန်အဆိုပြုချက်သည်-

(၁) အပိုင်း(၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ပြီးဆုံးခြင်းမရှိမီ ၁၂ လအတွင်း ကျရောက်လျှင် သို့မဟုတ်

(၂) ကုမ္ပဏီမှပေးပို့သည့် ငွေကြေးဆိုင်ရာမှတ်တမ်းများနှင့် မြီရှင်များ၏စာရင်းကို လေ့လာသုံးသပ်ချက်အရ မြီရှင်များ၏ စာရင်းသည် သေချာကြောင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို စတင်ရန် ခိုင်လုံသောအကြောင်းရှိကြောင်းကို လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက စာဖြင့်ရေးသား ထောက်ခံတင်ပြခြင်း မရှိလျှင် သို့မဟုတ်

(ဃ) ပုဒ်မ၄၃၊ ပုဒ်မခွဲ(က) အရ ကုမ္ပဏီမှ အဆိုပြုခန့်အပ်ခြင်း သို့မဟုတ် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ အာမခံအကျိုးခံစားခွင့်ရမြီရှင်မှ အဆိုပြုခန့်အပ်သော်လည်း ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေလျှင်၊

(င) ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ၏ပုဒ်မ ၂ ပါ အဓိပ္ပာယ်ဖော်ပြချက်အရ ဘဏ် သို့မဟုတ် ဘဏ် မဟုတ်သည့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်လျှင်။

**ပြန်လည်ထူထောင်ရေးလျှောက်လွှာကို တရားရုံးသို့ တင်သွင်းခြင်း**

၄၅။ (က) ကုမ္ပဏီကို ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ရန်အတွက် အောက်ပါတို့က လျှောက်ထားနိုင်သည် -

(၁) ထိုကုမ္ပဏီကိုယ်တိုင်ဖြစ်စေ၊

(၂) ထိုကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊

(၃) တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကုမ္ပဏီ၏ဒါရိုက်တာများက ဖြစ်စေ၊

(၄) အာမခံအကျိုးခံစားခွင့်ရရှိသော မြီရှင်အပါအဝင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကုမ္ပဏီ၏ မြီရှင်များကဖြစ်စေ၊

(၅) ပုဒ်မခွဲငယ် (၁) မှ (၄) တွင် ဖော်ပြထားသူများမှ စုပေါင်းလျက်ဖြစ်စေ။

(ခ) လျှောက်လွှာတင်သွင်းသူသည် ပုဒ်မခွဲ (က) အရ လျှောက်လွှာတင်သွင်းပြီးနောက် နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အောက်ပါတို့ထံသို့ အကြောင်းကြားရမည် -

(၁) ကုမ္ပဏီ၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၊

(၃) နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသူများ။

(ဂ) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေဆဲဖြစ်ပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ခွင့်ပြုရန် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှသာ လျှောက်ထားနိုင်သည်။

(ဃ) ကုမ္ပဏီစာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်စတင်ရန် အမိန့်ချမှတ်သည့်အခါ-

*(ဆက်လက်ဖော်ပြပါမည်)*

# ရိုးရာယဉ်ကျေးမှုမီးပုံးကလေးများဖြင့် သီတင်းကျွတ်လကို အလှဆင်မည်

**သတင်းဆောင်းပါး-ပေါက်စ(မင်းလှ)**

မြန်မာနိုင်ငံရှိ ဆယ့်နှစ်လရာသီပွဲတော်များအနက် သီတင်းကျွတ်လသည် မိရိုးဖလာရိုးရာယဉ်ကျေးမှုများ၊ ဘာသာရေး ထုံးတမ်းအစဉ်အလာများဖြင့် အလှဆင်ထားသောကြောင့် မြန်မာလူမျိုးတို့အဖို့ ကြည်နူးပီတိဖြစ်ရသော လတစ်လဖြစ်သည်။ သီတင်းကျွတ်လတွင် လူငယ်လူရွယ်များက လူကြီးမိဘများအပေါ်တွင် တစ်နှစ်တာအတွင်း ပြောမှားဆိုမှားရှိလျှင် ခွင့်လွှတ်ပေးရန်အတွက် မြန်မာ့ရိုးရာမုန့်များဖြင့် လက်အုပ်ချီ ဝန်ချကန်တော့တောင်းပန်သော လတစ်လဖြစ်သလို လူကြီးလူငယ်အရွယ်သုံးပါးမရွေး ဘုရားရှင်အား မီးပူဇော်ခြင်းအပြင် ပျော်ပွဲရွှင်ပွဲများဖြင့် ပါဝင်ဆင်နွှဲနိုင်သော လတစ်လလည်းဖြစ်သည်။

ထိုလတွင် လူကြီးမိဘများက ဘုရား၊ စေတီ၊ ပုထိုးများတွင်လည်းကောင်း၊ နေအိမ်တိုင်းတွင် ဖယောင်းတိုင်မီးဖြင့်လည်းကောင်း၊ မြန်မာ့မီးပုံးကလေးများဖြင့်လည်းကောင်း မီးထွန်းညှိ၍ ဘုရားအား မီးပူဇော်ကြပြီး ကလေးငယ်များက မီးထွန်းအရုပ်ကလေးများဖြင့် ပျော်ရွှင်စွာ ဆော့ကစားကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မင်းလှမြို့နယ်မှာလည်း သီတင်းကျွတ်မီးထွန်းပွဲတော်ကာလတွင် ဒေသထွက် မြန်မာ့ရိုးရာ မီးပုံးအရုပ်ကလေးများကိုသာ ထွန်းညှိကာ ပျော်ရွှင်စွာဖြင့် မီးထွန်းပွဲဆင်နွှဲကြသည်။ ယခုဆိုလျှင် ပြည်ပမှတင်သွင်းသော လျှပ်စစ်မီးပုံးအရုပ်မျိုးစုံ ပေါများစွာ ဈေးကွက်ဝင်လာသော်လည်း မင်းလှမြို့နယ်တွင်မူ ရိုးရာမပျက်ပြုလုပ်ထားသော မီးပုံးများနှင့် မီးထွန်း အရုပ်ကလေးများကိုသာ လူကြီးလူငယ်၊ ကလေးများက ပိုမိုကြိုက်နှစ်သက်စွာ ဝယ်ယူကြကြောင်း သိရသည်။



"ယခုအခါ နှစ်စဉ်မီးပုံးများ ပြုလုပ်ရောင်းချလာသည်မှာ ၂၂ နှစ် ရှိခဲ့ပြီဖြစ်ကြောင်း၊ အရုပ်များမှာ ပြုလုပ်နိုင်သရွေ့ ရောင်းချ၍ကုန်သော်လည်း တစ်နှစ်လျှင် အရုပ် ၅၀၀ ခန့်သာ ပြုလုပ်နိုင်ကြောင်း၊ မိမိတို့ပြုလုပ်ရောင်းချသော အရုပ်ကလေးများဖြင့် ကလေးငယ်များ မီးထွန်းဆော့ကစားနေသည်ကိုမြင်ရလျှင် ကြည်နူးပီတိဖြစ်ရသလို မိသားစုအတွက်လည်း အပိုဝင်ငွေများရရှိ၍ အဆင်ပြေကြောင်း ပြောပြသည်"

မီးပုံးနှင့် မီးထွန်းအရုပ်များ ပြုလုပ်ရာတွင် ကြသောင်းဝါး၊ သွပ်ကြိုး၊ သားရေကွင်း၊ သံ၊ ဆီစိမ်စာရွက်၊ မှန်စာရွက်၊ ကော်စသည့်ပစ္စည်းများကို ကြိုတင်စုဆောင်းပြီး ဝါခေါင်လကွယ်တွင် ဝါးများကိုဖြာထားရသည်။ တော်သလင်းလတွင် အကြမ်းထည်များပြုလုပ်ပြီး သီတင်းကျွတ်လအမီ အချော ပြီးစီးအောင် ပြုလုပ်ရသည်။ မင်းလှဒေသထွက် မီးထွန်းအရုပ်ကလေးများမှာ ဆင်ရုပ်၊ ကြက်ရုပ်၊ ယုန်ရုပ်၊ လေယာဉ်ပျံရုပ်၊ ကြယ်ရုပ်၊ ကားရုပ်များဖြစ်ပြီး မီးပုံးများတွင် အသည်းပုံနှင့် အိမ်ဆွဲမီးပုံးမျိုးစုံတို့ကို ပြုလုပ်ကာ လက်ရာကောင်းမွန်၍ သေသပ်လှပအောင် ပြုလုပ်ထားသည်ကို တွေ့ရသည်။

ယခုအချိန်တွင် မီးပုံးပြုလုပ်ရန် ကုန်ကြမ်းဖြစ်သော ဝါးများရှားပါးလာမှုကြောင့် မီးပုံးပြုလုပ်မည့်သူများအနေဖြင့် မိမိကြိုက်နှစ်သက်သော ဝါးများကို ကြိုတင်ဝယ်ယူထားကြရပြီး တစ်ပိုင်တစ်နိုင်သာပြုလုပ်နိုင်ကြောင်း၊ စတိုးဆိုင်ကြီးများက မှာယူသော်လည်း မပြုလုပ်ပေးနိုင်ကြောင်း၊ မီးပုံးနှင့်အရုပ်များ ပြုလုပ်ပေးရန် ဒေသခံကလေးမိဘများက တောင်းဆိုမှုကြောင့် အစဉ်အလာမပျက် ရိုးရာကိုထိန်းသိမ်းသောအားဖြင့်သာ ပြုလုပ်ရောင်းချနေကြခြင်းဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်ကာလတွင် ကလေးများပျော်ရွှင်ကြည်နူးစွာ မီးထွန်းဆော့ကစားနိုင်ရန်နှင့် မြန်မာ့လက်မှုပညာရပ်ကို အစဉ်အလာထိန်းသိမ်းသောအားဖြင့်လည်းကောင်း၊ မိသားစု အပိုဝင်ငွေရရှိစေရန်အတွက်လည်းကောင်း ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးနှစ်က မီးပုံးရုပ်တစ်ခုကို တစ်ထောင်ကျပ်ဖြင့်ရောင်းချခဲ့ပြီး ကလေးငယ်များ ဝယ်ယူဆော့ကစားနိုင်ရန် ယခုနှစ်တွင်လည်း တစ်ထောင်ကျပ်ဖြင့်သာ ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဝါးတစ်လုံးကို ယခင်က ၇၀၀ ကျပ်ဖြင့် ဝယ်ယူရပြီး ယခု ၁၂၀၀ ကျပ်နှင့် စက္ကူ၊ သံကြိုးအစရှိသော ကုန်ကြမ်းပစ္စည်းဈေးနှုန်းများမှာလည်း ထက်ဝက်ခန့်မြင့်တတ်သော်လည်း ဈေးနှုန်းမမြှင့်ဘဲ ရောင်းချပေးမည်ဖြစ်ကြောင်း၊ မင်းလှမြို့နယ်တွင် ယခင်က မီးပုံးလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်သူ လေးဦးရှိခဲ့သော်လည်း ယခုနှစ်တွင် မိမိတို့တစ်ဦးတည်းသာရှိတော့ကြောင်း မီးပုံးများလုပ်ကိုင်ရောင်းချသူ မင်းလှမြို့ အမှတ်(၇) ရပ်ကွက်နေ ကိုဇော်မင်းနိုင်က ပြောသည်။

မီးပုံးနှင့် အရုပ်များပြုလုပ်သူ မညိုညိုဝင်းက မီးပုံးလုပ်ငန်းကို မိရိုးဖလာလုပ်ကိုင်လာခြင်း မဟုတ်ကြောင်း၊ ဖခင်ဖြစ်သူက မြေးဆော့ကစားရန် အခြားမြို့မှဝယ်ယူလာသော လက်တွန်းမီးပုံးရုပ်တစ်ခုကို နမူနာယူ၍ မြင်ဆရာ ကြားဆရာများ၏ လမ်းညွှန်မှုဖြင့် ပြုလုပ်ပြီး ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နှစ်စဉ် မီးပုံးများ ပြုလုပ်ရောင်းချလာသည်မှာ ၂၂ နှစ် ရှိခဲ့ပြီဖြစ်ကြောင်း၊ အရုပ်များမှာ ပြုလုပ်နိုင်သရွေ့ ရောင်းချ၍ကုန်သော်လည်း တစ်နှစ်လျှင် အရုပ် ၅၀၀ ခန့်သာ ပြုလုပ်နိုင်ကြောင်း၊ မိမိတို့ပြုလုပ်ရောင်းချသော အရုပ်ကလေးများဖြင့် ကလေးငယ်များ မီးထွန်းဆော့ကစားနေသည်ကိုမြင်ရလျှင် ကြည်နူးပီတိဖြစ်ရသလို မိသားစုအတွက်လည်း အပိုဝင်ငွေများရရှိ၍ အဆင်ပြေကြောင်း ပြောပြသည်။

မြန်မာ့ရိုးရာလက်မှုပညာတစ်ခုဖြစ်သော ရိုးရာမီးပုံးများနှင့် ကလေးငယ်များဆော့ကစားသည့် လက်တွန်း မီးထွန်းအရုပ်ကလေးများကို နှစ်စဉ်သီတင်းကျွတ်ကာလတွင် စိတ်ဝင်တစားမှာယူသူ များပြားလျက်ရှိနေဆဲဖြစ်သည်ကို တွေ့မြင်နေရသလို မင်းလှမြို့မှ မီးပုံးနှင့် မီးထွန်းအရုပ်များ ပြုလုပ်ရောင်းချနေသည့်မိသားစုတွင်လည်း ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်သော စိတ်ထားများ၊ ရိုးရာဓလေ့ထုံးစံကို မပျောက်ပျက်အောင် ထိန်းသိမ်းတတ်သော အမူအကျင့်ကောင်းများ တွေ့ရှိရသဖြင့် ဝမ်းမြောက်ကြည်နူးမိပါကြောင်း။ ။

# သုံးခွမြို့ရှိ ၃၁ ဧကရေကန်မှ ရေယိုစိမ့်မှုမရှိစေရန် အပေါက်များပိတ်ဆို့ပြုပြင်

**သုံးခွ အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အမှတ် ၂ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ၃၁ ဧက ရေကန်ကြီးသည် မြို့တွင်းသို့ ရေပိုက်လိုင်းဖြင့်သောက်သုံးရေဖြန့်ပေးနေသော ရေကန်ကြီးဖြစ်ရာ ရေကန်ကြီး ကျိုးပေါက်မှုမဖြစ်စေရေးနှင့် ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ရေယိုစိမ့်မှုဖြစ်ပေါ်နေသော ထူးကျင်းပေါက်များ၊ ပပ်ကြားအက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်က ရှာဖွေပိတ်ဆို့ပြုပြင်ခဲ့ကြောင်း သိရသည်။



ရေယိုစိမ့်မှုဖြစ်ပေါ်နေသော ထူးကျင်းပေါက်များ၊ အက်ကွဲနေသည့်နေရာများကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိဦးမိုးကျော်နှင့်ဝန်ထမ်းများက လိုက်လံရှာဖွေ၍ စက်ယန္တရားဖြင့် ပိတ်ဆို့ဖာထေးပြုပြင်မှုများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါရေကန်ကြီးသည် စုစုပေါင်း ရေအနက် ၁၂ ပေ သိုလှောင်ထားနိုင်ပြီး ယခု ၂၀၁၈ ခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုများသောကြောင့် စက်တင်ဘာလတွင် ရေအမှတ် ကိုးပေအထိ သိုလှောင်ထားနိုင်ခဲ့ကြောင်းနှင့် ရေကန်ကြီးမှ ရေယိုစိမ့်မှုကိုပြုပြင်ခြင်းဖြင့် လာမည့်နွေရာသီတွင် သောက်သုံးရေအခက်အခဲမဖြစ်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# မရမ်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာအစည်းအဝေးနှင့်အတူ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ အဖွဲ့ဝင်များထဲမှ ပညာရည်ထူးချွန်သူများ၏ သားသမီးများအား ပညာသင်ဆုပေးအပ်ဂုဏ်ပြုပွဲများကို မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အရိယာမဏ္ဍိုင်စာသင်တိုက်၌ အောက်တိုဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမင်းဟန်(ငြိမ်း)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဗိုလ်ကြီးသိန်းအေး(ငြိမ်း)က တစ်နှစ်အတွင်း အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဖွဲ့ဝင်အင်အား ၁၉၀၀ ကျော်အနက် အသက် ၇၅ နှစ်နှင့်အထက် ၁၅၈ ဦးအား ကျန်အဖွဲ့ဝင်များက ပူဇော်ကန်တော့ကြသည်။

အစည်းအဝေးအပြီးတွင် စစ်မှုထမ်းဟောင်းများ၏ သားသမီးများအတွက် တက္ကသိုလ်ပညာသင်ဆုများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သလို ကိုယ်လက်အင်္ဂါမသန်စွမ်းသူများနှင့် မကျန်းမာသူများအား ထောက်ပံ့ငွေများလည်း ပေးအပ်ခဲ့သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဥသျှစ်ပင်မြို့ ပုသိမ်-မုံရွာလမ်းဆုံ၌ ယာဉ်လမ်းကြောင်းထိန်းမီးပွိုင့်တပ်ဆင်

**ပန်းတောင်း အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့သည် မြို့နယ်အတွင်း တပ်ရင်း/တပ်ဖွဲ့၊ စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး ပဲခူးတိုင်းဒေသကြီး၊ ရှောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များဆုံစည်းရာ စည်ကားသောမြို့တစ်မြို့ဖြစ်သည်။ ရခိုင်ပြည်နယ် စစ်တွေ၊ တောင်ကုတ်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ အမ်းမြို့များမှ ရန်ကုန်မြို့သို့ ခရီးသည်တင်၊ ကုန်တင်ယာဉ်များ နေ့စဉ်အစုန်အဆန်မောင်းနှင်လျက်ရှိပြီး မကွေးတိုင်းဒေသကြီး၊ ရှောဝတီတိုင်းဒေသကြီးတို့မှ ခရီးသည်တင်၊ ကုန်တင်ယာဉ်များလည်းနေ့စဉ်အစုန်အဆန်ဖြတ်သန်းသွားလာလျက်ရှိနေရာ ယာဉ်ကြီး၊ ယာဉ်ငယ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး၊ မြို့တွင်းဖြတ်သန်းမောင်းနှင်သည့်အခါ သတ်မှတ်မိုင်နှုန်းမောင်းနှင်စေရေးနှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် တိုင်းဒေသကြီး လေးခုဆုံသည့် ပုသိမ်-မုံရွာလမ်းဆုံ၌ ယာဉ်လမ်းကြောင်းထိန်းမီးပွိုင့်တပ်ဆင်ပြီး အောက်တိုဘာ ၁၃ ရက်မှစတင်၍ စမ်းသပ်အသုံးပြုလျက်ရှိနေပြီဖြစ်သည်။

"ဥသျှစ်ပင်မြို့ လေးတိုင်းဆုံရာ ပုသိမ်-မုံရွာလမ်းဆုံက ကားအသွားက ပြတ်ကိုမပြတ်ဘူး၊ ယာဉ်မတော်တဆမှုကလည်း နေ့စဉ်လိုပဲ၊ အခုလည်း မီးပွိုင့်တပ်ဆင်ပြီး ယာဉ်လမ်းကြောင်းထိန်းသိမ်းမှုစလုပ်တာဆိုတော့ တောဘက်ကတက်လာတဲ့ ဆိုင်ကယ်သမားတွေက မဖြတ်တတ်ဘူးလေ။ ခုတော့ နေ့စဉ်လက်ကိုင် အသံချဲ့စက်နဲ့ အော်ပြီး ပညာပေးသင်နေရတယ်။ နောက်ပိုင်းတော့ အသားကျသွားမှာပါ။ ယခုလို မီးပွိုင့်တပ်ဆပ်ပေးတာ မြို့ခံပြည်သူများက ဝမ်းသာအားရကြိုဆိုကြပါတယ်။ ဘာလို့လဲဆိုတော့ ၁၀ ဘီး၊ ၁၂ ဘီးယာဉ်တွေနဲ့ ရခိုင်ပြည်နယ် အဝေးပြေးကားတွေက အရမ်းမောင်းတာ။ မြို့တွင်းလည်း အရှိန်မလျှော့ဘူး။ ခုလို မီးပွိုင့်တပ်ထားတော့ ကားသမားတွေလည်း သိသွားပြီ။ ဆိုင်ကယ်သမားတွေလည်း အရင်လို စည်းကမ်းမဲ့ မမောင်းရဲတော့ဘူး။ ယာဉ်အန္တရာယ်အတွက် စိတ်အေးရတာပေါ့"ဟု ယာဉ်လမ်းကြောင်းပြနေသော ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်လှအောင်က ပြောပြသည်။ **အောင်မြင့်(ပန်းတောင်း)**



# မကွေးမြို့ ကမ်းနားလမ်းမှဈေးသည်များအား လမ်းဘေးဈေးကောက် ကောက်ခံတော့မည်မဟုတ်

**မကွေး အောက်တိုဘာ ၁၅**

မကွေးမြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်ခြင်းမရှိသဖြင့် မကွေးမြို့ကမ်းနားလမ်း ဧရာဝတီမြစ်ကမ်းဘက်ခြမ်းတွင် ရောင်းချနေသောဈေးဆိုင်များအား လမ်းဘေးဈေးကောက် ကောက်ခံခြင်းပြုတော့မည်မဟုတ်ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် လမ်းဘေးဈေးကောက် လုပ်ငန်းလိုင်စင် ရရှိထားသူအား သတ်မှတ်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် စည်ပင်နယ်နိမိတ်အတွင်း ပါဝင်ခြင်းမရှိသည့် နေရာများတွင် ဈေးကောက်ကောက်ခံခြင်း မပြုရန် အကြောင်းကြားထားပြီးဖြစ်ကြောင်းလည်း မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်မြတ်ထံမှ သိရသည်။

"ကမ်းနားလမ်း ကျောက်သားဥယျာဉ်နဲ့ ကင်းဘုရားကြားထဲအထိ ဧရာဝတီမြစ်ကမ်းဘက်ခြမ်းမှာ ရောင်းနေတဲ့ဈေးဆိုင် ၂၅ ဆိုင်လောက်ရှိတယ်။ စည်ပင်သာယာနယ်နိမိတ်ပြင်ပက ရေအရင်းအမြစ်နဲ့ မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ စီမံခန့်ခွဲမှုဧရိယာဖြစ်တဲ့အတွက် အခွန်ကောက်တဲ့ကိစ္စကို ကြပ်မတ်လိုက်တာပါ။ စည်ပင်ဝန်ထမ်းတွေက ဈေးသည်တွေကို လိုက်လံရှင်းပြပြီး စာရင်းကောက်ယူထားပြီးဖြစ်ပါတယ်။ ဈေးကောက်ကောက်ရင် တိုင်ပါ။ အရေးယူဖြေရှင်းပေးပါ့မယ်"ဟု အမှုဆောင်အရာရှိက ပြောသည်။

ဈေးကောက်ကောက်ခံခြင်းမပြုရန် ဆုံးဖြတ်လိုက်သည့်နေရာတွင် ဧရာဝတီမြစ်ကမ်းကိုအမှီပြု၍ လက်ဖက်သုပ်၊ ထမင်းသုပ်၊ အကြော်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲစသည့် စားသောက်ကုန်ရောင်းချနေသည့်ဆိုင်များရှိကာ ယခင်က ဈေးကောက်ကောက်ခဲ့ပြီး ယခု မကောက်တော့ခြင်းကြောင့် နေရာဖယ်ခိုင်းတော့မည်လားဟု စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြောင်းနှင့် မိသားစုစားဝတ်နေရေး ဒုက္ခမရောက်စေရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်သည့်စည်းကမ်းများကို လိုက်နာပြီး ဆက်လက်ရောင်းချလိုကြောင်း ဈေးသည်များထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းများကျင်းပ

**ဒီမိုကရေစီခေတ်တွင် အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ ပြည်သူများအနေဖြင့် မိမိရပ်ရွာဒေသတွင်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်နှင့် ပြည်သူများ၏အတွေးအခေါ်မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် ပြည်သူ့စကားဝိုင်းများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

**မိုးမိတ်**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၀ ရက်က မိုးဘုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းတို့က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးနိုင်ဝင်းထွန်းက ပြည်သူ့စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က ကျေးလက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းက ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်တွင် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာစိုးညီညီက ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ဆွေးနွေးကြသည်။ ထိုနောက် ဒေသခံပြည်သူများက ကျေးရွာများ၏ လိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ မီးလင်းရေး၊ ဆည်များ၊ မူးယစ်ဆေးဝါး အန္တရာယ်၊ စိုက်ပျိုးရေးတို့နှင့် ပတ်သက်သည့်အကြောင်းအရာများကို မေးမြန်းကြကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**စည်သူဌေး**

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့အခြေခံပညာအထက်တန်းကျောင်း ရွှေရတုဆောင်၌ လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၀ ရက်က ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လှဲ့ဝါမြင့်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးဆောင်ဆွေးနွေးသူများဖြစ်ကြသော စာရေးဆရာ ရွှေကလောင်၊ စာရေးဆရာအောင်ဇော်မိုး(သဲကုန်း)၊ ဦးအောင်သူ(ရန်ကုန် ပဋ္ဌာ စာပေတိုက်)၊ ကာတွန်းဆရာ ယောဆရာကြီးနှင့် အငြိမ်းစားကျောင်းဆရာ ဦးအောင်ကြီးတို့က လူငယ်များ၏အနာဂတ် တိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ မေးမြန်းဆွေးနွေးချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ဝင်းမြင့်(နတ်တလင်း)**

**မိုင်းယောင်း**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၂ ရက်က ဝမ်မန်းကျေးရွာအုပ်စု ယမ်းပုံးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်က အမှာစကားပြောကြားပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသည့် ကျေးရွာနေပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ မောခီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။ အဆိုပါပြည်သူ့စကားဝိုင်းတွင် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင် ဦးစီးအရာရှိ ဒေါ်စိုးစိုးအေးက ပြည်သူ့စကားဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပပြီး လှိုင်းဘွဲ့မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး၊ ရှမ်းရွာသစ်မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း




အောင်၊ ရှမ်းရွာသစ်မြို့ တိုက်နယ်ဆေးရုံမှ ဒေါက်တာဝင်းမြင့်အောင်၊ ရှမ်းရွာသစ်နယ်မြေရဲစခန်းမှ ရဲအုပ်ကျော်ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်မောင်တို့က ဦးဆောင်ဆွေးနွေးကြပြီး ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးရေးအတွက် သိရှိလိုသည်များကိုမေးမြန်းကာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့အနောက်ပိုင်းရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ အောက်တိုဘာ ၁၄ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းညွန့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပန်းတနော်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဒေသခံပြည်သူများက သိရှိလိုသည့် အချက်အလက်များကို မေးမြန်းဆွေးနွေးကာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ ဆက်)**

**ပြင်ဦးလွင်**

လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် အောက်တိုဘာ ၁၁ ရက်က ပြင်ဦးလွင်မြို့အထက(၂)ကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ နေရာအနှံ့တွင် မူးယစ်ဆေးဝါးကို အလွယ်တကူရရှိလာနိုင်သည့်အခြေအနေ၊ မူးယစ်ဆေးကြောင့် လူငယ်များ၏ဘဝအပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းဆိုင်ရာ ကိစ္စများ၊ လူငယ်များအပေါ် မူးယစ်ဆေးဝါးအန္တရာယ် မကျရောက်ရန် မည်သို့ဖယ်ရှားနိုင်မလဲ၊ လူငယ်နှင့် အကျင့်စာရိတ္တကောင်းမွန်ရေး စသည်တို့ကို ကဏ္ဍများအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

**မြောင်းမြ**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ပညာရေးနှင့်စာရိတ္တ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၁ ရက်က မြောင်းမြမြို့နယ် မျိုးဆက်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း မျိုးဆက်သစ်ခန်းမ၌ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စန္ဒာမိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စယ်လီလှိုင်၊ ဒုရဲမှူး ကျော်စိုးထွန်း၊ မျိုးဆက်သစ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမင်းမင်းနှင့် Book Club အဖွဲ့ဥက္ကဋ္ဌ ဦးမော်မျိုးထွန်းတို့က အကျင့်စာရိတ္တကောင်းမွန်မှု၊ မူးယစ်ဆေးဝါးများအကြောင်း၊ ကောင်းမွန်သောစာရိတ္တမှသည် အနာဂတ်နိုင်ငံတော်သစ်ဆီသို့ စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**ဘိုကလေး**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြို့တော်ခန်းမ၌ မြို့ဖွံ့ဖြိုးတိုးတက်ရေးဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ ကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့နေ ပြည်သူများ တက်ရောက်ပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဒေးဒရဲ**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဘုရားကလေးကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ခိုင်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများကလည်း မိမိတို့ကျေးရွာတွင် လိုအပ်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## စက်မှုလက်မှုသင်တန်းကျောင်း (လောက်ကိုင်)၌ အသက်မွေးပညာသင်တန်းများဖွင့်

**လောက်ကိုင် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း (လောက်ကိုင်)၌ မော်တော်ယာဉ်စက်ပြင်သင်တန်း အမှတ်စဉ်(၁/၂၀၁၈)၊ စတီးနှင့်အလူမီနီယံသင်တန်း အမှတ်စဉ်(၂/၂၀၁၈)၊ လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ်(၃/၂၀၁၈)နှင့် လျှပ်စစ်နှင့် ဂဟေသင်တန်း အမှတ်စဉ် (၂၁/၂၀၁၈)သင်တန်းများကို အောက်တိုဘာ ၁၅ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် သင်တန်းအကြောင်း အမှာစကားပြောကြားပြီး သင်တန်းသားများအနေဖြင့် စိတ်ပါဝင်စားစွာသင်ယူကြရန် မှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ Power Transformer များကို (နိုင်ငံခြားငွေ-USD) DDP (At Site) ဖြင့် ဝယ်ယူလိုပါသည်-

(က) 230/33/11 kV, 20 MVA Single Phase Power Transformer (1) No
(ခ) 230/33/11 kV, 100 MVA Three Phase Power Transformer (5) Nos
(ဂ) 132/66/11 kV, 100 MVA Three Phase Power Transformer (1) No
(ဃ) 132/33/11 kV, 100 MVA Three Phase Power Transformer (2) Nos

၂။ အိတ်ဖွင့်တင်ဒါအား ၉-၁၁-၂၀၁၈ ရက် ၁၄း၀၀နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်၂၇၊ နေပြည်တော်သို့ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## တင်ဒါအမှတ်စဉ် 01/DHPI (P&W) / 2018-2019

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲ့ရွာ ရေအားလျှပ်စစ်စီမံကိန်း၏ မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်း(၈၀၀၀၀) ကျင်းနှင့် မြေကြီး/ ကျောက်သားခိုင်ခံ့မှုလုပ်ငန်း (၁၅၀၀)ရာခိုင်နှုန်း စပေ လုပ်ငန်းအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ လုပ်ငန်း၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၆-၁၁-၂၀၁၈ရက် သောကြာနေ့ (၁၅း၀၀) နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ (၃)ထပ်ဆောင်တွင် တင်သွင်းရမည်။

၃။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၀၆၇-၈၁၀၄၂၉၈**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ကွင်းဆင်း အခြေစိုက်စခန်း၊ ဓာတုဗေဒဓာတ်ခွဲခန်းအရောက် (တပ်ဆင်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းအပါအဝင်) ဝယ်ယူလိုပါသည်-

Energy Dispersive X-ray Fluorescence (EDXRF) Complete Set and X-ray Tube including. 1 Set.

၂။ တင်ဒါတင်သွင်းခြင်းကို ၁၅-၁၀-၂၀၁၈ ရက်မှ ၁၅-၁၁-၂၀၁၈ ရက် ၁၆း၀၀ နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## (ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | | |
|---|---|---|---|---|
| (က) | လယ်ယာကုန်ထုတ်လမ်း (မြေ+ဂဝံ/သဲကျောက်) | (၇) | လမ်း | (၁၀/၃.၉)မိုင် |
| (ခ) | ကွန်ကရစ်တံတား | (၂) | စင်း | (၄၁)ပေ |
| (ဂ) | သစ်သားတံတား | (၁) | စင်း | (၂၀)ပေ |
| (ဃ) | Box Culvert | (၉) | စင်း | (၅၃)ပေ |
| (င) | ရေကျော် | (၁) | စင်း | (၆၀)ပေ |
| (စ) | တွင်းတိမ် | (၁) | တွင်း | |
| (ဆ) | မြေသားကန် | (၂) | ကန် | |
| (ဇ) | အခြား(ရေပေးရေး) | (၂၃) | ခု | |
| (ဈ) | ရုံးအဆောက်အအုံ (နှစ်ထပ်သံကူကွန်ကရစ်) | (၂) | လုံး | |
| (ည) | ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၃)ထပ် | (၁) | လုံး | |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနကသတ်မှတ်ထားသော လုပ်ငန်း စံနှုန်း၊ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်နှင့် တင်ဒါလျှောက်လွှာဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်နှင့် သင်းဖွဲ့စည်းမျဉ်းမူရင်းပြသစစ်ဆေးခံရမည်ဖြစ်သည်။

၃။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်းနံပါတ် ၀၈၃- ၂၂၂၃၁၂၄၊ ၂၂၂၃၁၂၅၊ ၂၄၀၁၈၁၊ ၂၄၀၁၁၉သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၅-၁၀-၂၀၁၈ မှ ၁၂-၁၁-၂၀၁၈ရက်ထိ |
| **တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်** | - | ၃၀-၁၀-၂၀၁၈ (မပျက်မကွက်တက်ရောက်ပေးပါရန်) |
| **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** | - | ၁၃-၁၁-၂၀၁၈(ညနေ ၄း၃၀)နာရီ |
| **တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** | - | ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော်မြို့ |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ လ ၁၆ ရက်)

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းထီလက်မှတ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန် ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ) သို့လည်းကောင်း၊ ကျန် တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီလက်မှတ်ဝယ်ယူရောင်းချလိုသူများသည် ထီလုပ်ငန်းအမှန်တကယ် ဆောင်ရွက်သူဖြစ်ရန် လိုအပ်ပြီး လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူများဖြင့် ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

(ဂ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ ( ၁၆ . ၁၁ . ၂၀၁၈ )ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းသွားရန်ဖြစ်ပါသည်။

(ဃ) ကျပ် ၅၀၀ တန် ထီစာအုပ်များအတွက် လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ (Deposit) ကျပ် (၁၀၀)နှုန်းဖြင့် (၃)လစာ ကြိုတင်ပေးသွင်း၍လည်းကောင်း၊ ကျပ် ၁၀၀၀ တန် ထီစာအုပ်များအတွက် ထီစာအုပ် တစ်အုပ်လျှင် အာမခံငွေ (Deposit) ကျပ် (၂၀၀) နှုန်းဖြင့် (၃)လစာ ကြိုတင်ပေးသွင်း၍လည်းကောင်း ဝယ်ယူရမည်ဖြစ်ပါသည်။

(င) ကျပ် ၁၀၀၀ တန်ထီ ဝယ်ယူခွင့်ရရှိမည့်သူများသည် ကျပ် ၅၀၀ တန် အောင်ဘာလေထီများကို သတ်မှတ်အချိုးဖြင့် ဝယ်ယူရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းချမည့် ထီစာအုပ် အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကိုဖော်ပြလျှက် မပျက်မကွက်ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိစာချုပ်ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် သဘောတူကတိစာချုပ်ပါ သဘောတူညီချက်များကို လေးစားလိုက်နာရန်ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့်ရုပ်စဲခြင်း၊ အာမခံငွေ(Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက သဘောတူကတိစာချုပ်ချုပ်ဆိုခြင်း၊ အာမခံငွေ(Deposit)ပေးသွင်းခြင်းလုပ်ငန်းများကို (၁၆.၁၂.၂၀၁၈) ရက်နေ့နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁)၊ အဋ္ဌမတန်းမှ မောင်သန့်ဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးငွေခဲ ၈/စလန(နိုင်)၀၃၆၉၄၀ ဖြစ်ပါသည်။ **ဦးငွေခဲ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) နဝမတန်းမှ မစုစုကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်မောင်မောင် ၈/စလန(နိုင်)၀၈၀၄၈၄ ဖြစ်ပါသည်။ **ဦးကျော်မောင်မောင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) နဝမတန်းမှ မောင်သက်ခိုင်ဝင်း၏ဖခင်အမည်မှန်မှာ မောင်ခိုင် ၈/စလန(နိုင်)၀၉၀၆၁၈ ဖြစ်ပါသည်။ **မောင်ခိုင်**

### အမည်မှန်

တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ (O.E.C)ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ ဦးသောင်းထွန်း ၆/ကသန(နိုင်)၀၄၂၆၃၃၏ သား မောင်သက်ဦးမောင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ပိုင်ဖိုလ်ဖိုလ်သောင်းထွန်း ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပျဉ်ပုံကြီးကျေးရွာ၊ မြောက်ပိုင်းရပ်ကွက်၊ အမှတ်(၁၃၄)၊ ၁၀၇ တွင် Royal Nila အမည်ဖြင့် ရေသန့်ကို မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်လျှောက်ထားမည်ဖြစ်၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မည်သူမဆို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်လွင်မာချို**
**ဖုန်း-၀၉-၂၅၀၁၁၁၃၉၄**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်၇၁၁၊ မြေကွက်တည်နေရာအမှတ် ၇၁၁၊ စွမ်းအင်လမ်း၊ ၃၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်မြမြ AD-၀၃၁၉၉၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဂရန်အမည်ပေါက် (ဒေါ်မြမြ AD-၀၃၁၉၉၅) ကွယ်လွန်သဖြင့် ဦးရွှေမှုန် ၁၂/အလန(နိုင်)၀၁၄၇၄၁မှ ခင်ပွန်းဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်အမှတ်စဉ် ၈/၂၃၁၄ (၃၀-၈-၁၈)ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျိန်ဆိုထားသော ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်မြမြ၏ သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ Home Service ဖြင့် ပိုင်ဆိုင်အပိုင်ပေး မြေပုံကူး၊ လျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုး ၁½အိမ်တွင် ကိုယ်တိုင်နေထိုင်ပြီး ကွင်းဆင်းစစ်ဆေးချက်တွင် သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးရွှေမှုန်၏ အပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၁)မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာ နိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန်** - ၁-၁၁-၂၀၁၈ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန်** - ၁၃-၁၁-၂၀၁၈ရက် ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့ ရုံးဖုန်း ၀၉-၈၉၆၅၆၁၁၉၄ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**




## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပခုက္ကူခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပခုက္ကူခရိုင်မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် နေ့ရက်/အချိန်** - ၁-၁၁-၂၀၁၈ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန်** - ၁၃-၁၁-၂၀၁၈ရက် ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပခုက္ကူခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို ပခုက္ကူခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း-၀၆၂-၂၁၀၀၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန်** - ၁-၁၁-၂၀၁၈ ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - ၁၃-၁၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို မင်းဘူးခရိုင် လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း-၀၆၅-၂၁၀၄၉၊ ၀၆၅-၂၁၃၆၀ တွင် ရုံးချိန်အတွင်း စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သရက်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သရက်ခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့် နေ့ရက်/အချိန်** - ၁-၁၁-၂၀၁၈ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံအရောင်း ပိတ်မည့် နေ့ရက်/အချိန်** - ၁၃-၁၁-၂၀၁၈ရက် ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သရက်ခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို သရက်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း ၀၆၈-၂၁၀၈၉၊ ၀၆၈-၂၁၀၂၃ တွင် ရုံးချိန်အတွင်း စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၉၃၀၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/1817 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဲလှဲဝင်း ၇/ပမန(နိုင်)၀၀၄၁၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတွင် အောက်ပါပစ္စည်းများအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) စက်ကိရိယာပစ္စည်းများ (၂၀) မျိုး
(ခ) ရုံးအသုံးအဆောင်ပစ္စည်းများ (၁၄) မျိုး
(ဂ) လုံခြုံမှုအဆင့်အတန်းဝင်ပုံနှိပ်ပုံစံများ (၁၂) မျိုး

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉) နေပြည်တော်တွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၈ ရက်မှ ၁၂-၁၁-၂၀၁၈ရက်ထိ (ရုံးချိန်အတွင်း)
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၅-၁၀-၂၀၁၈ ရက်မှ ၁၃-၁၁-၂၀၁၈ရက်ထိ မွန်းလွဲ ၁၄း၀၀ နာရီထိ (ရုံးချိန်အတွင်း)
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၉-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက်၁၀း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၊ နေပြည်တော်

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၈၅၊ ၀၆၇-၄၀၅၀၉၉**

## မကွေးတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၃)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၃)မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁-၁၁-၂၀၁၈ ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - ၁၃-၁၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပခုက္ကူခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၃)၊ ပခုက္ကူမြို့၊ ရုံးဖုန်း-၀၆၂-၂၂၈၁၁ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက်/အချိန်** - ၁-၁၁-၂၀၁၈ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့် နေ့ရက်/အချိန်** - ၁၃-၁၁-၂၀၁၈ရက် ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို ဂန့်ဂေါခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း ၀၆၂-၅၀၀၂၈ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့ အောင်ဇေယျာ အထက(ခွဲ)နဝမတန်း(B)မှ မနေခြည် လင်းလက်၏ ဖခင်အမည်မှန်မှာ ဦးချစ်သန်းဝင်း ၉/ကဆန(နိုင်) ၁၁၇၅၉၄ ဖြစ်ပါသည်။

**ဦးချစ်သန်းဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝမ်းတွင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စု လျှော်ပင်ကျေးရွာနေ ဦးကြည်၏သား မောင်မြခိုင်ထွန်း (ခ)မောင်ညီညီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်မြခိုင်ထွန်း(ခ)မောင်ညီညီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်းများ**

(၁) ဗိုလ်တထောင်မြို့နယ် — **Lot-1**
- တိုင်းဒေသကြီး ရုံးအသစ်အဆောက်အအုံ R.C.C Building(၇၀'×၆၀')(၈)ထပ် တည်ဆောက်ခြင်း
- တိုင်းဒေသကြီးရုံးအသစ်အတွက် မီးသတ်ရေစင်၂၅ပေအမြင့်၊ ရေဂါလန်(၅၀၀၀)ဆံ့ တည်ဆောက်ခြင်း

(၂) ဗိုလ်တထောင်မြို့နယ် — **Lot-2**
- တိုင်းဒေသကြီး ရုံးအသစ်အုတ်ခြံစည်းရိုးကာရံခြင်း (၃၃၆' အရှည်×၆' ၆" အမြင့်)

(၃) သာကေတမြို့နယ် — **Lot-3**
- ဝန်ထမ်းအိမ်ရာ R.C.C Building (၄)ခန်းတွဲ (၆)ထပ် (၈၆'×၃၄') တည်ဆောက်ခြင်း မြေဖို့ခြင်းလုပ်ငန်း(၁၂၀၀)ကျင်း

(၄) သန်လျင်မြို့နယ် တောင်ပိုင်းခရိုင်ရုံး — **Lot-4**
- ဝန်ထမ်းအိမ်ရာ R.C.C Building(၄)ခန်းတွဲ (၄)ထပ် (၈၆'×၃၄') တည်ဆောက်ခြင်း
- မြေဖို့ခြင်းလုပ်ငန်း(၈၀၀ ကျင်း)

(၅) ရွှေပြည်သာမြို့နယ် မြောက်ပိုင်းခရိုင်ရုံး — **Lot-5**
- ဝန်ထမ်းအိမ်ရာ R.C.C Building (၄)ခန်းတွဲ (၄)ထပ်၊ (၈၆'×၃၄') တည်ဆောက်ခြင်း
- မြေဖို့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း

(ခ) **မော်တော်ယာဉ်(၄)စီး**
minibus (27 Seater) (၁) စီး
mini truck (၃) စီး

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၉-၁၀-၂၀၁၈ရက်မှစတင်၍ ရောင်းချပါမည်။ အဆိုပြုလျှောက်လွှာတင်ဒါများကို ၉-၁၁-၂၀၁၈ ရက် (သောကြာနေ့) ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းသွားရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂)လမ်းမကြီး၊ မိုင်တိုင်အမှတ် ၁၃/၀၊ ၁၄၀ ရပ်ကွက်အနီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဖုန်း-၀၁-၃၅၈၅၄၅၆၊ ၀၁-၃၅၈၅၄၅၇၊ ၀၁-၃၅၈၅၁၅၇၊ ၀၉-၉၆၇၀၆၁၂၅၆၊ ၀၉-၉၇၇၂၈၇၂၉၂၄၊ ၇၈၄၀၀၄၇၇၅ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မကွေးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မကွေးခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁-၁၁-၂၀၁၈ ရက် ၀၉း၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - ၁၃-၁၁-၂၀၁၈ ရက် ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၁၅-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မကွေးခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက် များကို မကွေးခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း-၀၆၃-၂၀၂၃၀၅၃၊ ၀၆၃-၂၀၂၅၈၈၆ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူ နိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အထက ကြာညှပ် နဝမတန်း(B)မှ မောင်မင်းမင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၉/စကန(နိုင်)၀၃၉၂၆၇ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

## ဖခင်အမည်မှန်

သပိတ်ကျင်းမြို့နယ်၊ အထက ကြာညှပ်၊ အဋ္ဌမတန်း(A)မှ မအိသီရိကျော်၊ ဆဋ္ဌမတန်း(A)မှ မဝင်းသီရိကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေဝင်း ၉/သပက (နိုင်)၀၄၃၃၄၆ ဖြစ်ပါကြောင်း။

**ဦးကျော်ဆွေဝင်း**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အထက ကြာညှပ် နဝမတန်း (B) မှ မချယ်ရီမွန်၏ မိဘအမည်မှန်မှာ ဦးအုန်းကျော်မြင့် - ဒေါ်ခိုင်မာ ဖြစ်ပါကြောင်း။ **ဦးအုန်းကျော်မြင့်-ဒေါ်ခိုင်မာ**

## အမည်ပြောင်း

မောင်တောမြို့၊ မြို့မရပ်ကွက် (ဝိမလ)နေ ဦးလှထွေး ၁၁/မတန (နိုင်)၀၀၀၀၄၇၏ သား မောင်ပြည့်ကျော်ထွေးခိုင်အား မောင်ပြည်ကျော်ထွေးခိုင်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ပြည်ကျော်ထွေးခိုင်**

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက အဋ္ဌမတန်းမှ မညီမီနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၅/တဆန(နိုင်)၀၃၉၃၆၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၁) နဝမတန်း(A)မှ မောင်စံမင်းဟန်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးထွန်း ၅/မရန(နိုင်)၁၄၁၈၉၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ပန်းသာကျေးရွာ အလက ဆဋ္ဌမတန်းမှ မရတနာလင်း၊ တတိယတန်းမှ မောင်ကျော်ဘိုဘိုထက်၊ ဒုတိယတန်းမှ မရတနာခင်နှင့် မောင်ကျော်မိုးထက်တို့၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်လင်း ၅/ဆလက (နိုင်)၀၆၅၄၃၅ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
## School of Industrial Training and Education (SITE)
## သင်တန်းသားသစ်များခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ Sea Lion ကုမ္ပဏီနှင့်မိတ်ဖက် ဂျာမန်၊ ဩစတြီးယားကုမ္ပဏီများပူးပေါင်း၍ စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE)တွင် ကာလတိုသင်တန်းများဖြစ်သည့် အောက်ဖော်ပြပါသင်တန်းများအား ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်-

၁။ **ဖွင့်လှစ်သင်ကြားမည့်သင်တန်းများ**
- (က) Certificate in industrial Technologies
- (ခ) Certificate in Woodworking
- (ဂ) Advanced Certificate in industrial Automation
- (ဃ) Advanced Certificate in CNC Production Technology
- (င) Advanced Certificate in Water and Wastewater Management

၂။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

အမှတ်စဉ်(က)သင်တန်းအတွက် လျှောက်ထားသူသည်တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများ၊ အနိမ့်ဆုံးအဆင့် G.T.H.S(EcT, ET,MT,AMT,RACT,IT, MPT)နှင့် ITC(Machine Tools Operator, Machinery Fitter,Tools & Die Maker, Mechanical Draftsman, Pattern Maker, Automobile Mechanic, Electrician, Electronics Mechanic, CAD/CAM, CNC Operator, Welder, Foundry Man)သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ခ) သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများနှင့် G.T.H.S(BT)သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ဂ) သင်တန်းအတွက် လျှောက်ထားသူသည်အနိမ့်ဆုံးအဆင့် A.G.T.I (EC,EP, Mechanical IT) အောင်လက်မှတ်ရရှိထားသူများနှင့် Certificate in industrial Technologies သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ဃ) သင်တန်းအတွက်လျှောက်ထားသူသည် အနိမ့်ဆုံးအဆင့် ITC (Machine Tools Operator, Tools & Die Maker, CAD/CAM, CNC Operator)၊ A.G.T.I(Mechanical) အောင်လက်မှတ်ရရှိထားသူများ၊ Certificate in industrial Technologies နှင့် Advanced Certificate in industrial Automation သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(င) သင်တန်းအတွက် လျှောက်ထားသူသည် အနိမ့်ဆုံးအဆင့် A.G.T.I (Civil, EC, Mechanical) အောင်လက်မှတ်ရရှိထားသူများ၊ Advanced Certificate in industrial Automation သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၃။ သင်တန်းအားလုံးအတွက် လျှောက်ထားသူများသည် နည်းပညာနှင့်သက်မွေးလုပ်ငန်းသဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ပဏာမရွေးချယ်ခံရပြီးသူများ interview ဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကာလ(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်းအသိအမှတ်ပြုအောင်လက်မှတ်(Certificate)ရရှိမည်ဖြစ်ပါသည်။ Certificate In Industrial Technologies, Advanced Certificate in Industrial Automation, Advanced Certificate in Water and Wastewater Management သင်တန်းများအတွက် ဂျာမန် FESTO Company မှကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပါရရှိမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ ကျောင်းသား၏ မှတ်ပုံတင်မိတ္တူတို့အားပူးတွဲ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာအောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ ကျောင်းသား၏မှတ်ပုံတင်မူရင်းတို့အား တစ်ပါတည်း တင်ပြနိုင်ရမည်။ မှတ်ပုံတင်မရှိပါက (၃)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်းနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

၅။ **သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၃ရက်
**သင်တန်းဖွင့်လှစ်မည့်နေရာ** - စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်စုံစမ်းရန်ဖုန်း** - ၀၁-၅၅၆၆၂၅၊ ၀၁-၅၅၇၃၇၂၊ ၀၉-၂၅၅၅၆၁၁၉၁

၆။ လျှောက်လွှာများကို ၁၅-၁၀-၂၀၁၈ရက်မှ ၃၁-၁၀-၂၀၁၈ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရယူလျှောက်ထားနိုင်ပြီး ၃၁-၁၀-၂၀၁၈ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ မြေကွက်အမှတ် ၃/ခ၊ မြေကွက်တည်နေရာအမှတ် (၃/ခ)၊ (၅၃)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးခင်မောင်ဝင်း GBK-၀၀၆၈၄၅ အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးခင်မောင်ဝင်း GBK-၀၀၆၈၄၅ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ၇-၄-၂၀၁၄ ရက်တွင် ဦးအောင်နိုင် ၁၂/ဥကတ(နိုင်)၀၁၃၂၇၁မှ ဝယ်ယူခဲ့ပြီး တင်ပြပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း(မိတ္တူ)တင်ပြ၍ ပါမစ်(မစုံ)ဖြင့် ဂရန်လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂၀'x၆၀')ရှိပြီး မြေကွက်လပ်ဖြစ်ပါသဖြင့် ပါမစ်ရှိ (ပါမစ်မစုံ)ဖြင့် နှစ်(၆၀)မြေငှားဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကျေးဇူးတင်ကြောင်း ဒေါ်စန်းစန်းချို ၁၂/ဒဂန(နိုင်)၀၁၄၈၁၃ နှင့်
## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ကျွန်မ ဒေါ်သန်းသန်းဦးမှ ကျေးဇူးတင်ကြောင်း ဒေါ်စန်းစန်းချိုနှင့် အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်မသည် ဒေါ်စန်းစန်းချိုထံမှ ငွေများရယူခဲ့သည့်အပေါ် ပြန်မဆပ်သည့်အတွက် အမှန်အတိုင်း ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံခဲ့ရသော်လည်း လူမှုရေးအရ ကျွန်မမှတောင်းပန်မှုကြောင့် ဒေါ်စန်းစန်းချိုမှ အမှုရုပ်သိမ်းပေးခဲ့သည့်အပေါ် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ကြောင်း ဒေါ်စန်းစန်းချိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဦး**
**၁၂/ပဇတ(နိုင်)၀၂၈၇၈၇**

---

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း)

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် (၈၀/၁၀၀)အမျိုးအစား ကတ္တရာနှင့် ဘိလပ်မြေ၊ သံချောင်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၂။ | (က) | **ကတ္တရာတင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန်** | - | ၁၄-၁၁-၂၀၁၈ ရက် ၀၉း၃၀ နာရီ |
| | (ခ) | **ကတ္တရာတင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန်** | - | ၂၆-၁၁-၂၀၁၈ ရက် ၁၆း၃၀ နာရီ |
| | (ဂ) | **ကတ္တရာတင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ** | - | ၂၈-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ |
| | | | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မကွေးမြို့ |
| ၃။ | (က) | **ဘိလပ်မြေ/သံချောင်းတင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၄-၁၁-၂၀၁၈ ရက် ၀၉း၃၀ နာရီ |
| | (ခ) | **ဘိလပ်မြေ/သံချောင်းတင်ဒါ လျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန်** | - | ၂၇-၁၁-၂၀၁၈ ရက် ၁၆း၃၀ နာရီ |
| | (ဂ) | **ဘိလပ်မြေ/သံချောင်းတင်ဒါ စိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ** | - | ၂၉-၁၁-၂၀၁၈ ရက် ၁၀း၀၀ နာရီ |
| | | | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မကွေးမြို့ |

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၆၃-၂၀၂၃၀၁၈၊ ၀၆၃-၂၀၂၅၁၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## မဟာစည်သြဝါဒခံ
## သာသနာ့ဗိမာန်ရိပ်သာ(ယိုးဒယားကျောင်း)
## မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
## ပူဇော်ပွဲဖိတ်ကြားလွှာ

မဟာသတိပဋ္ဌာန် ဝိပဿနာဉာဏ်ကို ပေးလှူတော်မူနေသည့် ကျေးဇူးတော်ရှင် မဟာစည် နာယက၊ သာသနာ့ဗိမာန်ရိပ်သာဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓ (သာသနဓဇဓမ္မာစရိယ) (မဟာကမ္မဋ္ဌာနာစရိယ) အား တပည့်ဒါယကာ၊ ဒါယိကာမများမှစုပေါင်း၍ ဝါကျွတ်ပူဇော်ကန်တော့ပွဲကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ ကြွရောက်ပူဇော်ကန်တော့နိုင်ရန် သာသနာနုဂ္ဂဟအဖွဲ့မှ စီစဉ်ထားပါသည်။

**ပူဇော်ပွဲကျင်းပမည့်ရက်** - ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့၊ ၂၄-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)
**ပူဇော်ပွဲကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီတိတိ

**သာသနာနုဂ္ဂဟအဖွဲ့**
ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀၊ ၀၉-၅၅၀၆၉၂၇

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကန်ပြားကျေးရွာမှ မအေးစုစုလှိုင် ၈/စလန(နိုင်)၂၁၄၄၀၄၏ ဖခင်အမည်မှန်မှာ ဦးသန်းဝေ ၈/စလန(နိုင်)၀၀၉၃၄၈ ဖြစ်ပါကြောင်း။ **ဦးသန်းဝေ**

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် အထက(၂) ဆဋ္ဌမတန်းမှ (ဘ) ဦးဇော်ဇော်အေး ၉/မလန(နိုင်)၁၁၂၉၇၉၏သားမောင်အောင်ခန့်ဇင်၏မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၂၀၀၇ ဖြစ်ပါသည်။

---

## တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက်တင်ဒါခေါ်ယူခြင်း
## မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်

ဘီးလင်းမြို့နယ်တွင် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက်တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ဝယ်ယူသည့်ဌာန | မြို့နယ်ပညာရေးမှူးရုံး၊ ဘိုးရာဇာရပ်ကွက်၊ ဘီးလင်းမြို့ |
| တာဝန်ခံအရာရှိ | ဒေါ်မြင့်အေး(မြို့နယ်ပညာရေးမှူး)နှင့် ၀၅၇/၆၄၀၂၄၊ ၀၉-၂၅၅၇၀၂၈၂၈ |
| တည်ဆောက်မှုလုပ်ငန်း ဖော်ပြချက် | ကျောင်းဆောင်သစ် (ပေ ၁၀၀ × ပေ ၃၀) (RC)(၂ထပ်) |
| တည်ဆောက်မည့်နေရာ | အထက(ရွှေလှေ)၊ ရွှေလှေကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်။ |
| အရည်အသွေးစံချိန်စံညွှန်းများ | ပေ ၁၀၀ × ပေ ၃၀ (၂ထပ်) (RC) ကျောင်းဆောင်သစ်၊ ကွန်ကရစ်ခံနိုင်ရည်အား အဆောက်အအုံသုတေသနမှသတ်မှတ်ထားသော စံညွှန်းနှင့်ကိုက်ညီစေရန် ကုမ္ပဏီမှတာဝန်ယူ၍ အစစ်ဆေးခံပြီး တင်သွင်းပေးရမည်။ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားဝယ်ယူမှု |
| အရည်အချင်းသတ်မှတ်ချက် | - ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။<br>- အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>- အလားတူကန်ထရိုက် အနည်းဆုံး(၂)ခုကို ဆောင်ရွက်ဖူးရမည်။<br>- ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>- ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>- တင်ဒါစာရွက်စာတမ်းထဲရှိအခြားလိုအပ်ချက်များအားဖြည့်ဆည်းပေးနိုင်ရမည်။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး/ဝယ်ယူနိုင်မည့်အချိန် | ၁၅/၁၀/၂၀၁၈ ရက်မှ ၁၄/၁၁/၂၀၁၈ ရက်ထိ (ရုံးဖွင့်ရက်) နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ကျပ် ၁၀၀၀၀ |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့။ |
| တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသောနောက်ဆုံးအချိန် | ၁၅/၁၁/၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီထိ |

**ဒေါ်မြင့်အေး**
**မြို့နယ်ပညာရေးမှူး**
**မြို့နယ်ပညာရေးမှူးရုံး**
**ဘီးလင်းမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၆၁၀၂ Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသက် ၉/မရတ(နိုင်)၁၂၉၈၇၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

# မာလာတင်
## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ။
1-11-2018 စမည်။
စုံစမ်းချိန်- နံနက် ၉ နာရီ
မှ
ညနေ ၃ နာရီအတွင်း

လူဦးရေကန့်သတ်သည်။
အမှတ်-၂၉၇၊ အခန်း-၆
မဟာဗန္ဓုလပန်းခြံလမ်း
ရန်ကုန်မြို့
Ph;384924, 379735

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၃၉၇၆၉ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုသင်း ၉/မရမ(နိုင်)၀၈၄၉၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လေချော်ညီ ၁/မကန(နိုင်)၁၅၅၁၀၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၀၄၁၃၈**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၃) ပဉ္စမတန်း($A_2$)မှ မောင်ထွန်းထွန်းအောင်၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ၁/မကန(နိုင်)၂၂၇၁၂၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တနိုင်းမြို့၊ အထက (၂) နဝမတန်း(C)မှ မောင်ရဲရင့်ဦး၊ အဋ္ဌမတန်း(B)မှ မထက်ထက်အောင်နှင့် စတုတ္ထတန်း(A)မှ မအေးချမ်းငြိမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦး ၅/အတန(နိုင်)၀၇၅၁၇၈ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အထက(၁)၊ ကျုံပျော် နဝမတန်းမှ မောင်ဇင်ဝေဦး၏ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ဖြစ်ပါကြောင်း။
**ဦးခင်မောင်အေး**

## ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ ထ(ခွဲ)သာယာကုန်း-၂ တက္ကသိုလ်ဝင်တန်းမှ နော်အယ်ဒီဝါး၏မိဘအမည်မှန်မှာ ဦးပေါ်သိုနှင့် နော်စေးရာဖော ဖြစ်ပါကြောင်း။
**ဦးပေါ်သို-နော်စေးရာဖော**

## ဖခင်အမည်မှန်

အထက(၁)၊ ကျုံပျော် နဝမတန်းမှ မစုမြတ်နန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြိုင် ဖြစ်ပါကြောင်း။
**ဦးအောင်ကြိုင်**

## ဖခင်အမည်မှန်

အထက(၁)၊ ကျုံပျော် နဝမတန်းမှ မောင်ကျော်သက်ကို၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ဖြစ်ပါကြောင်း။
**ဦးခင်မောင်အေး**

## ဖခင်အမည်မှန်

အထက(၁)၊ ကျုံပျော် နဝမတန်းမှ မောင်ကောင်းထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ဖြစ်ပါကြောင်း။
**ဦးသန့်ဇင်ဦး**

## ဖခင်အမည်မှန်

အထက(၁)၊ ကျုံပျော် နဝမတန်းမှ နန့်ပန်းနုဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဝင်း ဖြစ်ပါကြောင်း။
**ဦးသန့်ဇော်ဝင်း**

## ဖခင်အမည်မှန်

အထက(၁)၊ ကျုံပျော် နဝမတန်းမှ မောင်ရှိုင်းလွင်ကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ဖြစ်ပါကြောင်း။
**ဦးဝင်းကိုကို**

## ဖခင်အမည်မှန်

အထက(၁)၊ ကျုံပျော် နဝမတန်းမှ မောင်မိုးစက်အောင်သူလွင်၏ အမည်မှန်မှာ စမိုးဇက်အောင်သူလွင် ဖြစ်ပြီး ဖခင်အမည်မှန်မှာ စကျော်စွာလွင် ဖြစ်ပါကြောင်း။ **စကျော်စွာလွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေပြည်သာမြို့နယ်နေ ဦးရမ်းပူကျန်း ၇/ဖမန(ပြု)၀၀၂၄၆၇၏သား မောင်ရမ်းရသန်း (ခ) မောင်ကျော်လင်းအောင် 1st year Bc Yangon University မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေပြည်သာမြို့နယ်နေ ဦးရမ်းပူကျန်း ၇/ဖမန(ပြု)၀၀၂၄၆၇ ၏သမီး မနန်းသနီး (ခ) မတင်မာလွင် ပဉ္စမတန်း (B) အထက(၄) ရွှေပြည်သာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တနင်္သာရီတိုင်းဒေသကောလိပ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း သူငယ်ချင်း ညီအစ်ကိုမောင်နှမများခင်ဗျား

တနင်္သာရီတိုင်းဒေသကောလိပ် (၁၉၇၇-၁၉၈၂) ခုနှစ် ပထမအကြိမ်၊ အာစရိယပူဇော်ခြင်းအခမ်းအနားကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၇ ရက်၊ နံနက် ၈ နာရီတွင် ထားဝယ်မြို့ရှိ ယခင်ကျောင်းတော်ကြီးနေရာ၌ လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ထိုနေ့ည ၆ နာရီတွင် မောင်းမကန်ကမ်းခြေတွင်လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဆရာဆရာမ(ငြိမ်း)များ စုံညီစွာကန်တော့ခံနိုင်ရေးနှင့် ကျောင်းသားကျောင်းသူဟောင်းများ အလှူငွေများဖြင့် ပူးပေါင်းပါဝင်ကုသိုလ်ပြုနိုင်ရေး ဖော်ပြပါကျောင်းသားကျောင်းသူဟောင်းများထံ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (၁)ကိုယုစိန် ဖုန်း-၀၉-၇၉၇၉၁၁၈၈၈၊ (၂)မရွှေဝါ ဖုန်း-၀၉-၈၇၄၁၇၄၆၊ (၃)ကိုတင်မောင်ညီ ဖုန်း-၀၉-၂၅၃၈၁၈၂၃၄၊ (၄)ကိုနေလင်းအောင် ဖုန်း-၀၉-၅၁၅၈၁၁၆၊ (၅)မသီသီလွင် ဖုန်း-၀၉-၂၅၄၂၀၅၄၆၄၊ (၆) ကိုဟုန်နု ဖုန်း-၀၉-၅၆၄၀၄၈၄၊ (၇)မလှလှစီ ဖုန်း-၀၉-၂၆၁၆၃၇၉၃၆

**အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ**

## အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဒေါ်တုတ်တုတ် ၁၂/မဂဒ(နိုင်)၀၁၁၉၈၃ အမှတ် ၁၀၈၊ အသောကလမ်း၊ ကုန်းတလပေါင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်တုတ်တုတ်နှင့် ၎င်း၏ခင်ပွန်း ဦးတင်ဆောင်တို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သော (၁) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ အသောကလမ်း၊ အမှတ် ၁၀၈ ဟုခေါ်တွင်သော (၄၀ပေ×၁၀၀ပေ)အကျယ်ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ (၂) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ(မြောက်ပိုင်း)၊ ရွှေနှင်းဆီလမ်း၊ အမှတ်(မရှိ)ဟုခေါ်တွင်သော (၅၀ပေ×၁၀၀ပေ)အကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်၊ (၃) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေကွက်အမှတ် ၁၇၉ ရပ်ကွက်အမှတ် ၁၃၉ ဟု ခေါ်တွင်သော (၄၀ပေ×၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည် ဒေါ်တုတ်တုတ်မသိရှိဘဲ အမည်ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ထားပါကလည်း ကျွန်ုပ်၏အမှုသည် ဒေါ်တုတ်တုတ်သိရှိ သဘောတူညီမှုမပါရှိဘဲ တစ်ဖက်သတ်ပြုလုပ်ထားခြင်းသာဖြစ်ပြီး ကျွန်ုပ်၏အမှုသည်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်တုတ်တုတ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၀၅၁/၂၃-၅-၂၀၁၃**
**အမှတ် ၁၃၊ ဉာဏလမ်း၊ ဧကရာဇ်ရပ်ကွက်**
**ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊**
**ဖုန်း-၀၉-၅၄၁၃၆၁၁**

## ဒေါ်မြင့်မြင့်ဝင်း(အုပ်ချုပ်မှုဒါရိုက်တာ၊ မြင့်သီရိစံဆောက်လုပ်ရေး)၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်သူများ သိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ် ၅၆/စီတွင်နေထိုင်သူ ဦးအောင်မြင့် ၁၂/တမန(နိုင်)၀၃၆၄၅၁ ဒါရိုက်တာ၊ မြင့်သီရိစံဆောက်လုပ်ရေး၏ တာဝန်ပေးချက်အရ ဒေါ်မြင့်မြင့်ဝင်း ၁၃/တကန(နိုင်)၀၁၃၁၆၇၊ အမှတ် ၇၇၇၊ မာဃလုလင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၁၀)ထပ်ရုံး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တို့ သိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်နှင့်ဒေါ်မြင့်မြင့်ဝင်းတို့သည် အမှတ် ၅၂၁/၅၂၃၊ မဟာဗန္ဓုလလမ်းနှင့် ၂၈လမ်းထောင့်၊ (၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်ဟုခေါ်တွင်သည့်မြေကွက်နှင့် သုံးထပ်အဆောက်အအုံကို အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ထားစဉ် အမှတ် ၅၂၃၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ (၁၃.၅ပေ×၄၈.၅ပေ×၁၅ပေ)အခန်းကို နေပြည်တော်၊ ရုံးအမှတ် ၃၂၊ နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသော အိမ်ရာစီမံကိန်းများ၊ အဆောက်အအုံများ၊ မြေယာကွက်များ ရောင်းချရေးစီမံခန့်ခွဲမှုကော်မတီနှင့် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့ထံမှ တိုက်ခန်းချိပ်ပိတ်တင်ဒါအောင်မြင်၍ ငွေကျပ်သန်း ၃၂၀ဖြင့် ၁၀-၁၂-၂၀၁၃ရက်တွင် ဒေါ်မြင့်မြင့်ဝင်းအမည်ဖြင့် အပြီးအပိုင်လွှဲပြောင်းရရှိခဲ့ရာ တိုက်ခန်းတန်ဖိုးကို နိုင်ငံတော်နှင့်မူလလေလံဆွဲသူ ဒေါ်သန်းသန်းစိန်တို့ထံစုစုပေါင်းငွေကျပ်သိန်း ၆၂၁၀ပေးအပ်ခဲ့ရပြီး ဦးအောင်မြင့်က ၄၀ရာခိုင်နှုန်း၊ ဒေါ်မြင့်မြင့်ဝင်းက ၆၀ရာခိုင်နှုန်းငွေကြေးထည့်ဝင်ပိုင်ဆိုင်ခဲ့သောအခန်းဖြစ်သည်ဟု သိရပါသည်။

၃။ အဆိုပါတိုက်ခန်းကို DB စီမံချက်အရဖျက်သိမ်း၍ သုံးခန်းတွဲ ၁၂½ထပ်တိုက်သစ်ကို တည်ဆောက်ခဲ့ရာ ဌာနမှူး(ယာ/အုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယာယီအိမ်ရှင်အဖြစ် တာဝန်ယူ၍ ရတနာမြိုင်ဆောက်လုပ်ရေးနှင့် မြင့်သီရိစံဆောက်လုပ်ရေးတို့ အကျိုးတူပူးပေါင်းတည်ဆောက်ခဲ့ကြရာ၊ တိုက်သစ်ပြီးစီး၍အဆိုပါတိုက်ခန်းကို ယာယီအိမ်ရှင်ဌာနမှူး(ယာ/အုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အခန်းပိုင်ရှင်များထံ တိုက်ခန်းသစ်များအပ်နှံပေးတော့မည်ဟု သိရပါသည်။

၄။ ကျွန်ုပ်၏မိတ်ဆွေဦးအောင်မြင့်က ၃-၁၀-၂၀၁၈ရက်တွင် အထက်စာပိုဒ်(၂)ပါတိုက်ခန်းကို ဒေါ်မြင့်မြင့်ဝင်းက ၆၀ ရာခိုင်နှုန်း၊ ဦးအောင်မြင့်က ၄၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့်အတွက် လူကြီးမင်းဌာနမှူး၊ အင်ဂျင်နီယာ(ယာ/အုံ)ထံ(၃)ခန်းတွဲ၊ (၁၂½)ထပ်ကန်ထရိုက်တိုက်သစ်မှ အမှတ် ၅၂၃၊ မြေညီထပ်အခန်းကို ဒေါ်မြင့်မြင့်ဝင်းတစ်ဦးတည်းထံအပ်နှံပေးခြင်းမပြုဘဲ ဒေါ်မြင့်မြင့်ဝင်း+ဦးအောင်မြင့်တို့နှစ်ဦးထံအပ်နှံပေးရန် စာဖြင့်တင်ပြထားရာလူကြီးမင်းဌာနမှဝင်စာအမှတ် ၈/၃-၁၀-၂၀၁၈ဖြင့် လက်ခံထားပြီးဖြစ်သည်ဟု သိရပါသည်။

၅။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်သည် ဒေါ်မြင့်မြင့်ဝင်းထံ အထက်စာပိုဒ်(၂)ပါ တိုက်ခန်း၏ တန်ဖိုး ၄၀ ရာခိုင်နှုန်းပိုင်ဆိုင်မှုကို တောင်းခံရာပေးမည်ဟုပြောပြီး မပေးဘဲအချိန်ဆွဲနေပါသည်။ တယ်လီဖုန်းဆက်သွယ်သည်ကိုလည်း လက်မခံခဲ့ပါ။ ထို့ကြောင့် အဆိုပါမြေညီထပ်တိုက်ခန်း၏ ကာလတန်ဖိုးကျပ်သိန်း ၁၀၀၀၀သတ်မှတ်ပြီးလျှင် ၄၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကျပ်သိန်း ၄၀၀၀ကို ဒေါ်မြင့်မြင့်ဝင်းက ကျွန်ုပ်၏မိတ်ဆွေဦးအောင်မြင့်ထံသို့ ၂၁-၁၀-၂၀၁၈ ရက် နောက်ဆုံးထားပြန်အမ်းပေးအပ်ရန် ကျွန်ုပ်မှတစ်ဆင့် ဒေါ်မြင့်မြင့်ဝင်းထံ အသိပေးတောင်းဆိုလိုက်ပါသည်။

၆။ လူကြီးမင်းဌာနမှူး၊ အင်ဂျင်နီယာဌာန(ယာ/အုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပိုင်ဆိုင်မှုအငြင်းပွားနေသော အထက်စာပိုဒ်(၂)ပါတိုက်ခန်းကို ဒေါ်မြင့်မြင့်ဝင်းနှင့် ဦးအောင်မြင့်တို့ခွဲဝေမပြီးမီ ဒေါ်မြင့်မြင့်ဝင်းတစ်ဦးတည်းထံ အပ်နှံပေးခြင်းမပြုဘဲ ယာယီထိန်းသိမ်းပေးပါရန် ကျွန်ုပ်မှတစ်ဆင့် လေးစားစွာမေတ္တာရပ်ခံ အသိပေးတင်ပြထားအပ်ပါသည်။

၇။ လူကြီးမင်းဒေါ်မြင့်မြင့်ဝင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်၏တောင်းဆိုမှုကို ၂၁-၁၀-၂၀၁၈ရက် ကုန်ဆုံးသည်အထိ လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက နှစ်ဦးပိုင်တိုက်ခန်း တန်ဖိုးငွေ ၄၀ ရာခိုင်နှုန်းခွဲဝေပေးစေလိုမှုကို သက်ဆိုင်ရာ တရားရုံး၌ တရားမကြောင်းစွဲဆိုခြင်း၊ ယာယီတားဝရမ်းလျှောက်ထားခြင်းပြုလုပ်သွားရလိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဦးအောင်မြင့်၏ သဘောတူညီမှုမရှိဘဲ ဒေါ်မြင့်မြင့်ဝင်းတစ်ဦးတည်းက လွှဲပြောင်း ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းတို့ပြုလုပ်ပိုင်ခွင့်မရှိကြောင်း သတိပေးတားမြစ်ပါကြောင်း ဒေါ်မြင့်မြင့်ဝင်းနှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးလှမြင့်(ဒဂုံ)**
**အထက်တန်းရှေ့နေကြီး**
**စဉ်-၉၀၁၂**
**အမှတ် ၅၂၇/၅၂၉၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၃၁၈၁၀**

## တည်ဆောက်မှုလုပ်ငန်း ကန်ထရိုက်အတွက် တင်ဒါခေါ်ယူခြင်း မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဘီးလင်းမြို့နယ်တွင် မြို့နယ်ဖွံ့ဖြိုးမှု အထောက်အပံ့ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| **ဝယ်ယူသည့်ဌာန** | ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အိုးအိမ်အိမ်ရာ၊ အခန်း(၁၃)၊ ဘိုးလှကြီးရပ်ကွက်၊ ဘီးလင်းမြို့ |
| **တာဝန်ခံအရာရှိ** | ဒေါ်ဝေဝေလွင်ဖြိုး (ဦးစီးအရာရှိ) ဖုန်း-၀၉-၇၇၄၁၅၇၀၅၈ |
| **တည်ဆောက်မှုလုပ်ငန်းဖော်ပြချက်** | မြေသားလမ်း (၃)မိုင် (၂)ဖာလုံ (၁၅)ပေ အကျယ်(၃ပေ အမြင့်) ပြုပြင်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ (၈၀ပေ× ၁၄ပေ×၁၀.၅ ပေ) သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း |
| **တည်ဆောက်မည့်နေရာ** | ပေါ်ခီးကျေးရွာ၊ အစုးချောင်းကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်။ |
| **အရည်အသွေးစံချိန်စံညွှန်းများ** | မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးသောအချိန် အောက်ခံမြေသားသိပ်သည်းမှု ၉၅ ရာခိုင်နှုန်း (DoC 95 %)ရှိရမည်။ စက်ကြိတ်ခြင်း ၁ပေ တစ်လွှာ၊ တံတားကွန်ကရစ်ခံနိုင်ရည်အား အဆောက်အအုံသုတေသနမှ သတ်မှတ်ထားသော စံညွှန်းနှင့်ကိုက်ညီစေရန် ကုမ္ပဏီမှ တာဝန်ယူ၍ စစ်ဆေးခံပြီး တင်သွင်းပေးရမည်။ |
| **ဝယ်ယူမှုနည်းလမ်း** | အကြီးစားဝယ်ယူမှု |
| **အရည်အချင်းသတ်မှတ်ချက်များ** | - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။<br>- အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>- အလားတူ ကန်ထရိုက် အနည်းဆုံး(၂)ခုကို ဆောင်ရွက်ဖူးရမည်။<br>- ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>- ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>- တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရမည်။ |
| **တင်ဒါစာရွက်စာတမ်းကိုကြည့်ရှု စစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့။ |
| **တင်ဒါစာရွက်စာတမ်းကို ကြည့်ရှု စစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန်** | ၁၅-၁၀-၂၀၁၈ ရက်မှ ၁၄-၁၁-၂၀၁၈ ရက်ထိ ရုံးဖွင့်ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီထိ |
| **တင်ဒါစာရွက်စာတမ်းကျသင့်ငွေ** | ၁၀၀၀၀ ကျပ် |
| **တင်ဒါတင်သွင်းရမည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့။ |
| **တင်ဒါတင်သွင်းရမည့်သတ်မှတ်ထားသော နောက်ဆုံးအချိန်** | ၁၅-၁၁-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီထိ |

**ဒေါ်ဝေဝေလွင်ဖြိုး**
**ဦးစီးအရာရှိ**
**မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဘီးလင်းမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၇×၃၈လမ်းကြား၊ ၅၇ လမ်း၊ မ ၆၀/၄၂တွင် တည်ရှိသော **1 A 1** ကုမ္ပဏီလီမိတက်၏ ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးအိုက်စိုင်း(ဘ) ဦးဟုန်ရွှေ ၁၃/လရန(နိုင်)၀၅၃၄၉၄ နှင့် ဒါရိုက်တာ ဦးကျော်မြ (ဘ)ဦးရှိဖျင်ရင်း ၁၃/ကမန(နိုင်)၀၁၂၅၉၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Shine

wall putty powder

**မှတ်ပုံတင်စာချုပ်အမှတ်(၁၉၇၄/၂၀၁၈)**

အထက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော **Wall Putty Powder** ၏ ဖော်စပ်သည့် နည်းပညာကို **1 A 1** ကုမ္ပဏီလီမိတက်၏ မူပိုင်ဖြစ်ကြောင်း၊ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၉၇၄/၂၀၁၈)ဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေညာစာတမ်းပြုလုပ်ထားပြီး ဖြစ်ပါသည်။

၎င်းနည်းပညာကို **1 A 1** ကုမ္ပဏီလီမိတက်၏ သဘောတူခွင့်ပြုချက်မရှိဘဲ တစ်စုံတစ်ဦးက နည်းပညာအပြည့်အစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း၊ အချိုးအစားများကို ပြောင်းလဲပြင်ဆင်၍သော်လည်းကောင်း၊ ဖော်စပ်အသုံးမပြုကြရန်နှင့် အသုံးပြုနေကြောင်းကို စုံစမ်းတွေ့ရှိရပါက **1 A 1** ကုမ္ပဏီလီမိတက်မှ ကုမ္ပဏီ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုများအတွက် တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**1 A 1 ကုမ္ပဏီလီမိတက် လွှဲအပ်ချက်အရ-**
**ဦးကျော်ကျော်သိန်း(LL.B) (စဉ်-၁၃၅၈၃/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဃ-၃/၅၈၊ ၆၂×၆၄လမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၅၁၁၄၇၇၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၇×၃၈လမ်းကြား၊ ၅၇ လမ်း၊ မ ၆၀/၄၂တွင် တည်ရှိသော **1 A 1** ကုမ္ပဏီလီမိတက်၏ ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးအိုက်စိုင်း(ဘ) ဦးဟုန်ရွှေ ၁၃/လရန(နိုင်)၀၅၃၄၉၄ နှင့် ဒါရိုက်တာ ဦးကျော်မြ (ဘ)ဦးရှိဖျင်ရင်း ၁၃/ကမန(နိုင်)၀၁၂၅၉၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Shine

**မှတ်ပုံတင်စာချုပ်အမှတ်(၁၉၇၃/၂၀၁၈)**

အထက်ပါ ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၁၉၇၃/၂၀၁၈)ဖြင့် **1 A 1** ကုမ္ပဏီလီမိတက်၏ မူပိုင်ဖြစ်ကြောင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေညာစာတမ်းပြုလုပ်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ **Shine** ကုန်အမှတ်တံဆိပ်ဖြင့် ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုးနှင့် **Wall Putty Powder** အမျိုးမျိုးတို့အပေါ်တွင် ကပ်နှိပ်၍ **1 A 1** ကုမ္ပဏီလီမိတက်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်၌ အများပြည်သူ တစ်ခဲနက်လက်ခံအားပေးလျက် ရှိပါသည်။ ၎င်းကုန်အမှတ်တံဆိပ်ကို အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဆင်တူယိုးမှားဖြစ်စေ၊ တုပအသုံးပြု၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲရောင်းချနေကြောင်းကို တွေ့ရှိပါက ကုမ္ပဏီ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုများအတွက် တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**1 A 1 ကုမ္ပဏီလီမိတက် လွှဲအပ်ချက်အရ-**
**ဦးကျော်ကျော်သိန်း(LL.B) (စဉ်-၁၃၅၈၃/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဃ-၃/၅၈၊ ၆၂×၆၄လမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၅၁၁၄၇၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၁၀၃၀ Honda C90 H custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးသင်း ၈/နမန(နိုင်)၀၉၃၈၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၁၆၂၁ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုသွယ် ၇/သနပ(နိုင်)၀၇၂၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/9761 Suzuki Swift Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုး ၁၀/မလမ(နိုင်)၀၆၉၇၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၁၃၇၈ ယာဉ်မှတ်ပုံတင်အမည်လက်ဝယ်ရှိသူ ဦးထက်အောင်လင်း ၁၄/ညတန(နိုင်)၁၈၁၇၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ဒေါက်တာမြညွန့် (သရက်မြို့)

**B.Sc, MRCVS (Edin), M.Sc (Guelph)**

**ပါမောက္ခချုပ်(၁၉၆၅-၁၉၉၁)၊ တိမွေးကုတက္ကသိုလ်၊ ရေဆင်း ပါမောက္ခချုပ်(၁၉၈၅-၁၉၉၁)၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း ဥက္ကဋ္ဌ(၁၉၉၈-၂၀၁၀) မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ**

**အသက်(၈၈)နှစ်**

မကွေးတိုင်းဒေသကြီး၊သရက်မြို့နေ(ဦးထင်လတ်-ဒေါ်စိန်တင့်)တို့၏သား၊[ဦးထွန်းအောင် (ညွှန်ကြားရေးဝန်၊ အင်းစိန်၊ တိရစ္ဆာန်ဆေးကျောင်းဝင်း) - ဆရာမဒေါ်စောရင်၊ TTC]တို့၏သားသမက်၊ အမေရိကန်နိုင်ငံနေ ဒေါက်တာခင်ဆွေမြင့် (ဦးစီးမှူး-ငြိမ်း၊ အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်ညွန့်(USA)၊ ဒေါ်ဥမ္မာညွန့်-ဦးအောင်ကျော်ဦး(အမှုဆောင်အရာရှိချုပ်၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၊ ဦးသန့်စင်ညွန့်(USA)-Mrs.Penny Nyun တို့၏ချစ်လှစွာသောဖခင်ကြီး၊ မမြမြတ်နိုး (USA)-Mr. Giorgo Paizanis, Miss Lilyann Nandar Nyun တို့၏အဘိုး၊ ဒေါ်ခင်မေဝင်း(အထက်တန်းပြ-ငြိမ်း၊ သရက်မြို့)၊ ဦးနေဝင်း(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ရီရီလွင်၊ (ဗိုလ်မှူးကြီးမင်းညို)-ဒေါ်ပင်စီ(USA)၊ ဦးကိုကိုကြီး (USA)-ဒေါ်မာလာကြီး(USA)၊ ဦးမွန်မြတ်အောင်(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်တင်တင်ခ(ဆရာအတတ်သင်သိပ္ပံ၊ ကန်ဘဲ့-ငြိမ်း)၊ ဦးမင်းအောင် (USA)တို့၏အစ်ကိုကြီးသည် ၁၃-၁၀-၂၀၁၈ရက်(စနေနေ့)ဒေသစံတော်ချိန်ညနေ ၄နာရီ၊ မြန်မာစံတော်ချိန် နံနက် ၅း၃၀နာရီတွင် အမေရိကန်နိုင်ငံ Los Angeles မြို့၌ ကွယ်လွန်သွားပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၈ရက်(စနေနေ့)နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ ဗဟန်းမြို့နယ်၊ရွှေဂုံတိုင်လမ်း၊တော်ဝင်နှင်းဆီ-သီရိခန်းမသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြညွန့်

**ပါမောက္ခချုပ်(ငြိမ်း)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

**အသက်(၈၈)နှစ်**

ဒေါက်တာမြညွန့် (ပါမောက္ခချုပ်၊ ငြိမ်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်) B.Sc, M.R.C.V.S (Edin), M.Sc (Guelph) သည် ၁၃-၁၀-၂၀၁၈ရက်တွင် အမေရိကန်နိုင်ငံ LosAngeles မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ဒေါက်တာဝင်းမောင် (တောင်ငူ/တွံတေး)

**အသက်(၈၃)နှစ်**

တွံတေးမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၄၈နေ(ဦးမောင်မောင်-ဒေါ်ငွေး)တို့၏သား၊ ဒေါ်ဦးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစောအောင်)-ဒေါ်ခင်ခင်အေး၊ (ဒေါ်သန်းရီ-ဦးသန်းညွန့်)၊ ဦးစောမောင်-ဒေါ်မြင့်မြင့်၊ ဒေါ်တင်ကြည်-(ဦးကျော်ထွန်း)တို့၏ညီ/မောင်၊ ဒေါ်မိုးမိုးဝင်း၊ ဒေါက်တာစိုးစိုးဝင်း-ဦးရဲထွဋ်၊ ဦးမောင်မောင်မျိုးဝင်း-ဒေါ်စိုးစိုးဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၅-၁၀-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အိုးဘိုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်စောမူ

**(အထကကျောင်းအုပ်၊ ငြိမ်း၊ မြိတ်မြို့)**
**တွဲဖက်အတွင်းရေးမှူး၊ မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၇၅)နှစ်**

မြိတ်မြို့၊ ထားဝယ်စုရပ်နေ (ဦးစောလှိုင် - ဒေါ်အေးသုန်)တို့၏သမီး၊ နောက်လယ်ရပ်နေ (ဦးဘသိုင်း-ဒေါ်ကြင်ငွေ)တို့၏သမီးချွေးမ၊ (ဦးတိတ်အင်)၏ဇနီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘူတာရုံလမ်း၊ တိုင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်းဝင်း၊ ဝန်ထမ်းအိမ်ရာနေ (ဦးနေလင်းကျော်)၊ ဦးညီညီထွန်း၊ ဦးမျိုးဝင်းထွန်း-ဒေါ်ထားစန္ဒာ၊ ဦးအောင်စိုးမိုး-ဒေါ်ဥမ္မာခိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၄-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့) ည ၁၀နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ လောင်းတော်ဦးသဘာဝတရားရိပ်သာ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှမြင့်

**အသက်(၇၂)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမင်းသန့်လွင် - ဒေါက်တာနှင်းအိလတ်တို့၏ ချစ်လှစွာသောမိခင် ဒေါ်လှလှမြင့်သည် ၁၃-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၂)မှ**
**သူငယ်ချင်းများ**

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မူမူကြူ

**B.Sc (Chemistry)**
**(အထက-၂၊ စမ်းချောင်းကျောင်းသူဟောင်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၃လမ်း၊ နတ်ချောင်းကွန်ဒို၊ အမှတ် ၂၂(ခြောက်လွှာ)နေ (ဦးလှကြူ-ဒေါ်သန်းကြိုင်)တို့၏သမီး၊ (ဦးလှဖေ-ဒေါ်ဖွား)တို့၏ချွေးမ၊ (ဗိုလ်မှူးဝင်းကြည်)(ငြိမ်း)၏ဇနီး၊ ဦးအောင်ခင်-ဒေါ်စိုးစိုးကြူ၊ ဦးသိန်းဇော်-(ဒေါ်သင်းသင်းကြူ)တို့၏ညီမ၊ (ဦးသန်းနိုင်)-ဒေါ်ငွေးငွေးကြူ၊ ဦးရဲနောင်တို့၏အစ်မ၊ ဒေါက်တာအောင်မျိုးနိုင်(အရေးပေါ်အထူးကုဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါက်တာခင်သီတာအောင်(ဓာတ်မှန်အထူးကုဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဦးကျော်မင်းခေါင်(Chief Officer, LIZSTAR SHIPPING CO.,LTD.)-ဒေါ်မြတ်ရည်မွန်တို့၏မိခင်၊ မောင်ရှင်းခန့်လင်းနှင့် မောင်ဘုန်းထွဋ်ဟိန်းတို့၏အဘွားသည် ၁၅-၁၀-၂၀၁၈ရက် နံနက် ၁၁း၃၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်သွဲ့

**အသက်(၈၀)**

ဦးအောင်ကျော်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်နုနုစိန်(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်သွဲ့သည် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ထမ်းမိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ခင်ထွေး (ဒေးဒရဲ)

**အသက်(၁၀၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်အထက်ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ အမှတ် ၈၈၊ မြေညီနေ (ဦးရှင်ဉာဏ်)၏ဇနီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၈၇၊ ၃၉လမ်းနေ ဦးကြည်-ဒေါ်သန်းသန်းတို့၏မိခင်၊ ဒေါ်ညွန့်ကြည်(ခ)မွေးမွေး၊ ဦးအောင်ဝင်း(ခ)ဒေါ်ခင်ငွေးဝင်း(Venus အလှကုန်၊ သိမ်ကြီးဈေး)၊ ဒေါ်ဝင်းဝင်းကြည်၊ ဦးကျော်ဝင်းတို့၏အဘွားသည် ၁၅-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ဟာယုံ (ပဲခူးမြို့)

**အသက်(၉၅)နှစ်**

ပဲခူးမြို့၊ ညောင်ဝိုင်း ၁၇လမ်း၊ အမှတ် ၁၂နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၉လမ်း၊ အမှတ် ၃၀နေ [လူလန်ကီး(ခ)ဦးကြည်]၏ဇနီး၊ (ဦးဝင်းလွင်)-ဒေါ်နီ၊ ဒေါ်ခင်လှရီ၊ (ဦးဝင်းကြိုင်)-ဒေါ်ခင်ရီဝင်း၊ ဒေါက်တာဝင်းမောင်-ဒေါ်တင်တင်အေး၊ ဦးဝင်းကြည်-ဒေါ်နီနီဆင့်၊ ဦးဝင်းရွှေ-ဒေါ်မြင့်မြင့်လွင်၊ ဦးဝင်းလှိုင်-ဒေါ်သင်းသင်းခိုင်၊ ဒေါက်တာကြည်ဝင်း-ဒေါ်စမ်းစမ်းအေး၊ ဦးဝင်းထိန်-ဒေါ်သက်သက်မွန်တို့၏မိခင်၊ မြေး ၂၄ယောက်၊ မြစ် ၁၃ယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၃၀၊ ၁၃၉လမ်း နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြမြ(ဇလွန်) အသက်(၉၃)နှစ်

(ဦးဘိုးရင်)(အငြိမ်းစား၊ ဒုတိယမင်းကြီး၊ပြည်သူ့ထောက်ပံ့ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖက်စပ်-၁၊ ဥက္ကဋ္ဌ-ငြိမ်း)၏ဇနီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃၉နေ ဦးသန့်နိုင်-ဒေါ်ခင်တင့်(အထက-၆၊ ဗိုလ်တထောင်)၊ ဦးမျိုးခင်-ဒေါ်တူးတူး(မုံရွာ)၊ဦးလှတိုး-ဒေါ်ရင်ရင်မြ၊ ဦးမောင်မောင်-ဒေါ်လှလှသွယ်၊ ဒေါ်ယဉ်မျိုးမြတ်တို့၏မိခင်၊ မသီတာ(JSQ City MART)၊ ကိုစည်သူအောင် C/O (Uniteam)-မမြတ်နွေးခိုင်၊ မရည်မွန်သန့်(စင်ကာပူ)၊ ဗိုလ်မှူးကျော်ဘထွန်း-မခင်မျိုးသော်၊ ကိုကျော်သူအောင်(စင်ကာပူ)-မခင်သူဇာ(စင်ကာပူ)၊ မောင်ဘုန်းသန့်တို့၏အဘွား၊ မသန့်နှင်းဝေ၊ မရွှန်းစည်သူနွေး၊ မောင်ဘုန်းအဂ္ဂကျော်တို့၏ဘွားဘွားကြီးသည် ၁၅-၁၀-၂၀၁၈ရက် နံနက် ၁၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးသိန်း အသက်(၈၆)နှစ်

**B.A, B.Ed**
**အထက(၂)ဗဟန်း(ငြိမ်း) (နန်ယန်)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၁၁၄နေ (ပန်းထိမ်ဆရာကြီး ဦးဖိုးခ-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်သိန်းတင်)တို့၏ညီမ၊ ဦးလှသွင်၊ (ဒေါ်မြင့်မြင့်)၊ ဒေါ်လှလှ၊ (ဒေါ်မြမြ)၊ ဒေါ်ထွေးထွေး၊ ဦးသိန်းဟန်၊ ဦးတင်ရွှေ-ဒေါ်တင်တင်လှတို့၏အစ်မ၊ ဒေါ်ခင်ခင်စိုး၊ ဒေါ်ခင်ခင်စန်း၊ ဒေါ်ခင်ခင်သဲ(အထက-၁၊ ဒဂုံ)တို့၏အဒေါ်သည် ၁၅-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းကြည်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့် ၇လမ်း၊ အမှတ် ၁၉နေ ဦးခင်အောင်၏ဇနီး၊ (ဦးတင်ထွန်း)-ဒေါ်အေးအေးစန်း၊ ဦးစန်းလွင်-ဒေါ်အေးသီတာငြိမ်း၊ ဦးကျော်လင်း-ဒေါ်သီတာအောင်၊ ဒေါ်သန္တာအောင်၊ ဒေါ်အေးအေးသွယ်၊ ဦးဟိန်းသူ-ဒေါ်အေးငြိမ်းစံတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၄-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာစုစုခိုင် (တောင်တွင်းကြီး)

**ဆေးရုံအုပ်ကြီး၊ ကလေးဆေးရုံကြီး(ဟယ်ပင်)**
**အသက်(၄၀)**

တောင်တွင်းကြီးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာအုပ်စုနေ ဆရာကြီး(ဦးထွန်းကြည်)-ဒေါ်မြင့်မြင့်တို့၏သမီး၊ ဒေါက်တာဇော်မင်းသန့် (ခွဲစိတ်အထူးကုဆရာဝန်ကြီး)၏ချစ်လှစွာသောဇနီး ဒေါက်တာစုစုခိုင်သည် ၁၄-၁၀-၂၀၁၈ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်း ဒေါက်တာစုစုခိုင် ကောင်းရာသုဂတိလားပါစေ။

**(၉၆)အောင် ငယ်သူငယ်ချင်းများ**
**အထက(၁)တောင်တွင်းကြီး**

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**

## ဒေါ်ခင်ထွေး

**အသက်(၁၀၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်အထက်ရပ်ကွက်၊ ကျောက်မြောင်း၊ ဒဂုံသီရိလမ်းနေ အသင်းဝင်မှတ်(၄၁၃) ဦးကြည်(ခ)ချန်ကုန်ဟွာ၏မိခင် ဒေါ်ခင်ထွေးသည် ၁၅-၁၀-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးထင်ကျော်

**(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)**
**မုံရွာမြို့**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့နေ ဦးအေးမောင် (ဒုအရာခံဗိုလ်-ရေ) - ဒေါ်မေမေစု၊ အကောက်ခွန်)တို့၏သား၊ မုံရွာမြို့နေ ဒေါ်အေးအေး၏ချစ်လှစွာသောခင်ပွန်း၊ မသိမ့်မီမီကျော်၊ မောင်မြတ်ဇော်မော်တို့၏ချစ်လှစွာသောဖခင်သည် ၁၂-၁၀-၂၀၁၈ရက် (သောကြာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၈ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## မသဲသဲ(ခ)မဇင်မာအောင်

**(တပ်ကုန်း)**
**ဒါရိုက်တာ LET GLOBAL GREEN DEVELOPMENT CO.,Ltd.**
**အသက်(၃၉)နှစ်**

နေပြည်တော်၊တပ်ကုန်းမြို့၊ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၉၀နေ ဦးမြင့်အောင် (ဘဏ်၊ ငြိမ်း)-ဒေါ်သီသီအောင်(ထီးနှင့် ဖိနပ်ရောင်းဝယ်ရေး)တို့၏ သမီး၊ တောင်ကြီးမြို့နေ ဦးနိုင်ဝင်း(DKSH)-ဒေါ်ကေသီအောင် (FRD)တို့၏ ညီမ၊ ကိုနိုင်လင်းထွေး - မငြိမ်းဝေဝေအောင် (MRTV)၊ ကိုရဲနိုင်ထွန်း(Elite)-မခင်သူဇာအောင်(ထီးနှင့် ဖိနပ် ရောင်းဝယ်ရေး)တို့၏အစ်မသည် ၁၄-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် တပ်ကုန်းမြို့မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ကိုထက်ခိုင်

**အသက်(၃၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိကသီ ၁၇လမ်း၊ အမှတ် ၃၄၀/ခနေ (ဦးသန်းလှိုင်-ဒေါ်သောင်းရီ)၊(ဦးလှမြင့်-ဒေါ်စီ)တို့၏မြေး၊ ဦးသန်းနိုင်-ဒေါ်ဆွေဆွေဦးတို့၏သား၊ (ကိုသန်းထိုက်)၊ ဒေါက်တာမျိုးထိုက်(ညွှန်ကြားရေးမှူး၊လျှပ်စစ်စစ်ဆေးရေးဌာန၊စက်မှုဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်ခင်မိုးဆွေတို့၏တူ၊ မဝေမွန်ခိုင် (ခေတ္တ-စင်ကာပူ)၊ မရည်မွန်အောင်၊ မောင်စစ်ငြိမ်းအောင်တို့၏အစ်ကိုသည် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၈ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုကျော်ဇေယျ

**အသက်(၂၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၆ လမ်း၊ အမှတ် ၃၄ (ခြောက်လွှာ-A)နေ ဦးအောင်ကျော်နိုင်(ဒု-ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်အိအိစိန်တို့၏သား၊ ဘုန်းလျှံထွန်း၏အစ်ကိုသည် ၁၅-၁၀-၂၀၁၈ရက်နံနက် ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကောသိယ

**ပြည်နယ်သံဃနာယကအဖွဲ့၊ ရွှေကျင်ဥက္ကဋ္ဌ**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းရွာ၊ မဏ္ဍလာဓေယျကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသိယသည် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၅ရက်) ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၃း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၉ရက်) ၁၈-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇာ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးအဖွဲ့

## သတိရ အမျှပေးဝေခြင်း

ကျေးဇူးရှင် ဖခင်ဆရာကြီး ဦးဦးကျော်လှ(ရသေ့တောင်) ကွယ်လွန်သည်မှာ ၁၆-၁၀-၂၀၁၈ရက်(အင်္ဂါနေ့)(သီတင်းကျွတ်လဆန်း ၇ရက်)တွင် (၃)နှစ်ပြည့်ပြီးဖြစ်သော်လည်း အမြဲတမ်း အောက်မေ့သတိရလျက်ရှိပါသည်။ ဖခင်ကြီး ရောက်ရာဘုံဘဝတွင် ချမ်းသာစွာခံစားနိုင်ရန် ရည်စူးအဓိဋ္ဌာန်ဖြင့် ၁၇-၁၀-၂၀၁၈ရက် (၁၃၈၀ပြည့် သီတင်းကျွတ်လဆန်း ၈ရက်) (ဥပုသ်နေ့)တွင် ဘုရားအမှူးပြုသော သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်းနှင့် နဝကမ္မများ လှူဒါန်း ဆက်ကပ်ပါသည်။ ဖခင်ကြီး ရောက်ရာဘုံဘဝမှ တွေ့မြင်ကြားသိပြီး သာဓုခေါ်ဆိုကာ ပြုသမျှကုသိုလ်တို့ကို ရရှိခံစားနိုင်ရန် အဓိဋ္ဌာန်ပြု အမျှပေးဝေလှူဒါန်းပါသည်။ ရပ်နီးရပ်ဝေးမှ ဖခင်ကြီး၏ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များလည်း မုဒိတာပွားသာဓုခေါ်ဆိုနိုင်ကြပါစေ။

**ကျန်ရစ်သူ သားသမီးများ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ မြေ ဒါယိကာမကြီး**

## ဒေါ်ရွှေမြဦး (မောင်တော)

**အသက်(၈၉)နှစ်**

၈-၁၀-၂၀၁၈ရက်(တနင်္လာနေ့)တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဆေးရုံတက်ရောက်စဉ် စေတနာမေတ္တာအပြည့်ဖြင့် နေ့ညမရွေး ကူညီစောင့်ရှောက်ကုသပေးခဲ့သောပင်လုံဆေးရုံ ICUဌာနမှ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြုနှင့်ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ နာရေးတွင်လာရောက်မေးမြန်း နှစ်သိမ့်အားပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီကြသော မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များ၊ Aung Tharaphu Authorized Export & Import Management Agency,A-Crown Authorized Export & Import Management Agency,A Fact of Trust (AFT)Authorized Export & Import Management Agency များ၊ မောင်တောမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်များနှင့် အသင်းသူ/အသင်းသားများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းသူများ၊ မိခင်ကြီး၏နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## လင်အောင်လှိုင်(ခ)ဦးအောင်လှိုင်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၄၅၅နေ (ဒေါ်အုမ်ကွမ်နု)၏မြေး၊ (ဦးလင်ချိန်ကမ်း-ဒေါ်တန်ချင်)တို့၏သား၊ အန်ပွေတီ(ခ)ဒေါ်ပိုပို၏ခင်ပွန်း၊ ဦးမောင်မောင်ဦး-ဒေါ်ရင်ရင်၊ ဒေါက်တာမောင်မောင်မြင့်-ဒေါ်ခင်စန်းအေး၊ ဒေါက်တာမောင်မောင်ဝင်း-ဒေါ်စန်းစန်းမော်၊ ဦးမောင်မောင်ငွေး-ဒေါ်မြင့်မြင့်ခိုင်(အာကာဦး Co.,)၊ ဒေါ်စန်းစန်းငွေး-ဦးသိန်းတိုးတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၂-၁၀-၂၀၁၈ရက်(သောကြာနေ့) နံနက် ၉း၅၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ဖုကျန့်တရုတ်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၉၄(A)၊ ခုနစ်လွှာ၊ ၆လမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ လမ်းမတော်မြို့နယ်၊ ၆လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါက်တာခင်မောင်လွင်

**အသက်(၆၈)နှစ်**

မြင်းခြံမြို့နယ်နေ (ဦးအေးမောင်-ဒေါ်ခင်မြိုင်)တို့၏သား၊ မိုးကုတ်မြို့နယ်နေ (ဦးကံလှ-ဒေါ်စိန်ခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ခုနစ်မိုင်၊ တေးနုယဉ်လမ်း၊ အမှတ်(၂၆/က)နေ ဒေါ်ကြည်ကြည်အေး၏ခင်ပွန်း၊ ကိုဝေယံမင်းမောင်လွင်-မထွေးမမငယ်တို့၏ဖခင်၊ ဦးခင်မောင်အေး၊ ဦးအေးဘော်-ဒေါ်တင်တင်ဝင်း၊ ဦးခင်မောင်ဝင်း-(ဒေါ်ခင်နွယ်ဝင်း)တို့၏ညီ/မောင်၊ ဦးစောလှခင်-ဒေါ်ခင်မြမြဝင်း၊ (ဦးခင်မောင်ကျော်)-ဒေါ်ခင်ထွေးဇော်တို့၏အစ်ကိုသည် ၁၅-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၅-၁၀-၂၀၁၈ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအေးဟန် အသက်(၆၄)နှစ်

**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ သတ္တု(၂)**
**B.Sc, (Chem) Dip in Japanese**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ယွန်းသွယ်ကျေးရွာနေ (ဦးဘိုးအေး-ဒေါ်ကြီးမေ)တို့၏သား၊ (ဦးထွန်းမြင့်)-ဒေါ်လှငြိမ်း၊ ဦးပေါ်ကွယ်-(ဒေါ်လှမြင့်)၊ဒေါ်အုန်းကြွယ်တို့၏မောင်၊ ဦးထွန်းဦး-ဒေါ်မြတ်မြတ်သွင်တို့၏အစ်ကို၊ ကိုရန်နိုင်စိုး-မခင်လင်းလင်းဦး၊ (မအေးသီရိစိုး)၊ ကိုထိုက်သူစိုး-မလေးလေးနီ၊ ကိုဆန်းဟန်စိုး-မနန်းအိချောစင်၊ မအေးနန္ဒာထွန်း(Treasure Land Gems & Jewellery)၊ မနှင်းသဇင်ဦး(DKSH)တို့၏ဦးလေး၊မြေးငါးယောက်တို့၏အဘိုးသည် ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ယွန်းသွယ်ကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတဦးမြင့်ဆွေ (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတက်ရောက် မိမိတို့တာဝန်ယူရသည့် ကဏ္ဍများအလိုက် ဘက်စုံထောင့်စုံမှ စနစ်တကျအလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြား

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်နှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးဝင်းမော်ထွန်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❄




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် မျက်မမြင်လမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တော်ဝန်ဖလား (၂၇)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလ လမ်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်၍ လမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် ပါဝင်သည့် မျက်မမြင်များနှင့် အကူလမ်းလျှောက်သူများသည် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းမှ စတင်

*စာမျက်နှာ ၄ ကော်လံ ၁* ❒



နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပစဉ်။ ခတ်ပုံ-ဗလစိုး

# ထိုင်း၌ကျင်းပသည့် လူငယ်အလေးမပြိုင်ပွဲတွင် မြန်မာ ငွေနှစ်ခု၊ ကြေးတစ်ခု ထပ်မံရရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပသော 2[nd] EGAT King's Cup 2018 လူငယ် အလေးမပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက် ဒေသစံတော်ချိန် ယနေ့ညနေ ၄ နာရီက ကျင်းပခဲ့သော အမျိုးသား+၁၀၅ ကီလို အထက်တန်းအလေးမပြိုင်ပွဲတွင် စံချိန် ၃၁၁ ကီလိုဖြင့် ထိုင်းက ပထမ၊ မြန်မာမှ ရန်မျိုးကျော်က အမြန်မ စံချိန် ၁၃၀ ကီလိုဖြင့် ဒုတိယ ငွေတံဆိပ်တစ်ခု နှစ်ဆင့်မစံချိန် ၁၆၁ ကီလိုဖြင့် တတိယ ကြေးတံဆိပ်တစ်ခုနှင့် စုစုပေါင်း စံချိန် ၂၉၁ ကီလိုဖြင့် ငွေတံဆိပ်တို့ရရှိခဲ့ပြီး စုစုပေါင်း စံချိန် ၂၇၇ ကီလိုဖြင့် ထိုင်းက တတိယတို့ ရရှိခဲ့ကြသည်။

ယခု Junior တန်း မြန်မာလူငယ် အလေးမအားကစား အသင်းသည် အမျိုးသမီးနှစ်ဦး၊ အမျိုးသားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင် လေးဦးစလုံး ဆုတံဆိပ်များ ထိုက်ထိုက်တန်တန် ရယူပေးနိုင်ခဲ့ပြီး Junior Women ၄၈ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာမှ ဇင်မေဦးက အမြန်မတွင် ရွှေတံဆိပ်တစ်ခု၊ နှစ်ဆင့်မတွင် ရွှေတံဆိပ်တစ်ခုနှင့် စုစုပေါင်းစံချိန် ၁၇၅ ကီလိုတွင်

*စာမျက်နှာ ၁၄ ကော်လံ ၅* ❍

